အမျိုးသားဗုဒ္ဓဘာသာ

# ယဉ်ကျေးလိမ္မာ သင်ခန်းစာ




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ

ဓမ္မာစရိယ ဘီ-အေ



ဆွေသဟာစာပေ

# အမျိုးသား ဗုဒ္ဓဘာသာ

# ယဉ်ကျေးလိမ္မာသင်ခန်းစာ




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

**သျှင်သီရိ** (ဓမ္မာစရိယဘီ-အေ)

အမှတ် ၂၉၃၇၂
၂၄.၆.၁၅

ပုံနှိပ်ခြင်း - တတိယအကြိမ်
၂၀၁၅-မေလ
အုပ်ရေ (၃၀၀၀)

မျက်နှာဖုံးဒီဇိုင်း- ဂုဏ်လင်းကျော်

ထုတ်ဝေသူ - ဦးကိုကိုမြိုင် (၀၀၉၉၃)
'ဆွေသဟာ'စာပေ
စ၊၅၅၊သုနန္ဒာ(၃)လမ်း၊
မြောက်ဥက္ကလာပမြို့နယ်

ပုံနှိပ်သူ - ဒေါ်လှမူသိန်း
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
၂၄၊ဗဟိုလမ်း၊အလုံမြို့နယ်

တန်ဖိုး -

ဖြန့်ချိရေး - ဆွေသဟာစာပေ
၀၉၄၂၀၀၂၀၆၇၄၊၀၉၇၃၀၈၆၉၃၂
၀၉၂၅၀၃၇၆၅၀၀

၂၉၄.၃

သျှင်သီရိ၊ တက္ကသိုလ်
အမျိုးသား ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်ခန်းစာ/
တက္ကသိုလ်သျှင်သီရိ-ရန်ကုန်၊ ဆွေသဟာစာပေ၊ ၂၀၁၅။
၂၀၀-စာ၊ ၁၀ . ၅ × ၁၇ . ၅ စင်တီ။
(၁)အမျိုးသား ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်ခန်းစာ။

ဦးအောင်ကျော်သူ + ဒေါ်ခင်သူဇာ

"ဆွေသဟာ"

စာပေဖြန့်ချိရေး

အမှတ်(၅၅)၊ (စ)ရပ်ကွက်၊ သုနန္ဒာ(၃)လမ်း

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

- ၀၉၇၃၀၈၆၉၃၂

- ၀၉၄၂၁၀၂၀၆၇၄

- ၀၉၂၅၀၃၇၆၅၀၀

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က |
| | **အခန်း (၁)** | |
| ၂။ | **ဗုဒ္ဓဝင်အကြောင်း သိကောင်းစရာများ** | |
| | - ဗုဒ္ဓဝင်အကျဉ်း | ၁ |
| | - လယ်တီဆရာတော်ဘုရားကြီး၏ဗုဒ္ဓဝင်ပျို့ | ၈ |
| | - ဗုဒ္ဓဝင်ဆိုင်ရာသိမှတ်ဖွယ်များ | ၁၀ |
| | - အလယ်အလတ်ကျင့်စဉ်မှန်တရား(၈)ပါး | ၁၆ |
| | - သိဒ္ဓတ္ထမင်းသား၏ အိမ်မက် | ၁၇ |
| | - ဗုဒ္ဓရောင်ခြည်တော်ခြောက်သွယ် | ၁၇ |
| | - ဘုရားရှင်တို့ မစွန့်အပ်သော အရပ်လေးပါး | ၁၈ |
| | - ဘုရားရှင်၏ အောင်ခြင်းရှစ်ပါး | ၁၈ |
| | - ဘုရားရှင်၏ (၄၅)နှစ် ဝါဆိုရာဌာနများ | ၁၉ |
| | **အခန်း (၂)** | |
| ၃။ | **ဗုဒ္ဓဝန္ဒနာ ဗုဂ်တော်အဖြာဖြာ** | |
| | - စိန်ရောင်ခြည်ဘုရားပင့် | ၂၀ |
| | - အနန္တငါးပါးဘုရားရှိခိုး | ၂၃ |
| | - ဆွမ်းတော်ကပ် | ၂၄ |

- ဆီမီးကပ် ၂၅
- ပန်းတော်ကပ် ၂၆
- စေတီ(၄)မျိုး ၂၇
- ခဲဖွယ်ဘောဇဉ် ၂၇
- လှူဘွယ်အမျိုးမျိုး အကျိုးအနန္တ ၂၈
- ဘုရားရှိခိုးပဏာမ ၃၁
- ဒုစရိုက်ဆယ်ပါး အပြားလေးဆယ် ၃၄
- လောဘ၊ ဒေါသ၊ မောဟနှင့် ဒုစရိုက်တရား ၃၄
- သက်တမ်းနှင့် ဒုစရိုက်များ ပေါ်လာပုံ ၃၅
- သုစရိုက်မှ ဒါန၊ သီလ၊ ဘာဝနာ ဖြစ်နိုင်ပုံ ၃၇
- ကုသိုလ် သုစရိုက်တရားတို့ဖြစ်ရာ
ပုညကြိယာဝတ္ထုဆယ်ပါး ၃၇
- သုစရိုက်ဆယ်ပါး ၃၈
- ရတနာသုံးပါး ၄၀
- ရတနာသုံးပါး အမြတ်ရတနာခေါ်ပုံ ၄၀
- ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့
အတုမရှိမြတ်ပုံ ၄၁
- လောကီရတနာနှင့် လောကုတ္တရာ ရတနာများ ၄၂
- ဘုရား(၃)မျိုး ၄၃
- ဘုရား(၄)မျိုး ၄၃
- ဘုရားဂုဏ်တော်ကိုးပါး ၄၃
- ဘုရားဂုဏ်တော် ပွားများခြင်းအကျိုး ၄၅
- ဗုဒ္ဓဂုဏ်တော်ဆိုင်ရာ သိမှတ်ဖွယ်များ ၄၅

# အခန်း (၃)

## ၄။ ကြီးပွားချမ်းသာ မြတ်မင်္ဂလာ


- မင်္ဂလာ ဟောလာဟလ ၉၃
- မင်္ဂလာတရား ခွဲခြားထားပုံ ၉၆
- သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကဗျာများ ၉၉

၁။ အသေဝနာစ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၀၆

၂။ ပဏ္ဍိတာနဉ္စသေဝနာ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၀၈

၃။ ပူဇာစပူဇနေယျာနံ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၁၀

၄။ ပတိရူပဒေသဝါသောစ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၁၁

၅။ ပုဗ္ဗေစကတပုညတာ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၁၃

၆။ အတ္တသမ္မာပဏိဓိ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၁၅

၇။ ဗာဟုသစ္စဉ္စ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၁၅

၈။ သိပ္ပဉ္စ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၁၆

၉။ ဝိနယောစ သုသိက္ခိတော မင်္ဂလာ မှတ်ဖွယ်ရာများ ၁၁၈

၁၀။ သုဘာသိတာစ ယာဝါစာ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၁၈

၁၁။ မာတာပိတုဥပဋ္ဌာနံ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၂၂

၁၂။ ပုတ္တဒါရဿ သင်္ဂဟော မင်္ဂလာ မှတ်ဖွယ်ရာများ ၁၂၉

၁၃။ အနာကုလာစကမ္မန္တာ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၃၃

၁၄။ ဒါနဉ္စ မင်္ဂလာ မှတ်ဖွယ်ရာများ ၁၃၄

၁၅။ ဓမ္မစရိယာစ မင်္ဂလာ သိမှတ်ဖွယ်ရာများ ၁၃၅

၁၆။ ဉာတကာနဉ္စ သင်္ဂဟော မင်္ဂလာ သိမှတ်ဖွယ်ရာများ ၁၃၆

၁၇။ အနဝဇ္ဇာနိကမ္မာနိ မင်္ဂလာ သိမှတ်ဖွယ်ရာများ ၁၄၇
၁၈။ အာရတီပါပါ မင်္ဂလာ သိမှတ်စရာများ ၁၄၈
၁၉။ ဝိရတီပါပါ မင်္ဂလာ သိမှတ်စရာများ ၁၄၉
၂၀။ မဇ္ဇပါနစသံယမော မင်္ဂလာ သိမှတ်စရာများ ၁၅၀
၂၁။ အပ္ပမာဒေါစဓမ္မေသု မင်္ဂလာ သိမှတ်စရာများ ၁၅၂
၂၂။ ဂါရဝေါစ မင်္ဂလာ သိမှတ်စရာများ ၁၅၃
၂၃။ နိဝါတောစ မင်္ဂလာ သိမှတ်စရာများ ၁၅၄
၂၄။ သန္တုဋ္ဌီစ မင်္ဂလာ သိမှတ်စရာများ ၁၅၆
၂၅။ ကတညုတာ မင်္ဂလာ သိမှတ်စရာများ ၁၅၈
၂၆။ ကာလေနဓမ္မဿဝနံ မင်္ဂလာ သိမှတ်စရာများ ၁၆၀
၂၇။ ခန္တီစ မင်္ဂလာ သိမှတ်စရာများ ၁၆၁
၂၈။ သောဝစဿတာ မင်္ဂလာ သိမှတ်စရာများ ၁၆၃
၂၉။ သမဏာနဉ္စဒဿနံ မင်္ဂလာ သိမှတ်စရာများ ၁၆၃
၃၀။ ကာလေနဓမ္မသာကစ္ဆာ မင်္ဂလာ သိမှတ်စရာများ ၁၆၄
၃၁။ တပေါစ မင်္ဂလာ သိမှတ်စရာများ ၁၆၅
၃၂။ ဗြဟ္မစရိယဉ္စ မင်္ဂလာ သိမှတ်စရာများ ၁၆၅
၃၃။ အရိယသစ္စဒဿနံ မင်္ဂလာ သိမှတ်စရာများ ၁၆၇
၃၄။ နိဗ္ဗာနသစ္ဆိကိရိယာစ မင်္ဂလာ သိမှတ်စရာများ ၁၆၈
၃၅။ ဖုဋ္ဌဿလောကဓမ္မေဟိ မင်္ဂလာ သိမှတ်စရာများ ၁၆၉
၃၆။ အသောကံ မင်္ဂလာ သိမှတ်စရာများ ၁၆၉
၃၇။ ဝိရဇံ မင်္ဂလာ သိမှတ်စရာများ ၁၇၀
၃၈။ ခေမံ မင်္ဂလာ သိမှတ်စရာများ ၁၇၁

# အခန်း (၅)

၅။ **ထိဝိါလဲထုတ်လာ လူ့ရှုထျဉ့်ရာအဖြာဖြာ**


| | |
|---|---|
| - လေးမြတ်ပြုအပ် ခြောက်ရပ်မျက်နှာ | ၁၇၂ |
| - ဆရာကျင့်ဝတ် (၅)ပါး | ၁၇၂ |
| - တပည့်ကျင့်ဝတ် (၅)ပါး | ၁၇၃ |
| - မိဘကျင့်ဝတ် | ၁၇၃ |
| - သားသမီးကျင့်ဝတ် | ၁၇၃ |
| - လင်ကျင့်ဝတ် | ၁၇၃ |
| - မယားကျင့်ဝတ် | ၁၇၃ |
| - အလုပ်ရှင်ကျင့်ဝတ် | ၁၇၄ |
| - အလုပ်သမားကျင့်ဝတ် | ၁၇၄ |
| - မိတ်ဆွေကျင့်ဝတ် | ၁၇၄ |
| - ဒါယကာကျင့်ဝတ် | ၁၇၄ |
| - ရဟန်းကျင့်ဝတ် | ၁၇၄ |
| - ဥစ္စာပျက်ကြောင်း | ၁၇၅ |
| - အရက်သောက်ခြင်းအပြစ် | ၁၇၅ |
| - အချိန်မဲ့သွားလာခြင်းအပြစ် | ၁၇၅ |
| - ပွဲသဘင်သွားခြင်းအပြစ် | ၁၇၅ |
| - လောင်းကစားခြင်းအပြစ် | ၁၇၆ |
| - ပျင်းရိခြင်းအပြစ် | ၁၇၆ |
| - မပေါင်းအပ်သောအပေါင်းအသင်း | ၁၇၆ |
| - အဂတိတရားလေးပါး | ၁၇၇ |
| - မပေါင်းအပ်သော မိတ်ဆွေတု (၄)ယောက် | ၁၇၇ |

- အယူသာရှိ - အပေးမရှိ မိတ်ဆွေတုအင်္ဂါ ၁၇၇
- နှုတ်သာချို - လက်မပါသော မိတ်ဆွေတုအင်္ဂါ ၁၇၈
- ရှေ့တွင်သာ အကောင်းပြောတတ်သော
  မိတ်ဆွေတု အင်္ဂါ(၄)ပါး ၁၇၈
- ယုတ်မာမှုတွင် အဖော်ညှိသော မိတ်ဆွေတုအင်္ဂါ ၁၇၈
- မိတ်ကောင်း မိတ်စစ် (၄)ယောက် ၁၇၈
- မိမိအားကျေးဇူးပြုသော မိတ်ဆွေစစ်အင်္ဂါ ၁၇၉
- ချမ်းသာတူ ဆင်းရဲတူ မိတ်ဆွေစစ်အင်္ဂါ ၁၇၉
- ဆရာနှင့်တူသော မိတ်ဆွေစစ်အင်္ဂါ ၁၇၉
- ညှာညှာတာတာ စောင့်ရှောက်တတ်သူ
  မိတ်ဆွေစစ်အင်္ဂါ(၄)ပါး ၁၇၉
- အကြီးအကဲ နာယကကျင့်ဝတ် (၆)ပါး ၁၈၀
- အကြီးအကဲမထိုက် (အနာယက) (၆)ပါး ၁၈၀
- အသင်းအဖွဲ့ပျက်စီးကြောင်းတရား (၆)ပါး ၁၈၀
- ပြဿနာဖြေရှင်းနည်း (၅)မျိုး ၁၈၁
- စကြံသွား(လမ်းလျှောက်)အကျိုး (၅)ပါး ၁၈၁
- လောကပါလတရား (၂)ပါး ၁၈၁
- ဖြုတ်စိုက်တရား (၄)ပါး ၁၈၂
- သုမနရ(လူ့ကျင့်ဝတ်)တရားလေးပါး ၁၈၂
- လူ့အဆင့်အတန်း ကွာခြားရခြင်းအကြောင်းများ ၁၈၂
- သတ္တဝါတို့အားကိုးရာ ၁၈၃
- စကားကြီး (၁၀)ခွန်း ၁၈၄
- နောင်တ (၁၀)မျိုး ၁၈၅

-မျက်မှောက်လောက ကြီးပွားကြောင်း
တရား (၄)ပါး ၁၈၅
-မျက်မှောက်လောကစည်းစိမ် ပျက်ကြောင်း
တရား (၄)ပါး ၁၈၅
-ကမလွန် လောကချမ်းသာကြောင်း
တရား (၄)ပါး ၁၈၆
-အရှင်ဇနကာဘိဝံသ၏
သူမြတ်ဂုဏ်စဉ် (၁၀)ပါး ၁၈၆

## အခန်း (၅)

## ၆။ စီးပွားတိုးဖွယ်–ဉာဏ်ပြွယ် ရန်ဝယ်–မြတ်ဂါထာ

ဗုဒ္ဓဂုဏ်ဂါထာမြတ်ဂါထာများ ၁၈၇
ဂုဏ်တော်ဂါထာရွတ်သူ အင်္ဂါ(၆)ပါး ၁၈၈
- သမ္ဗုဒ္ဓမင်္ဂလာဂါထာ ၁၈၉
- စိန္တာမဏိဂါထာ ၁၉၀
- အချုပ်အနှောင်လွတ်ဂါထာ ၁၉၁
- အန္တရာယ်ကင်း သမ္ဗုဒ္ဓေဂါထာ ၁၉၂
- သက်တော်မြဲဂါထာ ၁၉၄
- ဥပဒ္ဒဝေဒကနှင့် လူမှုဒုက္ခလွတ်ဂါထာ ၁၉၅
- ကိုယ်ပျောက်ဂါထာ ၁၉၅
- ရတနာပြည့်စုံ မြတ်သရဏဂုံဂါထာ ၁၉၅
- သဗ္ဗသိဒ္ဓိ ဂုဏ်တော်ကွန်ချာဂါထာ ၁၉၅

# အခန်း (၆)

## ၇။ ယဉ်ကျေးလိမ္မာဆုံးမစာ


- အနန္တောအနန္တငါးပါး ၁၉၉
- ပညာရေး ၁၉၉
- အစားအသောက် ၂၀၀
- နေထိုင်ရေး ၂၀၁


# အခန်း (၇)

## ၈။ မေတ္တာပို့ရာအဖြာဖြာ


- မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်လာ မေတ္တာပို့နည်း (၁၁)နည်း ၂၀၃
- ရိုးရိုးမေတ္တာပို့နည်း ၂၀၅
- တစ်နည်းမေတ္တာပို့နည်း ၂၀၆
- ၅၂၈ မေတ္တာ ၂၀၈
- ပုဂ္ဂိုလ် (၁၂)ဦး ၂၀၈
- ဟောန္တမေတ္တာ (၄)ပါး ၂၀၉
- မေတ္တာအကျိုး (၁၁)ပါး ၂၀၉
- အမျှဝေစာတမ်း ၂၁၀

# နိဒါန်း

ကလေးအရွယ်လိမ္မာနင့်ပါမှ၊ ကြီးရင့်ကလိမ္မာမည်။ မလိမ္မာ ပြည်ထောင်စုကြလျှင်၊ ကောင်းမှုမတည်။ ကလေးတို့နေပြည်၊ တည်နေဖို့စိတ်ဓာ၊ နံနက်မင်္ဂလာနှင့် နေ့မကွာညဥ့်ပါ သုံးလို့ရယ် ပြုံးကြစေသော။"

အရှင်ဇနကာဘိဝံသ

"အသက်ရှည်ရာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌၊ တည်စေမင်း။"

လောကသာရပျို့

"ပညာရှိထံ၊ ရိုကျိုးနွံ၍၊ နည်းခံသင်မှ၊ ပညာရ၏။ ထကြွ ဝီရိယ၊ ဥဿာနဖြင့်၊ လုံ့လရှိမှ၊ ဥစ္စာရ၏။ မခွန့်တတ်လျှာ၊ မှန်ကန်စွာလျှင်၊ သစ္စာတည်မှ၊ ကျော်စောရ၏။
ကိုယ်ကံဥစ္စာ၊ စွန့်လွှတ်ကာလျှင်၊ မေတ္တာရှေး၍၊ ပေးကမ်းတတ်မှ၊ မိတ်ဆွေရ၏"

မာဃဒေဝ-၃၂၇

မြန်မာနိုင်ငံဝယ် အစဉ်အဆက်သော ဆရာတော်၊ သံဃာတော်ကြီးများသည် နိုင်ငံနှင့်လူမျိုး တိုးတက်စည်ပင် သာယာဝပြောရေးအတွက် အထက်ပါအတိုင်းပင် လမ်းညွှန် သွန်သင်ပြ၍ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့ကို ယဉ်ကျေးလိမ္မာ တိုးတက်သာယာစေခဲ့ပါသည်။

ယခုခေတ်အချိန်တွင်လည်း မြန်မာနိုင်ငံတစ်ဝှမ်း၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ လမ်းညွှန်ချက်အရ နိုင်ငံနှင့်လူမျိုး၏ မျိုးနွယ်ဆက် လူငယ်လူရွယ်များ၊ အမျိုးဘာသာသာသနာနှင့် လောကလူမှုရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ စီးပွားရေးရာ၊ ပညာရေးရာတို့၌ တတ်သိလိမ္မာသော လူငယ်များ ပေါ်ထွန်းရေးကို ရှေးရှုပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန် လမ်းညွှန်ချမှတ်ခဲ့ပေသည်။ ထိုလမ်းညွှန်ချက်အရ ယနေ့ မြန်မာနိုင်ငံအဝှမ်းဝယ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ စာမေးပွဲများ ဆင်ယင်ကျင်းပနေသည်မှာ ဝမ်းမြောက်အားတက်ဖွယ်ရာ ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာများသည် အများအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ယနေ့ အခြေအနေသည် ဗုဒ္ဓဘာသာဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်ချင်း မတူညီမှု အခြေအနေများ ရှိနေပါသည်၊

- တစ်ချို့က မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ
- အချို့က ဗုဒ္ဓ၏ အဆုံးအမကို အတိအကျ လိုက်နာကျင့်သုံးသော ဗုဒ္ဓဘာသာဝင်စစ်စစ်များ

စသည်ဖြင့် ကွဲပြားခြားနားနေပါသည်။

- မိရိုးဖလာဗုဒ္ဓဘာသာဝင်ဟူသည် မိဘ ဘိုးဘွား ဗုဒ္ဓဘာသာဝင်ဖြစ်ကြသည်မို့၊ ဗုဒ္ဓဘာသာဝင် ခေါ်ဆိုရုံမျှသာရှိသည်၊ ဗုဒ္ဓ၏အဆုံးအမ၊ ဗုဒ္ဓ၏တရားလမ်းစဉ်ကို မသိကြ၊ ဗုဒ္ဓ၏အဆုံးအမကိုလည်း လိုက်နာကျင့်သုံးခြင်း မရှိကြဘဲ အမည်ခံရုံမျှသာရှိသည်။

ဗုဒ္ဓအဆုံးအမကို လိုက်နာကျင့်သုံးသော ဗုဒ္ဓဘာသာဝင် စစ်စစ်ဟူသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သိရှိသူ၊ ဆည်းကပ်သူ၊ လိုက်နာကျင့်သုံးသူ၊ သုစရိုက် ကောင်းကျိုး၊ ဒုစရိုက် မကောင်းကျိုးတို့ကို သိရှိသူ စသည်တို့ ဖြစ်ကြပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် လိုက်နာကျင့်သုံးပြီး လေးစားလိုက်နာနေသော မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတို့ကို အခြေခံသော ယဉ်ကျေးမှုများပင် ဖြစ်ပါသည်။

ယဉ်ကျေးမှုဆိုသည်မှာ လူမျိုးတစ်မျိုး၏ မျိုးရိုး ဂုဏ်သိက္ခာ မပျောက်ပျက်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရ

သော အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါသည်။ လူမျိုး၏ ယဉ်ကျေးမှု ပျောက်လျှင် လူမျိုးပါ ပျောက်ကွယ်တတ်ပါသည်။

ယနေ့ခေတ် လူငယ်များသည် မိမိတို့၏ အမျိုးသားရိုးရာ ယဉ်ကျေးမှုများကို အထင်မကြီး၍ လေးစားရိုသေမှု အားနည်းနေကြသည်။ ယဉ်ကျေးမှုကို လေးစားခြင်းမရှိသည့်အတွက် လူမျိုး၏ ယဉ်ကျေးမှု အခြေခံဖြစ်ပေါ်ရာ ဗုဒ္ဓဘာသာတရားအပေါ်တွင်လည်း ရိုသေကိုင်းညွတ်မှု နည်းပါးလာရပါသည်။ မိမိတို့ ရိုးရာယဉ်ကျေးမှုအတိုင်း ဝတ်စားဆင်ယင် ပြောဆိုနေထိုင်ဆက်ဆံမှုကို ခေတ်နောက်ကျသည်၊ ရိုးလွန်းသည်ဟု ယနေ့ လူငယ်လူရွယ်၊ လူကြီးအချို့က ထင်မြင်နေကြသည်။ ဤသည်မှာ မိမိတို့၏ အမျိုးဘာသာနှင့် အမျိုးသားယဉ်ကျေးမှုဂုဏ် ပျက်စီးစေနိုင်သော အခြေခံအကြောင်းရင်းတစ်ခု ဖြစ်လာပါသည်။

ယနေ့ခေတ် လူငယ် လူရွယ်များ အမျိုးဘာသာယဉ်ကျေးမှုတို့၌ ရိုသေကိုင်းညွတ်လာစေရန် အမျိုးဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်ပြီး ပြောဆိုနေထိုင် ဆက်ဆံလာတတ်စေရန် ပြုပြင်ပေးရသည်မှာ ယနေ့ခေတ် မိဘများ၊ ဆရာသမားများနှင့် ဘာသာရေးခေါင်းဆောင်ဆရာတော် သံဃာတော်များ၏ တာဝန်ဖြစ်နေပါသည်။

မိဘတို့သည် သားသမီးတို့၏ လက်ဦးဆရာများ ဖြစ်ကြသည့်အားလျော်စွာ သားသမီးတို့အား ဗုဒ္ဓဘာသာ ခြေခံတရားများလည်းဖြစ်၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာလည်းဖြစ်သော ရတနာသုံးပါး၊ မိဘ ဆရာသမားများ၏ ဂုဏ်ကျေးဇူး၊ သက်ကြီး၊ ဝါကြီးတို့၏ ဂုဏ်ကျေးဇူး စသည်တို့ကို သိရှိနားလည်ကာ ထို

ပုဂ္ဂိုလ်များအပေါ်၌ ရှိသေကိုင်းညွတ် ဆက်ဆံလာတတ်စေရန် သင်ကြားပေးရပါမည်။

ဘုရားရှင်၏ အဆုံးအမ အနှစ်သာရဖြစ်သော-

- မကောင်းသောအမှုကို မပြုခြင်း
- ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း
- မိမိစိတ်ကို ဖြူစင်စေခြင်း

ဟူသော ကာယကံအပြစ်၊ ဝစီကံအပြစ်၊ မနောကံအပြစ်များ ကင်းစင်အောင် သွန်သင်ဆုံးမပေးကြရပါမည်။

အစကောင်းမှ အနှောင်းသေချာဆိုသည့်အတိုင်း ငယ်ရွယ်စဉ်ကတည်းက သွန်သင်ဆုံးမထားမှ ကြီးလာလျှင် အလိုလိုယဉ်ကျေးသိမ်မွေ့သော ဘာသာတရားများ၊ ယဉ်ကျေးမှုတရားတို့ကို လေးစားလိုက်နာသော လူတော် လူကောင်းများ ပေါ်လာပါမည်။ ငယ်ရွယ်စဉ်ကတည်းက မသင်ကြား မဆုံးမထားပါလျှင် ပညတ်သွားရာ ဓာတ်သက်ပါဆိုသကဲ့သို့ ဗုဒ္ဓယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှုတို့နှင့် မညီညွတ်သောစရိုက်လက္ခဏာများ ငယ်ရာမှကြီးရာသို့ ပါသွားတတ်ပြီး အမျိုးဘာသာယဉ်ကျေးမှုများ ပျက်ပြားကာ တစ်မျိုးသားလုံး ဘာသာတရားပျောက်၊ လူမျိုးပျောက်ဘဝသို့ ဆိုက်ရောက်သွားပေလိမ့်မည်။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု၏ အခြေခံဖြစ်သော ဗုဒ္ဓဝါဒ အခြေခံ ဘာသာတရားများကို အမျိုးကောင်းသား လူငယ်လူရွယ်များ လွယ်လင့်တကူ သိရှိနားလည် သဘောပေါက်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများ၏ လမ်းညွှန်ချက်အရ ကျင်းပပေးသော ဗုဒ္ဓဘာသာ

ယဉ်ကျေးမှုသင်တန်းများအတွက် လွယ်လင့်တကူ အထောက်အကူ ပြုစေရေးအတွက်လည်းကောင်း၊ အမျိုးဘာသာ သာသနာအပေါ်၌ ဖခင်ကြီး ဆန်းညွန့်ဦး၊ ဦးလှခင် လက်ထက်ကတည်းက အစဉ်တစိုက် ကြိုးစားဆောင်ရွက်ခဲ့သော ဒေါ်ခင်ခင်ဦး(ဆန်းဦးညွန့်)၏ မေတ္တာရပ်ခံချက်အရ စာအုပ်ကို ရေးသားပြုစုရလေသတည်း

ဤစာအုပ်ကို အသစ်တစ်ဖန် ပြန်လည်ထုတ်ဝေသော "ဆွေသဟာ" စာပေမှ ဦးအောင်ကျော်သူ + ဒေါ်ခင်သူဇာ တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

"သူတော်ကောင်းဓာတ်၊ တရားမြတ်၊ လွှမ်းရပ် ကမ္ဘာ တည်ပါစေသော်"

ဦးကိုကိုမြင့်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း၊
စ/ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၉၆၉၀၃၂၄
၀၉၄၂၁၀၁၆၈၇၈

မဟာသဒ္ဓမ္မဇောတိကဓဇ
ဟတ္တသိုလ်သျှင်သီရိ
(ဓမ္မာစရိယ-ဘီအေ)

# အခန်း (၁)

## ဗုဒ္ဓဝင်အကြောင်း – သိကောင်းစရာများ

### ဗုဒ္ဓဝင်အကျဉ်း

| | |
|---|---|
| ၁။ ဗျာဒိတ်ခံယူသောဘဝ | သုမေဓာရှင်ရသေ့ |
| ၂။ ဗျာဒိတ်ခံယူသောနေ့ | ကဆုန်လပြည့်နေ့ |
| ၃။ ဗျာဒိတ်ပေးသောဘုရား | ဒီပင်္ကရာဘုရား |
| ၄။ ပါရမီဖြည့်ဖက် | သုမိတ္တာအမျိုးသမီး (ယသော်ဓရာအလောင်း) |
| ၅။ ပါရမီဖြည့်ရကာလ | လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း (သုမေဓာဘဝမှဝေဿန္တရာအထိ) |
| ၆။ ပါရမီဖြည့်ရခြင်း ရည်ရွယ်ချက် | သတ္တဝါများအကျိုး ဆောင်ရွက်ရန် |
| ၇။ နောက်ဆုံးစံခဲ့သော နတ်ပြည် | တုသိတာနတ်ပြည် |

| | |
|---|---|
| ၈၊ နတ်သားအမည် | သေတကေတုမည်သော နတ်သား |
| ၉၊ ဘုရားဖြစ်ရန် တောင်းပန်သူ | နတ်ဗြဟ္မာများ |
| ၁၀၊ ကြည့်ခြင်းငါးပါး | ကာလလူတို့သက်တမ်း၊ ဘုရားဖြစ်ရာအခါ ဘုရားပွင့်ရာ ကျွန်းဒီပါ ဘုရားပွင့်ရာဒေသ၊ အမိ၏အသက် အပိုင်းအခြား၊ မျိုးနွယ်ဇာတိ |
| ၁၁၊ မယ်တော်အိပ်မက် | ဆင်ဖြူတော် ဝင်သည်ဟု အိပ်မက် |
| ၁၂၊ သန္ဓေယူသောနေ့ | မဟာသက္ကရာဇ် ၆၇ - ခုနှစ် ဝါဆိုလပြည့်နေ့ |
| ၁၃၊ မိဘအမည် | သုဒ္ဓေါဒနမင်းနှင့် မာယာဒေဝီ မိဖုရား |
| ၁၄၊ နေပြည်တော် | ကပိလဝတ်ပြည် (သက္ကတိုင်း) |
| ၁၅၊ ဖွားသောနေ့ | မဟာသက္ကရာဇ် ၆၈ - ခုနှစ် ကဆုန်လပြည့်၊ သောကြာနေ့ |
| ၁၆၊ မွေးဖွားရာဌာန | လုမ္ဗိနီဥယျာဉ် (ကပိလဝတ် နှင့် ဒေဝဒဟကြား) |
| ၁၇၊ ဖွားစ စကား | အဂ္ဂေါဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ၊ |
| ၁၈၊ ဘုရားဖြစ်မည်ဟု ဟောသောပုဏ္ဏား | ကောဏ္ဍညပုဏ္ဏား |

၁၉။ မိထွေးအမည် ဂေါတမီ
၂၀။ လှူအမည် သိဒ္ဓတ္ထ
၂၁။ ဖွားဖက်တော်များ ယသော်ဓရာ၊ အာနန္ဒမင်းသား၊ ဆန္နအမတ်၊ ကာဠုဒါယီအမတ်၊ ကဏ္ဍကမြင်း၊ ဗောဓိပင်၊ ရွှေအိုးကြီး လေးလုံး
၂၂။ ဘုရားလောင်းမြင်၍ ငိုရယ်သောရသေ့ ကာဠဒေဝိလရသေ့
၂၃။ ကြင်ယာတော် ယသော်ဓရာ(ဘဒ္ဒကစ္စနာ)
၂၄။ ဘုရားလောင်းပြသော အတတ်ပညာ လေးအတတ်ပညာ
၂၅။ စံနေသောနန်းပြာသာဒ် ဘုံငါးဆင့်ရှိရမ္မပြာသာဒ် (နွေရာသီစံ)၊ ဘုံခုနစ်ဆင့်ရှိသော ရမ္မပြာသာဒ် (ဆောင်းရာသီစံ)၊ ဘုံကိုးဆင့်ရှိ သုဘပြာသာဒ် (မိုးရာသီစံ)
၂၆။ ရင်သွေးတော် ရာဟုလာ
၂၇။ နန်းစံသောနှစ် ၁၃ - နှစ်(၁၆ - နှစ် မှ ၂၉ - နှစ် အထိ)
၂၈။ မြင်သောနိမိတ်ကြီးများ သူအို၊ သူနာ၊ သူသေ၊ ရဟန်း
၂၉။ တောထွက်သောအသက် ၂၉ - နှစ်
၃၀။ တောထွက်သောနေ့ မဟာသက္ကရာဇ် ၉၇ - ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့

| | |
|---|---|
| ၃၀။ ပေါ်ထွက်ချိန်ပါသူ | ကဏ္ဍကမြင်းမြီးဆွဲ မောင်ဆန် |
| ၃၁။ ဖြတ်ကူးသောမြစ် | အနော်မာမြစ် |
| ၃၂။ ပယ်စွန့်သောအရာ | ဆံတော်နှင့် ဝတ်စုံများ |
| ၃၃။ ဆံတော်ကိုစေတီတည်ရာ | တာဝတိံသာနတ်ပြည်၊ စူဠာမဏိစေတီ |
| ၃၄။ ဝတ်စုံစေတီ | ဗြဟ္မာပြည်၊ ဒုဿစေတီ |
| ၃၅။ သင်္ကန်းပရိက္ခရာပေးသူ | ဃဋီကာရဗြဟ္မာ |
| ၃၆။ ဒုက္ကရစရိယာကျင့်ရာနေရာ | ဥရုဝေဠတော |
| ၃၇။ ဒုက္ကရစရိယာကျင့်ရသောနှစ် | ၆-နှစ်၊ (၉၇ မှ ၁၀၃-ခု ထိ) |
| ၃၈။ ဘုရားဖြစ်သောနေ့ | မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ |
| ၃၉။ ဘုရားဖြစ်ချိန်သက်တော် | ၃၅-နှစ် |
| ၄၀။ ဘုရားပွင့်ချိန် လူ့သက်တမ်း | ၁၀၀-တန်း |
| ၄၁။ ဒုက္ကရစရိယကျင့်ချိန် အလုပ်အကျွေး | ပဉ္စဝဂ္ဂီ (၅)ဦး |
| ၄၂။ ဂဏာနို့ဆွမ်းကပ်လှူသူ | သုဇာတာ အမျိုးသမီး (သေနနိဂုံးရွာ) |
| ၄၃။ ရွှေခွက်မျောသောမြစ် | နေရဥ္စရာမြစ် |
| ၄၄။ ရွှေခွက်သိမ်းသူ | ကာလနဂါး |
| ၄၅။ မြက်ရစ်ဆုပ်လှူသူ | သောတ္ထိယ မြက်ထမ်းသမား |
| ၄၆။ ဘုရားဖြစ်သောနေ့ | မဟာသက္ကရာဇ် (၁၀၃)ခု ကဆုန်လပြည့်နေ့ |

| | |
|---|---|
| ၄၈။ ဘုရားအောင်မြင်သော အရာ | ဗောဓိပင်နှင့်ရွှေပလ္လင် |
| ၄၉။ ရွှေပလ္လင်လာလှူသူ | ပရနိမ္မိတဝသဝတ္တီဘုံနေ မာရ်နတ်မင်း |
| ၅၀။ ဘုရားကာကိမှ သက်သေပြုသူ | ဝသုန္ဒြေမြေစောင့်နတ်သား |
| ၅၁။ ဘုရားလာ ဖြားယောင်းသောနတ်သမီးများ | တဏှာ၊ အာရတိ၊ ရာဂါ |
| ၅၂။ ဘုရားဦးစွာရသော ဉာဏ်များ | ပထမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ် ဒုတိယယာမ်၌ ဒိဗ္ဗစက္ခုဉာဏ် ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ် |
| ၅၃။ ဘုရားရှင်၏ ပထမဗုဒ္ဓဝစန | အနေကဇာတိသံသာရံ စသော စကား |
| ၅၄။ ခုနစ်ရက် ခုနစ်လီ | ပလ္လင်္ကသတ္တာဟ၊ အနိမိသ သတ္တာဟ၊ ရတနစင်္ကမ သတ္တာဟ၊ အဇပါလသတ္တာဟ၊ မုစလိန္ဒ သတ္တာဟ၊ ရာဇာယတနသတ္တာဟ၊ ရတနဃရသတ္တာဟ |
| ၅၅။ မာရ်နတ်သမီးများ လာ ဖြားယောင်းသောသတ္တာဟ | အဇပါလသတ္တာဟ |
| ၅၆။ သုတ်၊ ဝိနည်း အဘိဓမ္မာ ဆင်ခြင်သောသတ္တာဟ | ရတနဃရသတ္တာဟ |

| | |
|---|---|
| ၅၇။ ကာဖုသ၊ ဘလ္လိက | လင်းလွန်းပင်သတ္တဟ ဆံတော်ပေးသောသတ္တဟ |
| ၅၈။ ဘုရားရှင် တရားဟောရန် တောင်းပန်သူ | သဟမ္ပတိဗြဟ္မာ |
| ၅၉။ ဘုရားရှင် တောဓိပင်ကြွ လမ်းမှာ ပထမဆုံးတွေ့သူ | ဥပကဟတ္ထတွန်း (ဆာပါယောက်ျား) |
| ၆၀။ ဓမ္မစကြာပဟာသောဓနေရာ | မိဂဒါဝုန်တော |
| ၆၁။ ဓမ္မစကြာဟောသောနေ့ | မဟာသက္ကရာဇ်(၁၀၃)ခု ဝါဆိုလပြည့်၊ စနေနေ့ |
| ၆၂။ ပထမဦးဆုံး ရဟန္တာဖြစ်သူ | ရှင်ကောဏ္ဍည |
| ၆၃။ ဓမ္မစကြာဟော တရားနာနတ်နစ်ပါး | ာကတာဂိရိနတ်၊ ဟေမဝတနတ် |
| ၆၄။ နတ်နစ်ပါး တရားစကား ဖြင့် ဗိုလ်တည်သူ | ကာဠီအမျိုးသမီး |
| ၆၅။ လက်ျာရံအဂ္ဂသာဝက | ရှင်သာရိပုတြာ |
| ၆၆။ လက်ဝဲရံအဂ္ဂသာဝက | ရှင်မောဂ္ဂလာန် |
| ၆၇။ ဘုရားရှင်အဆုံးအမ သာသနာ | ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ |
| ၆၈။ ကျင့်စဉ်သိက္ခာ | သီလ၊ သမာဓိ၊ ပညာ |
| ၆၉။ ချမှတ်ဟောလမ်းစဉ် | မဇ္ဈိမပဋိပဒါလမ်းစဉ် |
| ၇၀။ တရားဟောခဲ့သောနှစ် | ၄၅-ဝါ |
| ၇၁။ ဘုရားရှင်နောက်ဆုံး လုပ်ကျွေးသူ | ရှင်အာနန္ဒာ |

| | | |
|---|---|---|
| ၇၂။ | နောက်ဆုံးဆွမ်းလှူသူ | စုန္ဒ |
| ၇၃။ | နောက်ဆုံးကျွတ်သူ | သုဘဒ္ဒပရိဗိုဇ် |
| ၇၄။ | ပရိနိဗ္ဗာန်ပြုသောနှစ် အသက် | သက်တော် (၈၀) |
| ၇၅။ | ဟောခဲ့သောတရားတော် | ဓမ္မက္ခန္ဓာ ၈၄၀၀၀ |
| ၇၆။ | နောက်ဆုံးစကား | ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ |
| ၇၇။ | ပရိနိဗ္ဗာန်စံသောနေ့ | မဟာသက္ကရာဇ် ၁၄၈ - ခုနှစ် ကဆုန်လပြည့်၊ အင်္ဂါနေ့ |
| ၇၈။ | ပရိနိဗ္ဗာန်ပြုသောအရပ် | မလ္လာတိုင်း၊ မလ္လာမင်းဥယျာဉ် တွင်း |
| ၇၉။ | တေဇောဓာတ် လောင်သောနေ့ | မဟာသက္ကရာဇ် ၁၄၈ - ခု ကဆုန်လဆုတ် (၁၂)ရက် တနင်္ဂနွေနေ့ |
| ၈၀။ | ဓာတ်တော်ဝေသောပုဏ္ဏား | ဒေါနပုဏ္ဏား |
| ၈၁။ | ကြွင်းကျန်သောဓာတ်တော် | ရှစ်ဆိတ် |
| ၈၂။ | မပြိုကွဲသောဓာတ်တော် | စွယ်တော်လေးဆူ၊ ညှပ်ရိုး တော်နှစ်ဆူ၊ နဖူးသင်းကျစ် တစ်ဆူ |
| ၈၃။ | ဓာတ်တော်ခွဲဝေပေး သောမင်းပေါင်း | ရှစ်ပြည်ထောင်မင်း |

# လယ်တီဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဝင်ပျို့

## သန္ဓေယူဝေသာနေ့

၁။ သုံးလူရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ပြဟ္မာဝတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းဆိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။

## ဖွားတော်မူဝေသာနေ့

၂။ သန္ဓေယူကား၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြိမ်၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့လမ်းပါကို။

## တောထွက်ဝေသာနေ့

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလတ်၊ ဆယ့်သုံးနှစ်လျှင့် ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မှုနဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြတိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လုံသည်၊ စုံမြိုင်ပင်ရိတ် ခန်းမှာကို။

## တရားဖြစ်သောနေ့

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေပရမေ၊ ပလ္လင်ဖွေထက်၊ ရွှေညောင်တော်ကြီး၊ ဝိထာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို။

## မွေ့စကြာဟောသောနေ့

၅။ ဝဂ္ဂီ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ မွေ့စက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။

## ဝရိန္ဒိဗ္ဗာန်စံသောနေ့

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးကာ၊ ပါလေးဆယ့်ငါး၊ သက်တားရှစ်ဆယ် စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်ပလ္လကိုင်း၊ စံနိုင်းမယှက် ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ပယ်၊ ချမ်း မြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝုန်းဆူသောင်းလုံး ကျော်တယ်ကို။

## တေဇောခတ်တော်ထောနေ

၇။ နိဗ္ဗူစံပြီး၊ ရှမဒိသား၊ သိဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြံ၍၊ ဂဋ္ဌုန်နေ့ဝယ်၊ နိုးငွေ့မနော၊ ခတ်တေဇောလျှင်၊ ရှင်စောညက်စက်၊ မိဒ္ဓာန်ချက်ဖြင့်၊ လျှံ တက်ကော်ရော်၊ မီးပူဇော်သည်၊ ဖမ္မတော်ရှစ်စိတ်၊ ကြွင်း တယ်ကို။

## ရှိုးဆုတောင်း

၈။ ထိုခုနစ်နေ့ သာချမ်းမြေ့ကို၊ ဆွေ့ဆွေကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြက်သား၊ အထွတ်ခေါင်ဖျား၊ ကိုယ်တော်ဘုရားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိုနိုးသည်၊ ကောင်းကျိုးခပ်သိမ်း၊ ကြွယ်စေသော်။

## ဗုဒ္ဓဝင်ဆိုင်ရာ သိမှတ်ဖွယ်များ

ဗုဒ္ဓ - အလုံးစုံသိသူ

ဗုဒ္ဓဘာသာ - ဘုရားရှင်၏ ဟောကြားသော တရားတော်များ

ဗုဒ္ဓဘာသာဝင် ဘုရားရှင် တရားတော်အတိုင်း လိုက်နာကျင့်သုံး နေထိုင်သူများ

### ဘုရားဖောင်းအင်္ဂါ (၈)ပါး

၁။ မနုဿတ္တံ - လူသားစစ်စစ် ဖြစ်ရခြင်း

၂။ လိင်္ဂသမ္ပတ္တိ - ယောက်ျား ဖြစ်ရခြင်း
၃။ ဟေတု - တိဟိတ်ပုဂ္ဂိုလ် ဖြစ်ရခြင်း
၄။ သတ္ထာရဒဿန - ဘုရားကို ဖူးတွေ့ခြင်း
၅။ ပဗ္ဗဇ္ဇာ - ရသေ့ရဟန်း ဖြစ်ရခြင်း
၆။ ဂုဏသမ္ပတ္တိ - ဈာန်သမာပတ်နှင့် ပြည့်စုံရခြင်း
၇။ အဓိကာရော - ဘုရားဆုကို တောင်းခြင်း
၈။ ဆန္ဒတာ - ဘုရားဖြစ်လိုသောဆန္ဒ ပြင်းပြရခြင်း

## ဘုရားပွင့်ရာနှင့် ကမ္ဘာ

၁။ သာရကမ္ဘာ - ဘုရားတစ်ဆူသာပွင့်
၂။ မဏ္ဍကမ္ဘာ - ဘုရားနှစ်ဆူပွင့်
၃။ ဝရကမ္ဘာ - ဘုရားသုံးဆူပွင့်
၄။ သာရမဏ္ဍကမ္ဘာ - ဘုရားလေးဆူပွင့်
၅။ ဘဒ္ဒကမ္ဘာ - ဘုရားငါးဆူပွင့်
၆။ သုညကမ္ဘာ - ဘုရား လုံးဝမပွင့်

## ပါရမီ(၁၀)ပါး

ပါရမီ - မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ ဆောင်ရွက်လုပ်ကိုင်ချက်

၁။ ဒါနပါရမီ - အလှူပေးခြင်း
၂။ သီလပါရမီ - သီလစောင့်ထိန်းခြင်း
၃။ နိက္ခမပါရမီ - ဘောထွက်တရားကျင့်ခြင်း
၄။ ပညာပါရမီ - ပညာဖြင့် အများအကျိုး သယ်ပိုးခြင်း

၅။ ဝီရိယပါရမီ - ကြိုးစားအားထုတ်ခြင်း
၆။ ခန္တီပါရမီ - သည်းခံခြင်း
၇။ သစ္စာပါရမီ - သစ္စာပြုခြင်း
၈။ အဓိဋ္ဌာနပါရမီ - စိတ်နိုင်မြဲအောင် ဆောက်တည်ခြင်း
၉။ မေတ္တာပါရမီ - မေတ္တာဓာတ် အပြည့်အဝထားခြင်း
၁၀။ ဥပေက္ခာပါရမီ - ဘက်မလိုက် မျှတစွာထားခြင်း (လျစ်လျူရှုခြင်း)

## ပါရမီဆယ်ပါး အပြားသုံးဆယ်

၁။ ပါရမီ - ခန္ဓာကိုယ်ပြင်ပဖြစ်သော ပစ္စည်းတို့ကို စွန့်၍ ဖြည့်ကျင့်ခြင်း
၂။ ဥပပါရမီ - ကိုယ်လက်အင်္ဂါ စွန့်၍ ဖြည့်ကျင့်ခြင်း
၃။ ပရမတ္ထပါရမီ - အသက်စွန့်၍ ဖြည့်ကျင့်ခြင်း

ဒါန စသော ပါရမီတစ်ပါးပါးတို့တွင် ဤ(၃)ပါးစီရှိသောကြောင့် (၁၀ × ၃ = ၃၀) ပါရမီ အပြား (၃၀)ဖြစ်သည်။

## ပါရမီဖြည့်ရာ ကာလများ

၁။ ဘုရား - လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း
၂။ ပစ္စေကဗုဒ္ဓ - နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း
၃။ အဂ္ဂသာဝက - တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း

၄။ မဟာသာဝက - ကမ္ဘာတစ်သိန်း
(ရှစ်ဆယ်သော ရဟန္တာများ)
၅။ ပကတိသာဝက - ကာလအပိုင်းအခြားမရှိ
(ရဟန္တာလောင်းလျာများ)

## ဗျာဒိတ်ရပြီး ဘုရားလောင်းတို့မဖြစ်ရာ (၁၈)ဌာန

၁။ ပဋိသန္ဓေကန်းမဖြစ်
၂။ နားပင်းသူမဖြစ်
၃။ အရည်မလို(သွားရည်မကျ)
၄။ ဆွံ့အသူမဖြစ်
၅။ အရှုးမဖြစ်
၆။ လူရိုင်းမဖြစ်
၇။ ကျွန်မျိုး၌မဖြစ်
၈။ နိယတမိစ္ဆာဒိဋ္ဌိမဖြစ်
၉။ ပဉ္စနန္တရိယကံမကျူးမလွန်
၁၀။ အသညသတ်ပြဟ္မာမဖြစ်
၁၁။ ငုံးအောက်ငယ်သတ္တဝါမဖြစ်(ဆင်ထက်လည်းမကြီး)
၁၂။ နူနာရောဂါမဖြစ်
၁၃။ စကြဝဠာတစ်ပါး၌မဖြစ်
၁၄။ သုဒ္ဓါဝါသပြဟ္မာဘုံ၌မဖြစ်
၁၅။ အပါယ်ငရဲမကျ
၁၆။ မာရ်နတ်မဖြစ်
၁၇။ ပြိတ္တာမျိုး၌မဖြစ်
၁၈။ လိင်မပြန်(ယောက်ျားဘဝ၌သာမြဲ)

## စွန့်ခြင်းကြီးငါးပါး

၁။ ဓနပရိစ္စာဂ - ဥစ္စာပစ္စည်းစွန့်လှူ
၂။ ပုတ္တပရိစ္စာဂ - သား သမီးစွန့်လှူ
၃။ ဘရိယပရိစ္စာဂ - သားမယားစွန့်လှူ
၄။ အင်္ဂပရိစ္စာဂ - အင်္ဂါကြီးငယ်စွန့်လှူ
၅။ ဇီဝိတပရိစ္စာဂ - အသက်စွန့်လှူ

## စရိယ (၃)ပါး

၁။ လောကတ္ထစရိယ - လောကလူသားအများအတွက်ကျင့်
၂။ ဉာတတ္ထစရိယ - ဆွေမျိုးများအတွက်ကျင့်
၃။ ဗုဒ္ဓတ္ထစရိယ - သဗ္ဗညုဘုရားအတွက်ကျင့်

## ဝရိုထွေရာ (၈)ပါး

၁။ ဒုကုဋ်သက်န်း (ကိုယ်ဝတ်သင်္ကန်း)
၂။ ဧကသီ
၃။ သင်းပိုင် (အောက်ပတ်)သင်္ကန်း
၄။ ခါးပန်းကြိုး
၅။ သပိတ်
၆။ သင်တုန်းဓား
၇။ ရေစစ်
၈။ အပ်

## ဘဒ္ဒကမ္ဘာ၌ပွင့်ဖယော ဘုရားငါးဆူ

၁။ ကကုသန်
၂။ ကောဏာဂုံ
၃။ ကဿပ
၄။ ဂေါတမ
၅။ အရိမေတ္တေယျ

## ဘုရားလောင်း ကြည့်ခြင်းငါးပါး

၁။ ကာလ - လူတို့သက်တမ်း(၁၀၀)ကြားနှင့် တစ်သိန်းကြား၌သာ ဘုရားပွင့်ရာ အချိန်အခါဖြစ်သည်။ တစ်သိန်းထက်၌ လက္ခဏာရေးသုံးပါး မတင်နိုင်လျှင် ဘုရားမပွင့်၊ တစ်ရာအောက်မှ စရိုက်ကြမ်းသောကြောင့် ဘုရားပွင့်ရိုးမရှိ၊ သို့အတွက် ဘုရားဖြစ်ရာအခါကို ကြည့်သည်။

၂။ ဒီပ - ကျွန်းကြီး လေးကျွန်းအနက် ဇမ္ဗူဒီပါတောင်ကျွန်း၌သာ ဘုရားပွင့်သည်၊ အခြားကျွန်းများ၌ ပွင့်ရိုးထုံးစံမရှိ။ သို့အတွက် ပွင့်ရာကျွန်းကို ကြည့်သည်။

၃။ ဒေသ - မဇ္ဈိမဒေသ၌သာ ဘုရားပွင့်ရိုးဖြစ်သည်။ အခြားဒေသ၌မပွင့်၊ သို့အတွက် ဘုရားပွင့်ရာကျွန်းကို ကြည့်သည်။

၄။ ကုလ - ဘုရားသည် မင်းမျိုး၊ ပုဏ္ဏားမျိုး၌သာ ဖြစ်ရိုးရှိသည်၊ အခြားမျိုး၌ ဖြစ်ရိုးမရှိ၊ သို့အတွက် ဘုရားဖြစ်ရာ အမျိုးကို ကြည့်သည်။

၅။ မာတုအာယုပရိစ္ဆေဒ - ဘုရားလောင်း ဖွားပြီးနောက်(၇)ရက်အကြာတွင် ဘုရားလောင်းမယ်တော်မှာ သေမြဲဓမ္မတာ ဖြစ်ရသည်။ သို့အတွက် မယ်တော်၏ အသက်အပိုင်းအခြားကို ကြည့်သည်။

## ဗုဒ္ဓတတရားဝါးပါး

၁။ ဗုဒ္ဓုပ္ပါဒဒုလ္လဘာ - ဘုရားဖြစ်ရန်ခဲယဉ်းခြင်း
၂။ မနုဿတ္တဒုလ္လဘာ - ဘုရားပွင့်ချိန်၌ လူဖြစ်ရန်ခဲယဉ်းခြင်း
၃။ သဒ္ဓါသမ္ပတ္တိဒုလ္လဘာ - သဒ္ဓါတရားနှင့် ပြည့်စုံရန်ခဲယဉ်းခြင်း
၄။ ပဗ္ဗဇိတဒုလ္လဘာ - ရဟန်းဖြစ်ရန်ခဲယဉ်းသည်
၅။ သဒ္ဓမ္မဿနဒုလ္လဘာ - သူတော်ကောင်းတရား နာကြားရန် ခဲယဉ်းသည်

## မဇ္ဈိမပဋိပဒါတရား (အလယ်လမ်းမှန်တရား)

၁။ သိဒ္ဓတ္ထမင်းသားသည် ကာမသုခလ္လိကတရားကို (၁၉)နှစ် ခံစားသည်၊
၂။ အတ္တကိလမထ(ဒုက္ကရစရိယာ)ကို (၆)နှစ်တိုင် လိုက်မှားမိသည်၊
၃။ ထိုလမ်းစဉ် (၂)ခုအလယ် ယထာဘူတကျသော အောက်ပါ မဇ္ဈိမပဋိပဒါတရားဖြင့် သစ္စာလေးပါးကိုသိပြီး ဘုရားဖြစ်သည်၊

## အလယ်အလတ်တရား ကျင့်စဉ်မှန်တရား(၈)ပါး

၁။ သမ္မာဒိဋ္ဌိ - မှန်ကန်သောအယူ
၂။ သမ္မာသင်္ကပ္ပ - မှန်ကန်သောကြံစည်မှု
၃။ သမ္မာဝါစာ - မှန်ကန်သောစကား
၄။ သမ္မာကမ္မန္တ - မှန်ကန်သောအလုပ်
၅။ သမ္မာအာဇီဝ - မှန်ကန်သောအသက်မွေးမှု
၆။ သမ္မာဝါယမ - မှန်ကန်စွာအားထုတ်မှု
၇။ သမ္မာသတိ - မှန်ကန်စွာသတိထားမှု
၈။ သမ္မာသမာဓိ - မှန်ကန်သောတည်ကြည်မှု

## သိဒ္ဓတ္ထမင်းသား၏ အိပ်မက်

မဟာသက္ကရာဇ် ၁၀၃ - ခု၊ ကဆုန်လဆန်း (၁၄)ရက်နေ့ည မြင်မက်သော အိပ်မက်၊

၁။ မြေပြင်ကို အိပ်ရာခင်း၍ ဟိမဝန္တာကို ခေါင်းအုံးပြီး သမုဒ္ဒရာကို ခြေလက်တင်ရသည်၊

၂။ ဝင်ရိုးပမာ သန္တာနီအဆင်းရှိသော မြက်သည် ချက်မှဖောက်၍ ကောင်းကင်သို့ တက်သည်။

၃။ အဆင်းမျိုးစုံငှက်တို့သည် လာလတ်၍ ခြေတော်ရင်း၌ အဖြူရောင်ငှက်တွေ ဖြစ်ကုန်သည်၊

၄။ ပိုးကောင်ဖြူကလေးများ ဒူးပဆစ်မြုပ်သည်ထိ တက်သည်၊

၅။ မစင်တောင်ကြီးပေါ်ထက်ပြီး စင်္ကြံလျှောက်ရာ လူလဲခြင်း မရှိ၊

ထိုငါးပါးမြင်မက်၍ ဘုရားဖြစ်မည်ဟု မှချယုံကြည်သွားသည်၊

## ဗုဒ္ဓရောင်ခြည်တော်ခြောက်သွယ်

၁။ နီလာ - အညို(အပြာ)ရောင်
၂။ ပီတာ - အဝါရောင်
၃။ လောဟိတ - အနီရောင်
၄။ ဩဒါတ - အဖြူရောင်
၅။ မဉ္ဇိဋ္ဌ - မောင်းသောအရောင်
၆။ ပဘဿရ - ပြိုးပြိုးပြက်ပြက်အရောင်

## ဘုရားရှင်တို့ မစွန့်အပ်သော အရပ် (၄)ပါး

၁။ ဗောဓိပလ္လင်

၂။ ဓမ္မစကြာဟောရာ မိဂဒါဝုန်တော

၃။ တာဝတိံသာမှ ဆင်းသက်ရာ သင်္ကဿနဂိုရ်မြို့တံခါး

၄။ ဇေတဝန်ကျောင်း၊ ဂန္ဓကုဋီတိုက်၊ လေးချောင်းသော ညောင်စောင်းခြေတို့၏ နေရာ။

သုတ်မဟာဝါအဋ္ဌကထာ

## ဘုရားရှင်၏ အောင်ခြင်း (၈)ပါး

၁။ ဘုရားဖြစ်သောနေ့ မာရ်နတ်ကို အောင်သည်။

၂။ (၅)ဝါတွင် ဝေသာလီပြည်၌ သစ္စကပရိဗိုဇ် အောင်သည်။

၃။ (၁၁)ဝါတွင် နန္ဒောပနန္ဒ နဂါးမင်းနှင့် ဗကဗြဟ္မာကို အောင်သည်။

၄။ (၁၄)ဝါတွင် အင်္ဂုလိမာလကို အောင်သည်။

၅။ (၁၄)ဝါတွင် စိဉ္စမာဏကို အောင်သည်။

၆။ (၁၆)ဝါတွင် အာဠဝီပြည်၌အာဠဝကဘီလူးကို အောင်သည်။

၇။ ဝါ(၂၀)တွင် ရာဇဂြိုလ်ပြည်၌ နာဠာဂီရိဆင်ကြီးကို အောင်မြင်သည်

## ထံဝေဇနီယ (၄)ဌာန

၁။ ဘုရားရှင်ပွင့်တော်မူရာ (လုမ္ဗိနီဥယျာဉ်)

၂။ ဘုရားဖြစ်ရာဌာန (မဟာဗောဓိပင်)

၃။ ဓမ္မစကြာတရားဟောရာ (မိဂဒါဝုန်တော)

၄။ ပရိနိဗ္ဗာန်စံရာ (ကုသိနာရုံ)

## ဘုရားရှင်၏ (၄၅)နှစ် ဝါဆိုရာဌာနများ

| ဝါတော်စဉ် | ဝါဆိုရာဌာန |
|---|---|
| ၁ | ဗာရာဏသီ၊ မိဂဒါဝုန်တော |
| ၂၊ ၃၊ ၄ | ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း |
| ၅ | ဝေသာလီပြည် |
| ၆ | မကုဋ္ဌတောင် |
| ၇ | တာဝတိံသာ |
| ၈ | ဘဂ္ဂတိုင်း |
| ၉ | ကောသမ္ဗီပြည် |
| ၁၀ | ပါလိလေယျကတော |
| ၁၁ | နာဠပုဏ္ဏားရွာ |
| ၁၂ | ဝေရဉ္စာပြည် |
| ၁၃ | စာလိကာတောင် |
| ၁၄ | သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း |
| ၁၅ | ကပိလဝတ်ပြည် |
| ၁၆ | အာဠဝီပြည် |
| ၁၇ | ရာဇဂြိုဟ်ပြည် |
| ၁၈၊ ၁၉ | စာလိယတောင် |
| ၂၀ | ရာဇဂြိုဟ်ပြည် |
| ၂၁ မှ ၄၄ | သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း |
| ၄၅ | ဝေဠုဝရွာ |

## အခန်း (၂)

# ဗုဒ္ဓဝန္တနာ ဂုဏ်တော်အဖြာဖြာ

### စိန်ရောင်ခြည်ဘုရားဝင်

အင်္ဂီရသဿ ဥဏှာကာယ၊ ဒါဌာဟိ သေတရံသိယော။
ဝဇီရာဝ ပိရောစန္တိ၊ ဇိနေနာ မေ ဌာတုသိသကေ။

အင်္ဂီရသဿ - အယုတ်အလတ် အမြွတ်ပိုင်းခြား၊ လွန်ကြီး
စေး၍၊ သုံးပါးဆယ်လီ၊ ပါရမီတော်အစုံ၊
ဘာဂီတော် အဟုန်ကို့ကြောင့်၊ ခြောက်ရောင်စုံ
ကွန့်မြူးလျက်၊ "အင်္ဂီရသ" ဆိုတဲ့ ဘွဲ့ထူးကို၊
အံ့ဖွယ်ကျူးခန့်ခိုင်၊ ဖက်မပြိုင်နိုင်အောင်၊ လက်ကိုင်
ရရှိတော်မူသော၊ ဘုရားရှင် ကိုယ်တော်မြတ်
ကြီး၏။

ဘမုကန္တရေ - မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟို တည့်တည့်၌။

သဥ္ဇာတာယ - နဖြူထွားထွား၊ ကောင်းစွာပေါက်ပွား ဖြစ်ပေါ်ရှိလာတော်မူသော။

ဥဏ္ဏာယစ - ဆွဲလို့ဆန့်လျှင်၊ နှစ်တောင်ခန့် ရှည်လျားသဖြင့်၊ စိန်သွားနှစ်အသွင်၊ ငွေနန်းချည်အမျှင်ကဲ့သို့၊ ဖြူစင်ဝင်းသစ်၊ လက်ျာရစ်ခွေရုံ၊ စိန်ကြယ်ပွင့်အနေပုံလို၊ ဥဏ္ဏာလုံခေါ် မွေးရှင်တော်ဓာတ်၊ လွန်ထူးမြတ်သည့် အရပ်တော်မှလည်းကောင်း။

ဒါဌာဟိစ - ပတ္တမြား၊ ခေါင်ရမ်း၊ နှင်းဆီပန်းကဲ့သို့၊ နီမြန်းသော နှုတ်ခမ်းတော်တို့ဖြင့်၊ မပေါ်အောင် ဖုံးပိတ်၍ထားအပ်သော သွားတော်လေးဆယ်၊ စွယ်တော်လေးဆူ၊ ဖြူရာရာအရပ်တော်တို့မှ လည်းကောင်း။

သေတာရုံသိယော - ပုလဲအနှစ်၊ စိန်စစ်နှစ်ဆူ၊ ဘော်ဖြူငွေရွက်၊ ဖြန့်ကျက်စီခြယ်၊ ငွေကြယ်ရောင်သန်း ကေလာသငွေတောင်ကို၊ နေအရောင်လွှမ်းဘိသကဲ့သို့၊ မြတ်လေးပန်းစံပယ်ရုံ၊ ကြာဖြူပွတ်မှုံလို၊ ပုံပမာကပ်၊ စိန်တောင်ကို ကိမ်ရောင်ယပ်ဘိသကဲ့သို့၊ တလျှပ်လျှပ်၊ တဖိတ်ဖိတ်၊ သရိုပ်ရှိပ်၊ တလည်လည်၊ ထိန်ပြောင်ကြည်တဲ့၊ စိန်ရောင်ခြည်ဓာတ်၊ ဖြူဖွေးသော အဆင်းတော်မြတ်သည်။



၂၀၇၅၂

ဝဇီရာဝ - စိန်နှစ်စိန့်ခွေး၊ ဖြူဖွေးတောက်ပြောင်၊ စိန်သား တောင်ကြီးကဲ့သို့။

ဝိရောစန္တိ - ဖူးမြင်ရသူတို့၏စိတ်ဝယ်၊ အထူးဘဝင်မှာ၊ ကြည်နူးလောက်အောင်၊ ရွှင်မြူးတက်ကြွ၊ ဖက်မမျှသဖြင့်၊ လှပဆန်းကြယ်၊ တင့်တယ် တော်မူကြပါပေကုန်၏။

သောဇိနော - ထိုထူးထွေဆန်းလည်၊ စိန်ရောင်ခြည်ပတ္တမြားကြောင့် အဂီရသ - ဘုန်းထူးခံသည့်၊ ငါးမာရ်အောင်ပြီး ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။

မေ မမ - ရှပ်နှင့်နှာမ်သား၊ သိုနှစ်ဖြာကို၊ သဏ္ဌာယမြဲ၊ အသင်စွဲ၍၊ ငါပဲသမုတ်၊ အကျွန်ုပ်၏။

သီသာဝေ - ဦးခေါင်းရတနာ၊ မြတ်ရာကင်ထား၊ ဦးသိပ်ပြင်၌ (ဘုရားတပည့်တော်တို့၏ အိမ်ရာဝိုက်ခန်း ပလ္လင်နန်း၌)။

ဌာတု - ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းစေမူ၊ မေတ္တာပြု၍၊ ကြည့်ရှုကိုယ်တိုင်၊ နိုင်နိုင်မတ်မတ်၊ ရပ်တန့် တည်နေတော်မူလှည့်ပါ၊ စိန်ရောင်ခြည်နေတ နန်းကဲ့သို့၊ ရွှေဘုန်းတော်သခင် အရှင်မြတ် ကြီးဘုရား။

## အနန္တငါးပါး ထုရှိခိုး

၁။ ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ ပူဇေမိ - ပူဇော်ပါ၏ဘုရား။
၂။ ဓမ္မံ - တရားတော်မြတ်ကို၊ ပူဇေမိ - ပူဇော်ပါ၏ဘုရား။
၃။ သံဃံ - သံဃာတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား။
၄။ မာတာပိတူနံ-မိခင် ဖခင်တို့အား၊ ပူဇေမိ - ပူဇော်ပါ၏ဘုရား။
၅။ အာစရိယာနံ - ဆရာသမားတို့အား၊ ပူဇေမိ - ပူဇော်ပါ၏ ဘုရား။

၁။ ဗုဒ္ဓဂုဏော အနန္တောဟု ကျော်စောထင်ရှား သုံးပါးရပ်သူ နတ်လူပြဟ္မာ သတ္တဝါတို့ ချွတ်ဖော်မဂ္ဂင် သဗ္ဗညုတ ယာဉ်ဖြင့် ကယ်တင်ဆောင်ယူ ပိုတော်မူသည့် နတ်လူတို့ထိပ်ပန်း ရဟန်းတို့ဆရာ အစိန္တေယျာဟု အနန္တဂုဏ်အင် ကျေးဇူးရှင်ကို အဟံ အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ရှိခိုးပါ၏။

၂။ ဓမ္မဂုဏော အနန္တောဟု တည်ဆောက်မှု သတ္တဝါ လူနတ် အလယ်ထပ်ကို လေးမြတ်ကြွင်နှာ အဝိဇ္ဇာနှင့် တဏှာသံဆော ကိလေသာမှ ဆေးကြောသုတ်သင် မြူမတင်အောင် ရှောင်ကြည်ပေးတတ် တရားမြတ်ကို အဟံ အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ရှိခိုးပါ၏။

၃။ သံဃဂုဏော အနန္တောဟု လောဘဒေါသ မောဟ ကင်းကွာ တဏှာကာမ ကိလေသာနှင့် ရာဂအမိုက် နှစ်ခြိုက်မပျော် မဖမ္မလျော့ဘဲ ရှင်တော်ဟောကြား မြတ်တရားကို မှတ်သားကြည်ညို မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းမှန်သည် မြတ်မွန်ထေရ်ကျော် သံဃာ

တော်တို့ ဂုဏ်တော်ကြီးစွာ အနန္တကို အပဟံ အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ရှိခိုးပါ၏။

၄။ မာတာပိတုဂုဏော အပြောကျယ်စွာ သံသရာဝယ် မာတာပိတ မိနှင့်ဖကို ရေကြည်ကာလ တည်ဦးစက ချိုချဉ်ပူစပ် ရှင်းရှင်းပြတ်ပြတ်အောင် မပြတ်ယုယ မိဘတို့မှာ စိုးရိမ်စွာဖြင့် အစာဆိမ့်မေး၊ နို့ချိုပေး၍ မွေးသည့်မိခင် ကျေးဖရှင်ကို အပဟံ အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ရှိခိုးပါ၏။

၅။ အာစရိယဂုဏော အနန္တောဟု မိန့်ဟောအရ ကောက်ယူပြသော် နယနည်းနာ အဖြာဖြာကို လိမ္မာစေကြောင်း မေတ္တာလောင်း၍ မကောင်းကိုကြဉ် ကောင်းရာယှဉ်လျက် နှုတ်မြွက်သံချို ဆုံးမဆိုသား အဆိုများစွာ သံသရာဝယ် သုံးသွယ်သောကပ် လေးရပ်အပါယ် ရှစ်သွယ်ရပ်ပြစ် ဆိုးညစ်ယုတ်မာ အဖြာဖြာကို ခေမာဘုမ္မိ ဘေးမရှိအောင် နိဗ္ဗာန်သောင်သို့ ရောက်အောင်ပြညွှန် သွန်သင်ပေတတ် ဆရာမြတ်ကို အပဟံ အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ရှိခိုးပါ၏။

## ဆွမ်းတော်တင်

အရဟာဒိ နဝဂုဏေဟိ - အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ - ပြည့်စုံတော်မူသော၊ နာထံ- လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ - သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ-ရည်မှတ်၍၊ စေတိယဿ- ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီ

တော်မြတ်အား၊ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံဂတံ - အဆင်းအနံ့ အရသာ နှင့်ပြည့်စုံသော၊ ဣမံ ပိဏ္ဍပါတ ခါဒနိယ ဘောဇနိယံ - ဤဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာကို၊ သက္ကစ္စံ - ရိုသေစွာ၊ ဒေမိ - နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊ ပူဇေမိ - နိဗ္ဗာန် ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။ မေ - တပည့်တော်၏၊ ဣဒံပုညံ - ဤကောင်းမှုသည်၊ အာသဝက္ခယံ - အာသဝေါတရား လေးပါးတို့ ၏၊ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန် ကို၊ ဝဟံ ဝဟန္တော - ရွက်ဆောင်နိုင်သည်၊ ဟောတု - ဖြစ်ပါစေ သတည်း။

## ဆီမီးတင်

အရဟတာဒိ နဝဂုဏေဟိ - အရဟံအစရှိသော ကိုးပါး သော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ -ပြည့်စုံတော်မူသော၊ သဗ္ဗညုတာ နဝရဏာဉာဏေဟိ - သဗ္ဗညုတဉာဏ် အနာဝရဏ ဉာဏ်တော်တို့ဖြင့် တိလောကသုံးပါးသော လောကဦး၊ အဝိဇ္ဇာ အန္ဓကာရံ-အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို၊ ဝိစမိတွာ - ပယ်ဖျောက်၍၊ ဇလံ ဇလန္တော - ထွန်းလင်းတောက်ပတော်မူနိုင် စေသော၊ ဗုဒ္ဓံ - သက်တော်ထင်ရှား မြတ်စွာဘုရားကို၊ ဥဒ္ဒိဿ - ရည်မှတ်၍၊ စေတီယဿ - ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂ စေတီတော်မြတ်အား၊ ပဘာဝဏ္ဏေဟိ - အရောင် အဆင်းတို့ဖြင့်၊ အန္ဓကာရံ - အမိုက်မှောင်ကို၊ ဝိနာသကံ - ပယ် ဖျောက်တတ်သော၊ ဣမံ ဒီပဇာလံ - ဤဆီမီးကို၊ သက္ကစ္စံ - ရိုသေ စွာ၊ ဒေမိ - နိဗ္ဗာန် ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊ ပူဇေမိ -

နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။ မေ - တပည့်တော်၏၊ ဣဒံပုညံ - ဤကောင်းမှုသည်၊ အာသဝက္ခယံ - အာသဝေါတရား လေးပါးတို့၏၊ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို၊ ဝဟံ ဝဟန္တော - ရွက်ဆောင်နိုင်သည်၊ ဟောတု - ဖြစ်ပါစေသတည်း။

## ဝန်းတော်တစ်

အရဟာဒိ နဝဂုဏောပေတံ - အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ - ပြည့်စုံတော်မူသော၊ နာထံ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ - သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ - ရည်မှတ်၍၊ စေတိယဿ - ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီ တော်မြတ်အား၊ ဝဏ္ဏ ဂန္ဓ သမ္ပန္နံ - အဆင်းအနံ့နှင့်ပြည့်စုံသော၊ ဣမံ ပုပ္ဖံ - ဤပန်းကို၊ သက္ကစ္စံ - ရိုသေစွာ၊ ဒေမိ - နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊ ပူဇေမိ - နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။ မေ - တပည့်တော်၏၊ ဣဒံပုညံ - ဤကောင်းမှုသည်၊ အာသဝက္ခယံ - အာသဝေါတရား လေးပါးတို့၏၊ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဝဟံ ဝဟန္တော - ရွက်ဆောင်နိုင်သည်၊ ဟောတု - ဖြစ်ပါစေသတည်း။

### ရှေ့တော်ကပ်ဆုတောင်း

အရဟာဒိ နဝဂုဏောပေတံ - အရဟံအစရှိသော ကိုးပါး သော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ - ပြည့်စုံတော်မူသော၊ နာထံ - လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ - သက်တော်ထင်

ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ - ရည်မှတ်၍၊ စေတိယာသဿ - ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီတော်မြတ်အား၊ သုဒ္ဓသီတလ ပသန္နံ - သန့်ရှင်းအေးမြကြည်လင်လှသော၊ ဣမံ ပါနီယဘောဇနီယံ - ဤသောက်ရေ သုံးဆောင်ရေကို၊ သဗ္ဗက္ခံ - ရှိသေစွာ၊ ဒေမိ - နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏၊ အရှင်ဘုရား၊ ပူဇေမိ - နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။ မေ - တပည့်တော်၏၊ ဣဒံပုညံ - ဤကောင်းမှုသည်၊ အာသဝက္ခယံ - အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို၊ ဝဟံ ဝဟန္တော - ရွက်ဆောင်နိုင်သည်၊ ဟောတု - ဖြစ်ပါစေသတည်း။

## စေတီ (၄)မျိုး

အမြတ်တနိုး ကိုးကွယ်ရာဌာနကို စေတီဟုခေါ်ပါသည်။

၁။ ဓာတုစေတီ - ဘုရားရှင်၏ဓာတ်တော်များ

၂။ ဓမ္မစေတီ - ဘုရားဟော ဓမ္မခန္ဓာများ

၃။ ဥဒ္ဒိဿစေတီ - သက်တော်ထင်ရှားဘုရားကို ရည်မှန်း၍ ထုလုပ်ထားသော ရုပ်ပွား ရုပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူများ။

၄။ ပရိဘောဂစေတီ - ဘုရားရှင်အသုံးအဆောင်၊ သပိတ်၊ သင်္ကန်း စသည်များ

## ခဲဖွယ်ဘောဇဉ်

၁။ ထမင်း

၂။ ဆန်ဖြင့်လုပ်သောမုန့်

၃။ ဂျုံဖြင့်ပြုလုပ်သောမုန့်

၄။ ငါး

၅။ အသား

ခဲဖွယ်-ဘောဇဉ် (၅)မျိုးမှလွဲသော ချိုချဉ်၊ သစ်သီး၊ လက်ဖက်သုတ်၊ ဂျင်းသုတ် စသော စားဖွယ်တို့သည် ခဲဖွယ် ဖြစ်ပါသည်။

## လှူတွယ်အမျိုးမျိုး အကျိုးအနန္တ

## ဆွမ်းလှူအကျိုး (၅)ဝါး (၁၀)ဝါး

၁။ အသက်ရှည်ခြင်း
၂။ အဆင်းလှခြင်း
၃။ ပစ္စည်းဥစ္စာချမ်းသာခြင်း
၄။ ခွန်အားကြီးခြင်း
၅။ ဉာဏ်ပညာကြီးခြင်း
၆။ ဖြူစင်သန့်ရှင်းခြင်း
၇။ ထမင်းအဖျော်များ ပူဇော်လာရခြင်း
၈။ လုံ့လဝီရိယရှိခြင်း
၉။ အခြွေအရံပေါများခြင်း
၁၀။ ကျေးကျွန်များ ပြည့်စုံတင့်တယ်ခြင်း

## ဆီးလှူအကျိုး (၂)ဝါး

၁။ မျက်လုံးကြည်လင်အားကောင်းခြင်း
၂။ အသိဉာဏ်အားကောင်းခြင်း

## [illegible]လှူဒါန်းရကျိုး (၀၀)ဝါး

၁။ သန့်ရှင်းစင်ကြယ်ခြင်း
၂။ ကျော်စောထင်ရှားခြင်း
၃။ အခြွေအရံပေါများခြင်း

၄။ လျှင်မြန်ဖျတ်လတ်ခြင်း
၅။ ရေငတ်ငံ့ခြင်း
၆။ အသက်ရှည်ခြင်း
၇။ အဆင်းလှခြင်း
၈။ ဥစ္စာစနေကြွယ်ဝခြင်း
၉။ ဉာဏ်ပညာကြီးမားခြင်း
၁၀။ ခွန်အားကြီးခြင်း

## ယာဂုလှူအကျိုး (၅)ပါး

၁။ ရောဂါကင်းခြင်း
၂။ အဆင်းလှခြင်း
၃။ ပစ္စည်းဥစ္စာချမ်းသာခြင်း
၄။ ထမင်းအဖျော်ပူဇော်ခံရခြင်း
၅။ တရား အဓိပ္ပါယ်သိလွယ်ခြင်း

## တံမြက်လှည်းအကျိုး (၅)ပါး

၁။ မိမိစိတ်ကို ကြည်လင်စေခြင်း
၂။ သူတစ်ပါးစိတ်ကို ကြည်လင်မှုဖြစ်စေခြင်း
၃။ နတ်တို့ချစ်ခင်ဝမ်းမြောက်ခြင်း
၄။ ကြည်လင်ဖွယ်ကို ဖြစ်စေတတ်သောကြောင့် ကောင်းမှု ကုသိုလ်ဆည်းပူးရခြင်း
၅။ သေသည်၏ အခြားမဲ့၌ သုဂတိလားရခြင်း

## ဆီမီးတိုင်လျှုဒါန်းရကျိုး (၃)မျိုး

၁။ မြင့်မြတ်သော အမျိုးအနွယ်၌ဖြစ်ရခြင်း
၂။ အင်္ဂါကြီးငယ်နှင့်ပြည့်စုံခြင်း
၃။ ပညာဉာဏ်ကြီးမားရခြင်း

## ဝန်းလျှုကျိုး (၃)ဝါး

၁။ ရုပ်အဆင်းလှပခြင်း
၂။ ခန္ဓာကိုယ်သန့်ရှင်းခြင်း
၃။ ခံတွင်းမွှေးကြိုင်ခြင်း

## ဆီမီးပဒမ်ယောင်လျှုဒါန်းရကျိုး

၁။ နတ်ပြည်၌ ဖြစ်ရခြင်း
၂။ ယူဇနာတစ်ရာတိုင်တိုင် ထွန်းလင်းစေနိုင်ခြင်း
၃။ အသက် ဆင်း စသည်တို့ဖြင့် နက်အားလုံးကို လွှမ်းမိုးစေ၏
၄။ အာယုကပ် (၃၀)ပတ်လုံး သိကြားမင်းဖြစ်နိုင်ခြင်း
၅။ နတ်တို့သည် မထေမဲ့မြင် မပြုကုန်
၆။ နစ်ဆယ့်ရစ်ကြိမ် စကြဝတေးမင်းဖြစ်နိုင်ခြင်း
၇။ ဆိုအခါ ထက်ဝန်းကျင် တစ်ယူဇနာတိုင်တိုင် နေ့ ည မြင်စွမ်းနိုင်ခြင်း
၈။ တစ်သောင်းသော စကြဝဠာကို ဉာဏ်မျက်စိဖြင့် မြင်စွမ်းနိုင်ခြင်း
၉။ ဒိဗ္ဗစက္ခုကို ရနိုင်ခြင်း
၁၀။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး အဘိဉာဏ်များ ရရှိနိုင် မျက်မှောက်ပြုနိုင်ခြင်း

## တုရားရှိခိုး ဝတ်တော

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနော ကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတ နာမြတ်သုံးပါးတို့ကို ရှိသေလေးမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူး မြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

## ဩကာသ

ဩကာသဟူသည် ကန်တော့ပါရစေ ခွင့်ပြုတော်မူပါဟု အခွင့်တောင်းခြင်း ဖြစ်ပါသည်၊

အဘယ်ကြောင့် အခွင့်တောင်းရပါသနည်း၊

သူ ငါ အစ သတ္တဝါဟူသမျှတို့သည် ရှေးရှေးဘဝ အတိတ် ကာလများက မိမိတို့ ပြုအပ်ကုန်ပြီးသော အပရာပရိယ ဝေဒနိယ ကုသိုလ်ကံဟောင်းတို့သည် ရှိကြကုန်ပါသည်၊ ထို ကုသိုလ်ကံ ဟောင်းတို့သည် မိမိ ဝိပါတ်အကျိုးမှ တစ်ပါးသော အကုသိုလ်ကံ များ၏ အကျိုးတစ်ရားတို့ကို တားမြစ်ပယ်ရှားလျက် ရတနာသုံးပါး ဆရာ မိဘတို့အား ဆည်းကပ်မှီဝဲရာအကြောင်း အခွင့်ကောင်းကို ပေးပါစေသတည်းဟု ရည်သန်၍ ဩကာသ အခွင့်ပြုပါဟု ခွင့် တောင်းခြင်း ဖြစ်ပါသည်၊

အဋ္ဌသာလိနီအဋ္ဌကထာ

တစ်ဖန် ဩကာသ၏ အနက်သဘောသည် တည်ရာဟူ သော အနက်သဘောကိုလည်း ဆိုပါသည်။

ကိုယ်နှုတ်နှလုံး သုံးပါးအပေါင်းဖြင့် လူတို့သည် အောက်သို့ညွတ်၍ တည်တတ်သောသဘောသာ ဩကာသမည်ပါသည်။ ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် အောက်သို့ညွတ်၍ တည်ပြီးလျှင် ဘုရားသွတော် ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ဟု ဆိုလိုပါသည်။

## ကံ (၃)ပါး

ကာယကံ - ကိုယ်ဖြင့် ပြုလုပ်ခြင်း
ဝစီကံ - နှုတ်ဖြင့် မြွက်ဆိုပြောကြားခြင်း
မနောကံ - စိတ်ဖြင့် တွေးတောကြံစည်ခြင်း

မကောင်းသဖြင့် ပြုမှု ပြောဆို ကြံစည်မှု ဟူသမျှတို့သည် ဒုစရိုက်တရားများ ဖြစ်ကြပါသည်။ ဒုစရိုက်ဟူသည် (၁၀)ပါး ရှိပါသည်။ ယင်းကို ကံအားဖြင့်ခွဲသော်-

## ကာယကံ (၃)ပါး

၁။ ပါဏာတိပါတာ - သူ့အသက်ကိုမညှာ ရက်စက်သတ်ဖြတ်ခြင်း
၂။ အာဒိန္နာဒါနာ - သူတစ်ပါးဥစ္စာကို ခိုးယူခြင်း
၃။ ကာမေသုမိစ္ဆာစာရ - ယောက်ျားဖြစ်က မသွားမလာအပ်သော မိန်းမတို့၌ လွန်ကျူးသွားလာခြင်း၊ မိန်းမဖြစ်က မိမိလင် ခင်ပွန်းမှတစ်ပါး အခြားယောက်ျားနှင့် ဖောက်ပြားကျူးလွန်ခြင်း

ယင်း (၃)ပါးသည် များသောအားဖြင့် ကာယဒွါရ၌ ဖြစ်တတ်သောကြောင့် (ကိုယ်ဖြင့် ပြုလုပ်တတ်သောကြောင့်) ကာယကံ မည်ပါသည်။

**ဝစီကံ (၄)ပါး**

၁။ မုသာဝါဒ - မဟုတ်မမှန်စကား ပြောကြားခြင်း
၂။ ပိသုဏဝါစ - နှစ်ဦးသားတို့ အချစ်ကွဲပျက်အောင် ကုန်းတိုက်စကား ပြောကြားခြင်း
၃။ ဖရုသဝါစ - ကြမ်းတမ်းယုတ်မာသောစကား ပြောကြားခြင်း
၄။ သမ္ဖပ္ပလာပ - ဟုတ်မှန်မှုကင်းသော ပြန့်ဖျင်းသော စကား ပြောဆိုခြင်း

ယင်း (၄)ပါးသည် များသောအားဖြင့် ဝစီဒွါရ(နှုတ်ဖြင့် ပြောဆိုတတ်သောကြောင့်) ဝစီကံ မည်ပါသည်။

**မနောကံ (၃)ပါး**

၁။ အဘိဇ္ဈာ - သူပိုင်ဥစ္စာကို ငါပိုင်ဥစ္စာဖြစ်က ကောင်းလေစွ ဟု ရှေရှုကြံစည် ခြင်း
၂။ ဗျာပါဒ - တစ်ပါးသောသူ သေကြေပျက် စီးမှုကို လိုလားပြီး တောင့်တ ကြံစည်ခြင်း
၃။ မိစ္ဆာဒိဋ္ဌိ - မှားယွင်းဖောက်ပြန်သော အယူကိုယူခြင်း

ယင်း (၃)ပါးသည် များသောအားဖြင့် မနောဒွါရ၌ (စိတ်ဖြင့် တောင့်တကြံစည်) အပ်သောကြောင့် မနောကံ မည်ပါသည်။

## ဒုစရိုက် (၁၀)ပါး အပြား (၄၀)

ဒုစရိုက် (၁၀)ပါးတို့တွင် တစ်ပါးပါးသော ဒုစရိုက်၌-
သာဟတ္ထိကဒုစရိုက် - ကိုယ်တိုင်ပြုလုပ်ခြင်း
အာဏတ္တိကဒုစရိုက် - သူတစ်ပါးကို ပြုလုပ်စေခြင်း
ထောမနာဒုစရိုက် - သူတစ်ပါးပြုသည်တို့ကို ချီးမွမ်းခြင်း
သမာဆန္ဒဒုစရိုက် - သူတစ်ပါးပြုသည်တို့ကို စိတ်ဆန္ဒတူမှုခြင်း

ဟူသော (၄)ပါးစီ ရှိသည်။
သို့အတွက် (၁၀ × ၄ = ၄၀)ဖြစ်သည်။
ဆောင်ပုဒ် - ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူလေးဆယ်ကာ။

ဤဒုစရိုက်(၁၀)ပါးကိုအပါယ်ရောက်ကြောင်းမကောင်းသော လမ်းခရီးဖြစ်သော အကုသိုလ်ကံတရား (အကုသလ ကမ္မပထတရား)ဟု ခေါ်သည်။

(ဒု -မကောင်းသော၊ စရိုက် - အကျင့်၊ မကောင်းသော အကျင့်ကို ဒုစရိုက်ဟု ခေါ်သည်။

## လောဘ၊ ဒေါသ၊ မောဟနှင့် ဒုစရိုက်တရား

၁။ ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာမိစ္ဆာဒိဋ္ဌိ (၃)ပါးသည် လောဘ၊ မောဟကြောင့် ဖြစ်သည်။
၂။ ပါဏာတိပါတ၊ ဗျာပါဒ၊ ဖရုသဝါစာ (၃)ပါးသည် ဒေါသ၊ မောဟကြောင့် ဖြစ်သည်။

၃။ ပိသုဏဝါစာ၊ မုသာဝါဒ၊ သမ္ဖပ္ပလာပ၊ အဒိန္နာဒါနာ (၄)ပါး သည် ဒေါသ၊ မောဟကြောင့် ဖြစ်သည်။

**လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် ဒုက္ခတွေ့ရပုံ**

၁။ လောဘတရား လိုက်စားက - ပြိတ္တာဘုံ
၂။ ဒေါသတရား လိုက်စားက - ငရဲဘုံ
၃။ မောဟတရား လိုက်စားက - တိရစ္ဆာန်ဘုံ

**ထုတ်တမ်းနှင့် ဒုစရိုက်များပေါ်လာပုံ**

လူ့သက်တမ်း ဖြစ်ပေါ်လာသောဒုစရိုက်

၈-သောင်း ပါဏာတိပါတ၊ အဒိန္နာဒါန(သတ်၊ ခိုး) ၂-ပါး ပေါ်လာသည်။

၄-သောင်း မုသာဝါဒ (လိမ်လည်မှု)ထပ်တိုးသည်။

၂-သောင်း ပိသုဏဝါစာ (ကုန်းတိုက်မှု) ထပ်တိုးသည်။

၁-သောင်း ကာမေသုမိစ္ဆာစာရ (ဖြစ်မှားမှု) ထပ်တိုးသည်။

၅-ထောင် ဖရုသဝါစာ၊ သမ္ဖပ္ပလာပ (ကြမ်းတမ်းစွာ ပြော ဆိုခြင်းနှင့် အနှစ်မဲ့စကားပြောခြင်း) ထပ်တိုးသည်။

၂-ထောင် အဘိဇ္ဈာဗျာပါဒ (ပတ္တရားလိုချင်မှုနှင့် ဖျက်ဆီးမှု) ထပ်တိုးသည်။

၁-ထောင် မိစ္ဆာဒိဋ္ဌိ (အယူမှား) တို့သည် ဒုစရိုက် (၁၀)ပါး အစုံပေါ်လာသည်။

၅-ရာတွင် အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မ (မပေါရေး တပ်မက်ခြင်း၊ မမျှတသောအလို၊ မှုမှန်သော ရာဂ) တရားဆိုးသုံးပါး ထွန်းကားစပြုလာသည်။

၂-ရာတွင် အမိ၊ အဖ၊ ရဟန်း၊ သူတော်ကောင်းနှင့် ကြီးသူ
တို့အပေါ် ကျင့်ဝတ်များပျက်ကွက်စ ပြုလာသည်။
အနှစ်တစ်ရာထိ ဆုတ်ယုတ်

၁-ရာတွင် အနှစ်တစ်ရာမှ နောက် သုစရိုက်တရားများ
ဆုတ်ယုတ်ပြီး၊ ဒုစရိုက်တရားများ တိုးပွားလာ
၍ ဆယ်နှစ်တန်းအထိ ဆုတ်သွားသည်။ ငါးနှစ်
အရွယ် အိမ်ထောင်ပြုကြသည်။

## ဒုစရိုက်၏ အဝေါ့ဆုံးအဖြစ်

၁။ ပါဏာတိပါတ၏ အပေါ့ဆုံးအပြစ်ကား-အသက်တို၏။
၂။ အဒိန္နာဒါန၏ အပေါ့ဆုံးအပြစ်ကား- ဥစ္စာပျက်စီး၏။
၃။ ကာမေသုမိစ္ဆာစာရ၏ အပေါ့ဆုံးအပြစ်ကား-ရန်များ၏။
၄။ မုသာဝါဒ၏ အပေါ့ဆုံးအပြစ်ကား- စွပ်စွဲခံရတတ်၏။
၅။ ပိသုဏာဝါစာ၏ အပေါ့ဆုံးအပြစ်ကား-မိတ်ပျက်တတ်၏။
၆။ ဖရုသဝါစာ၏ အပေါ့ဆုံးအပြစ်ကား- မနှစ်သက်ဖွယ်အသံ
ထွက်၏။
၇။ သမ္ဖပ္ပလာပ၏ အပေါ့ဆုံးအပြစ်ကား-မိမိစကား သူများ
မယုံတတ်။
၈။ သုရာမေရယ၏ အပေါ့ဆုံးအပြစ်ကား-
အရူးဖြစ်တတ်၏။

သေလွန်သော် ဒုစရိုက်ကံ၏ ဆိုးကျိုးဖြစ်ကား ငရဲတိရစ္ဆာန်
ပြိတ္တာ ဖြစ်ရတတ်၏။

## ထုစရိုက်မှ ဒါန၊ သီလ၊ ဘာဝနာ ဖြစ်နိုင်ပုံ

၁။ ကာယဒုစရိုက် သုံးပါးမှ ကြဉ်ရှောင်ခြင်းသည် -
ကာယကံ အမှုအရာစင်ကြယ်ခြင်းဖြစ်၍ - ဒါန

၂။ ဝစီဒုစရိုက် လေးပါးမှ ကြဉ်ရှောင်ခြင်းသည် -
ဝစီကံ အမှုအရာ၏ စင်ကြယ်ခြင်းဖြစ်၍ - သီလ

၃။ မနောဒုစရိုက် သုံးပါးမှ ကြဉ်ရှောင်ခြင်းသည် -
မနောကံ အမှုအရာ၏စင်ကြယ်ခြင်းဖြစ်၍ - ဘာဝနာ

## ထုထိုလ်ထုစရိုက်တရားတို့ဖြစ်ရာ ပုညကြိယာဝတ္ထု (၁၀)ပါး

၁။ ဒါန - ပေးကမ်းစွန့်ကြဲမှု
၂။ သီလ - ကာယကံ၊ ဝစီကံကို စောင့်ရှောက်မှု
၃။ ဘာဝနာ - သမထဝိပဿနာ ပွားများမှု
၄။ အပစာယန - ကြီးသောသူကို ရိုသေမှု
၅။ ဝေယျာဝစ္စ - သူတစ်ပါး အမှုကိစ္စကို ကောင်းစွာ ဆောင်ရွက်မှု
၆။ ပတ္တိဒါန - ကုသိုလ်အမျှ ပေးဝေမှု
၇။ ပတ္တာနုမောဒန - သာဓုအနုမောဒနာခေါ်မှု
၈။ ဓမ္မသဝန - တရားကောင်းစွာနာမှု
၉။ ဓမ္မဒေသနာ - ကိုယ်တိုင်တရားဟောမှု
၁၀။ ဒိဋ္ဌုဇုကမ္မ - အယူဖြောင့်မတ်မှု

## ဒါန၊ သီလ၊ ဘာဝနာနှင့် ပုညကြိယာဝတ္ထု(၁၀)ခွဲဝေပုံ

၁။ ပတ္တိဒါန၊ ပတ္တာနုမောဒနတို့သည် ဣဿာ မစ္ဆရိယ (မနာလိုဝန်တိုမှု) တို့၏ ဆန့်ကျင့်ဘက်ဖြစ်သောကြောင့် ဒါနသဘောရှိသဖြင့် ဒါနထဲ၌ သွင်းသည်။

၂။ အပစာယန၊ ဝေယျာဝစ္စတို့သည် စာရိတ္တသီလမျိုးဖြစ်သောကြောင့် သီလ၌ သွင်းရသည်။

၃။ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတို့သည် ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မောနမနတ္ထိ ဟံနှင့် ကင်းလွန်းသောတရားမည်သည် မရှိဟူ၍ အဋ္ဌကထာဆရာ ဆိုသောကြောင့် ဘာဝနာ၌ သွင်းရပါသည်။

## သုစရိုက် (၁၀)ပါး

၁။ ပါဏာတိပါတာဝိရတိ - သူတစ်ပါးအသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း

၂။ အဒိန္နာဒါနာဝိရတိ - သူတစ်ပါးဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း

၃။ ကာမေသုမိစ္ဆာစာရာဝိရတိ - ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။ ဤသုံးပါးသည် ကာယကံ သုစရိုက်ဖြစ်သည်။

၄။ မုသာဝါဒါဝိရတိ - မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း

၅။ ပိသုဏာဝါစာဝိရတိ - ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း

၆။ ဖရုသဝါစာဝိရတိ - ကြမ်းတမ်းစွာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း

၇။ သမ္ဖပ္ပလာပဝိရတိ - အနှစ်မဲ့စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း

ဤလေးပါးသည် သုစရိုက် ဝစီကံဖြစ်သည်။

၈။ အနဘိဇ္ဈာ - သူတစ်ပါးစည်းစိမ်ကိုမတရား ကြံစည်ခြင်း

၉။ အဗျာပါဒ - သူတစ်ပါးကို မဖျက်ဆီးခြင်း

၁၀။ သမ္မာဒိဋ္ဌိ - အယူမှန်ကန်ခြင်း

ဤသုံးပါးသည် မနောကံ သုစရိုက်ဖြစ်သည်။ သုဂတိ ရောက်ကြောင်း ကောင်းသောလမ်းခရီးဖြစ်သော ကုသိုလ်ကံ (ကုသလကမ္မပထ)တရားဟု ခေါ်သည်။

သု - ကောင်းသော၊ စရိုက် - အကျင့်တရား - ကောင်းသော အကျင့်ကို သုစရိုက်ဟု ခေါ်ပါသည်။

## သုစရိုက်ဆယ်ပြား (၄၀)

သုစရိုက်(၁၀)ပါး၏ တစ်ပါးစီတွင် -

- ကိုယ်တိုင်ပြုခြင်း
- တိုက်တွန်းခြင်း
- ချီးမွမ်းခြင်း
- အလိုတူခြင်း

ဟူသော လေးမျိုးစီ ပါဝင်သည်။ သို့အတွက် (၁၀ × ၄ = ၄၀) ဖြစ်ပါသည်။

## ထုစရိုက်နှင့် တတ်တင်

ဆယ်နှစ်တမ်းတွင် သတ္တာနှရကပ် ဘေးဆိုးကြီးမှ လွတ်မြောက်လာသူတို့သည် အချင်းချင်း တွေ့ဆုံကြသောအခါ သတိသံဝေဂတရား ရကြ၍ ဘူအသက် သတ်ခြင်း စသည်တို့ကို ရှောင်သောကြောင့် (၁၀)နှစ်တမ်းမှ အနှစ် (၂၀)အထိ သက်တမ်း တိုးလာသည်။ ၂၀ မှ ၄၀-၈၀၊ ၁၆၀၊ ၃၂၀၊ ၆၄၀၊ ၂၀၀၀၊ ၄၀၀၀၊ ၈၀၀၀၊ ၂၀၀၀၀၊ ၄၀၀၀၀၊ ၈၀၀၀၀ အထိ အဆင့်ဆင့် တိုးလာသည်။

တက်ကပ်ကာလတွင် သုစရိုက်တရား ထွန်းကားလာသောကြောင့် သောကပျာပါဒနည်းပါးပြီး ချမ်းသာသုခ ပြည့်ဝစွာ နေထိုင်ကြရသည်။

## ရတနာသုံးပါး

ရတနာ-အကြင်ဝတ္ထုသည် နလုံးမွေ့လျော် ရွှင်ပျော်နှစ်သက်ခြင်းကို ဆောင်တတ်၏။ ချက်ဆောင်တတ်၏။ ဖြစ်စေတတ်၏။ တိုးပွားစေတတ်၏။ သို့အတွက် ထိုဝတ္ထုသည် ရတနာ မည်ပါသည်။

## ရတနာသုံးပါး အမြတ်ရတနာစေါ်ပုံ

လောကတွင် စကြာရတနာ ဖြစ်ပေါ်လာသောအခါ ပြည်သူပြည်သားတို့သည် မိမိတို့ မိရိုးဖလာ ကိုးကွယ်မြဲ နတ်စသည်တို့ကို အမှတ်မရတော့ဘဲ ပန်းနံ့သာလက်စွဲ၍ အမြဲမပြတ် စကြာရတနာကိုသာ အရိုအသေ အလေးအမြတ် ပူဇော်ကြကုန်သည်။

စကြာဝတေးမင်း၏ စကြာရတနာသည် ပြည်သူအများ ညွှတ်သွားပူဇော် အမြဲမပြတ် ဆည်းကပ်အပ်သောကြောင့် အမြတ်ဟူ၍

ခေါ်ဝေါ်သကဲ့သို့ ဘုရား၊ တရား၊ သံဃာတို့မှာ ပြဟ္မာ၊ နတ်၊ လူခပ်သိမ်းသူတို့၏ ကြည်ဖြူစိတ်စွဲ အမြဲမပြတ် ပူဇော်အပ်သောကြောင့် အမြတ်ရတနာဟု ခေါ်ပါသည်။

## ဘုရား၊ တရား၊ သံဃာရတနာတို့ အတုမရှိမြတ်ပုံ

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည်၌လည်းကောင်း၊ ဂဠုန်ပြည် အစရှိသည်တို့၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း၊ အလုံးစုံသောနစ်သက်ခြင်းကို ဖြစ်စေတတ်သော ထိုက်တန်ထူးမြတ်သော အကြင်လောကီ ဥစ္စာရတနာ အဖြာဖြာတို့သည် တည်ရှိကြပါသည်။ ထိုရတနာတို့ထက် ဘုရား၊ တရား၊ သံဃာရတနာတို့သည် အတုမရှိ မြတ်လှပါသည်။

ရတနသုတ်

စကြဝတေးမင်း၏ စကြရတနာနှင့် အလိုရှိအပ်သော စည်းစိမ်ကို ပေးတတ်သော ပတ္တမြားရတနာသည် စိတ်၌ ရှိသေလေးမြတ် ပူဇော်အပ်သော သဘောကြောင့် ရတနာမည်ပါသည်။ ထိုရတနာ နစ်ပါးနှင့် ဘုရားရတနာ တူမျှသောဂုဏ်သဘောသည် မရှိပါ။

"ကာသိတိုင်းဖြစ် အဝတ်ပုဆိုးသည် အဆင်းလည်းလှ၊ အတွေ့လည်းနူးညံ့၊ အဖိုးတစ်သိန်း နစ်သိန်းထိုက်၍ ရတနာမည်သည်မှန်သော်လည်း ဘုရားရတနာနှင့် အဖိုးမျှသောဂုဏ်သဘော လုံးဝမရှိပါချေ။"

ရဒ္ဒကပါဌအဋ္ဌကထာ

"စကြရတနာကို ပန်းပုလက်သမားဆရာတို့ ပုံတူပြု၍ မရသည့်အတွက်ကြောင့် နှစ်သက်စရာ ရတနာမည်ပါသော်လည်း ဘုရားရတနာနှင့်တူသော ဂုဏ်သဘောသည် မရှိချေ"

စကြမင်းများ၏ ရတနာသည် လောကီအချက် အတုမရှိသော အနက်ကြောင့် ရတနာမည်သည်ဟု ဆိုစေကာမူ ဘုရားရတနာနှင့် နှိုင်းစာသော် ရတနာဟူ၍ ခေါ်ဝေါ်စရာ မရှိပါချေ၊ အကြောင်းမှာ မြတ်စွာဘုရား၏ သီလ၊ သမာဓိ၊ ပညာစသည် တစ်ပါးပါးဖြင့်လည်းကောင်း၊ ဘုန်းကံသမ္ဘာ ဉာဏ်တော်ဖြင့်လည်းကောင်း၊ တစ်စုံတစ်ယောက်သောသူသည် နှိုင်းချိန်၍ ဤမျှသော ဂုဏ်ရှိ၏၊ ဤနှင့်တူမျှ၏ဟူ၍ ပိုင်းခြားခြင်းငှာ မစွမ်းနိုင်ပါ၊ သို့အတွက် ဘုရားရှင်သည်သာလျှင် အတုရှိမြတ်သော ရတနာမည်ပါသည်။

## လောကီ ရတနာနှင့် လောကုတ္တရာ ရတနာများ

| လောကီရတနာ | လောကုတ္တရာရတနာ |
|---|---|
| ၁။ ရွှေရတနာ | ဩတ္တပ္ပရတနာ - တူ |
| ၂။ ငွေရတနာ | ဟိရီရတနာ - တူ |
| ၃။ ပုလဲရတနာ | သီလရတနာ - တူ |
| ၄။ ပတ္တမြားရတနာ | စာဂရတနာ - တူ |
| ၅။ ကျောက်မျက်ရတနာ | သဒ္ဓါရတနာ - တူ |
| ၆။ စိန်ရတနာ | ပညာရတနာ - တူ |
| ၇။ သန္တာရတနာ | သုတရတနာ - တူ |

## ထူးရား (၃)မျိုး

၁။ ပညာဓိကဘုရား - သဒ္ဓါ နံ့နေး၊ ဝီရိယ အလယ်အလတ်၊ ပညာထက်မြက်အားကြီး

၂။ သဒ္ဓါဓိကဘုရား - ဝီရိယနံ့နေး၊ ပညာအလယ်အလတ်၊ သဒ္ဓါထက်မြက်အားကြီး

၃။ ဝီရိယာဓိကဘုရား- ပညာနံ့နေး၊ သဒ္ဓါအလယ်အလတ်၊ ဝီရိယထက်မြက်အင်အားကြီး

## ထူးရား (၄)မျိုး

၁။ သမ္မာသမ္ဗုဒ္ဓဘုရား - ဆရာမရှိ ကိုယ်တော်တိုင် သစ္စာလေးပါးသိဘုရား၊

၂။ ပစ္စေကဗုဒ္ဓဘုရား - မိမိတစ်ဦးတည်းသာ သစ္စာလေးပါးသိ၊ တရားမဟောနိုင်သောဘုရား၊

၃။ စတုသစ္စသမ္ဗုဒ္ဓဘုရား - သစ္စာသိမြင် ရဟန္တာမထေရ်မြတ်များ

၄။ သုတဘုရား - ပရိယတ်၊ ပဋိပတ် နစ်ရပ် ဗဟုသုတနှင့်ပြည့်စုံသော ရဟန်းများ

## ဘုရားဂုဏ်တော် (၉)ပါး

ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

၁။ အရဟံ - ပြဟ္မာနတ်လူ ဘုံသုံးလူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သောဂုဏ်။

၂။ သမ္မာသမ္ဗုဒ္ဓေါ - သစ္စာလေးပါး မြတ်တရားကို အလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသောဂုဏ်။
၃။ ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ် - ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါး အဘိညာဉ်တရားနှင့်ပြည့်စုံသောဂုဏ်။
၄။ သုဂတောဂုဏ် - စကားဆိုရိုး ခွန်းခြောက်မျိုးတွင် ကျိုးရှိဟုတ်မှန် နှစ်တန်မျှကို မြွက်ဆိုတော်မူတတ်သောဂုဏ်။
၅။ လောကဝိဒူဂုဏ် - သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတည်းဟူသော လောကသုံးပါးကို ပိုင်းခြားသိသောဂုဏ်။
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ် - မယဉ်ကျေးသောသတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူရာ၌ တုဘက်ပြိုင်ကင်းသောဂုဏ်။
၇။ သတ္ထာဒေဝ မနုဿာနံ - လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူဖြစ်တော်မူသောဂုဏ်။
၈။ ဗုဒ္ဓေါ - သစ္စာလေးပါး မြတ်တရားကို ဧကန်သိသောဂုဏ်။
၉။ ဘဂဝါ - ဘာဂျသာရိယ၊ ဓမ္မ၊ ယသသ၊ သီရိ၊ ကာမ၊ ပယတ္တဟူသော ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသောဂုဏ်။

## ဘုရားဂုဏ်တော် ပွားများခြင်း၏အကျိုး

ဘုရားဂုဏ်တော်ကို ရွတ်ဆိုပွားများသောသူသည်-

၁။ ရာဂ၊ ဒေါသ၊ မောဟ၊ ကိလေသာ မဖြစ်ပွားခြင်း
၂။ စိတ်ဓာတ် အစဉ် ဖြောင့်မတ်ခြင်း
၃။ ဘုရား၌ ရိုသေခြင်း
၄။ သဒ္ဓါ၊ သတိ၊ ပညာ၊ ပုည ပြန့်ပြောခြင်း
၅။ ပီတိပါမောဇ္ဇ များပြားခြင်း
၆။ ဘေးအမျိုးမျိုးကို သည်းခံနိုင်ခြင်း
၇။ ဘုရားနှင့်အတူနေရသကဲ့သို့ ထင်မှတ်ခြင်း
၈။ ဗုဒ္ဓနုဿတိပွားများနေသူသည် စေတီအလား ပူဇော်ထိုက်ခြင်း
၉။ ဘုရား၌ စိတ်ရောက်နေ၍ အပြင်အပ အကုသိုလ်များ မဂင် နိုင်ခြင်း
၁၀။ အကုသိုလ်ဖြစ်မှု ကျူးလွန်စရာတွေကြုံခဲ့သော် ဘုရား အာရုံ ထင်မြင်လာ၍ အရှက်အကြောက် ဝင်ပြီး မလွန်ကျူး မိခြင်း
၁၁။ ဤဘဝ၌ မဂ်ဖိုလ်မရစေကာမူ သေလွန်သောအခါ ဒုဂ္ဂတိဘုံ မကျရောက်နိုင်

ဝိသုဒ္ဓိမဂ်၊ ပထမအုပ်-၂၀၆

## ဗုဒ္ဓဂုဏ်တော်ဆိုင်ရာ သိမှတ်ဖွယ်များ

### သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ဗုဒ္ဓဂုဏ် ကွာခြားပုံ

၁။ သမ္မာသမ္ဗုဒ္ဓဂုဏ်သည် - သစ္စာလေးပါးမြတ်တရားကို မည် သူတစ်ဦးတစ်ယောက်မျှ ဆရာမရှိ မိမိကိုယ်တော်တိုင်သာ

ကြွင်းမဲ့ကုန်စင် သိမြင်တော်မူသော အရဟတ္တမဂ်ဉာဏ်တော် ဖြစ်ပါသည်။
ဗုဒ္ဓဂုဏ်တော်သည် ဝိမောက္ခနိဿဟဖြစ်သော သဗ္ဗညုတဉာဏ် တော်ကြီး ဖြစ်ပါသည်။

## လောကဝိဒူနှင့် အဝေဝိဂုဏ် ထွာခြားပုံ

၁။ လောကဝိဒူသည် လူနတ်တို့ အရှိအသေ ချီးမွမ်းခံဆိုအပ် သည်နှင့် စပ်ယှဉ်သော နာမပညတ် ပြဌာန်းပါသည်။
၂။ အဝေဝိဂုဏ်သည် ဂုဏ်ကျေးဇူးတော်နှင့် ယှဉ်စပ်သောဂုဏ် တော် ပြဌာန်းပါသည်။

## ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ဝါ ဝိဇ္ဇာ (၃)ပါး

၁။ ပုဗ္ဗေနိဝါသဂုဏ် - ရှေးရှေးဘဝ ခန္ဓာအစဉ်တို့ကို သိ ရှိခြင်း။
၂။ ဒိဗ္ဗစက္ခုဉာဏ် - နတ်မျက်စိကဲ့သို့ မြင်နိုင်ခြင်း။
၃။ အာသဝက္ခယဉာဏ် - အာသဝေါတရား လေးပါးတို့၏ ကုန်ခြင်းကို သိခြင်း။

## ဝိဇ္ဇာ (၈)ပါး

၁။ ဝိပဿနာဉာဏ် - အထူးထူး အပြားပြားရှုတတ်ခြင်း
၂။ မနောမယိဒ္ဓိဉာဏ် - စိတ်အလိုရှိတိုင်း ပြည့်စုံခြင်း
၃။ ပရစိတ္တဝိဇာနာဉာဏ် - သူတစ်ပါး၏ စိတ်ကိုသိခြင်း
၄။ ဒိဗ္ဗစက္ခုဉာဏ် - နတ်မျက်စိပမာ အလုံးစုံကိုမြင် နိုင်ခြင်း

၅။ ဒိဗ္ဗသောတဉာဏ် - နတ်နားပမာ အလုံးစုံကို ကြားနိုင်ခြင်း

၆။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် - ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်း

၇။ ဣဒ္ဓိဝိဓဉာဏ် - တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း

၈။ အာသဝက္ခယဉာဏ် - အာသဝေါလေးပါးကင်း၍ ဝိဇ္ဇာအလင်းနှင့် ပြည့်စုံခြင်း

**စရဏတရား (၁၅)ပါး**

၁။ သီလသံဝရ - ပါတိမောက္ခ သီလကို စောင့်ခြင်း

၂။ ဣန္ဒြိယသံဝရ - စက္ခုစသော ဣန္ဒြေတို့ကို စောင့်ခြင်း

၃။ ဘောဇနေမတ္တညုတာ - ဆွမ်း ဘောဇဉ်ရှာခြင်း၊ ခံခြင်း၊ သုံးဆောင်ခြင်း၌ အတိုင်းအရှည်သိခြင်း

၄။ ဇာဂရိယာနုယောဂ - နိုးကြားခြင်းနှင့်ယှဉ်ခြင်း

၅။ သဒ္ဓါ - ယုံကြည်ခြင်း

၆။ သတိ - အောက်မေ့ခြင်း

၇။ ဟိရိ - မကောင်းမှုမှ ရှက်ခြင်း

၈။ ဩတ္တပ္ပ - မကောင်းမှုမှ ကြောက်ခြင်း

၉။ ဗာဟုသစ္စ - အကြားအမြင်များခြင်း

၁၀။ ဝီရိယ - မဆုတ်မနစ်အားထုတ်ခြင်း

၁၁။ ပညာ - ထိုးထွင်း၍သိခြင်း

၁၂။ ရူပါဝစရပထမဈာန်
၁၃။ ရူပါဝစရဒုတိယဈာန်
၁၄။ ရူပါဝစရတတိယဈာန်
၁၅။ ရူပါဝစရစတုတ္ထဈာန်

## သူဝတောဝုတ်အရ စကားကြီး (၆)ခွန်း

၁။ မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ သူတစ်ပါးလည်း မနှစ်သက်သောစကား
၂။ မှန်လည်းမှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးလည်း မနှစ်သက်သောစကား
၃။ မှန်လည်းမှန်၏၊ အကျိုးလည်းရှိ၏။ သူတစ်ပါးမနှစ်သက်သောကား
၄။ မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ သူတစ်ပါး နှစ်သက်သောစကား
၅။ မှန်ကားမှန်၏၊ အကျိုးမရှိ၊ သူတစ်ပါး နှစ်သက်သောစကား
၆။ မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါး နှစ်သက်သောစကား

ဤစကား ခြောက်ခွန်းတွင် ဘုရားရှင်နှင့်တကွ ပညာရှိသူတော်ကောင်းတို့သည် သုံးနှင့်ခြောက် စကားနှစ်ခွန်းသာ ဆိုပါသည်။

## ထုန်းတော် (၆)ပါး

၁။ ဣာဿရိယဂုဏ် - မွန်မြတ်သောစိတ်တော်၌ အစိုးရခြင်းဘုန်းတော်

၂။ ဓမ္မဂုဏ် - လောကုတ္တရာ ကိုးပါးဟူသော ဘုန်းတော်
၃။ ယသဂုဏ် - အခြံအရံများခြင်း၊ ကျေးဇူးသတင်း ပျံ့နှံ့ခြင်းဘုန်းတော်
၄။ သီရိဂုဏ် - ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော ဘုန်းတော်
၅။ ကာမ - အလိုရှိတိုင်း ပြီးစေနိုင်သော ဘုန်းတော်
၆။ ပယတ္တ - ခပ်သိမ်းသော သတ္တလောက၏ ဆရာ ဖြစ်ကြောင်း ကောင်းသော လုံ့လနှင့် ပြည့်စုံတော်မူသော ဘုန်းတော်

## တရားဂုဏ်တော် (၆)ပါး

သွာက္ခာတော၊ ဘဂဝတောဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ၊

၁။ သွာက္ခာတော - စ၊ လယ်၊ ဆုံး သုံးပါးလုံး ကောင်းစွာဟော သောဂုဏ်
၂။ သန္ဒိဋ္ဌိကော -ကျင့်ဆောင်သူတို့အား ယခု ပစ္စုပ္ပန်ပင် ဒိဋ္ဌ ကိုယ်တွင် တွေ့ မြင်ယုံကြည်ရသော ကောင်းကျိုး ချမ်းသာနှင့် ပြည့်စုံ သောဂုဏ်တော်
၃။ အကာလိကော - ကာလမရွေ့ ကျင့်သည့်နေ့ပင် ကောင်းကျိုး ချမ်းသာနှင့် ပြည့်စုံတော်မူသောဂုဏ်
၄။ ဧဟိပဿိကော - လာပါ ရှုပါ ကျင့်ကြည့်ကြပါဟု တိုက်တွန်း ခြင်းငှာ ထိုက်တန်သောဂုဏ်

၅။ ဩဘပနေယျနိဿော - မိမိကာယအဖွဲ့အစွာတွင် ရရှိပေါက်ရောက်၊ ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင် ဆိုက်သောဂုဏ်

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ - ကြည့်ညိုကာမျှ ယုံကြည်ကာမျှတွင် မရပ်မူ၍ ပညာရှိတို့သည် ကိုယ်တွေ့မျက်မှောက် ဒိဋ္ဌဉာဏ်ဖြင့် သိသင့် သိထိုက်သောဂုဏ်

## …ဘုရား ဂုဏ်တော် ပွားများရခြင်းအကျိုး

(… ဂုဏ်တော်ပွားများရ၍ ရသော အကျိုးဆယ်ပါး နည်းတူရပါသည်။)

## …ံယဂုဏ်တော် (၃)ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသဘဂဝတော သာဝကသံဃော
အာဟုနေယျော ပါဟုနေယျော ဒက္ခိနေယျော
အဉ္ဇလိကရဏီယော
အနုတ္တရံပုညက္ခေတ္တံ လောကဿာတိ။

၁။ သုပ္ပဋိပန္နဂုဏ် - လွန်ကောင်းမြတ်သော အကျင့်ဂုဏ်
၂။ ဥဇုပ္ပဋိပန္နဂုဏ် - လွန်ဖြောင့်မတ်သော အကျင့်ဂုဏ်
၃။ ဉာယပ္ပဋိပန္နဂုဏ် - လွန်သင့်မြတ်သော အကျင့်ဂုဏ်

၄။ သာမိစိပ္ပဋိပန္နဂုဏ် - ရိုသေအပ်သော အကျင့်ဂုဏ်
၅။ အာဟုနေယျဂုဏ် - ဆွမ်း သည်ရည်ဖူး အလှူဝတ္ထုကို ခံယူထိုက်သောဂုဏ်
၆။ ပါဟုနေယျဂုဏ် - လက်ဆောင်ယူခြား အလှူဝတ္ထုများကို ခံယူထိုက်သောဂုဏ်
၇။ ဒက္ခိဏေယျဂုဏ် - မြတ်သောအလှူကို ခံယူထိုက်သောဂုဏ်
၈။ အဉ္ဇလိကရဏီယဂုဏ် - လက်အုပ်ချီခြင်း/ ရှိခိုးဦးချခြင်းငှါ ထိုက်သောဂုဏ်
၉။ အနုတ္တရပုညက္ခေတ္တဂုဏ် - လယ်ယာမြေကောင်းနှင့်တူသောဂုဏ်

## ယံသာဂုဏ်တော် ပွားများခြင်းအကျိုး

(ဘုရားဂုဏ်တော်ပွားများ၍ ရသော အကျိုးဆယ်ပါး နည်းတူရပါသည်။)

## ယမ္မဒေါ်ယခပ်သိမ်းသောအပြစ်

ခပ်သိမ်းသောအပြစ်ဟူသည် -

၁။ ဤနေ့မှစ၍ ရှေးအခါ သံသရာဘဝအဆက်ဆက်ကို က ကိုယ်ဖြင့်ပြုခဲ့မိသော မကောင်းမှု ကာယကံပြစ်မှုများ
၂။ ဤနေ့မှစ၍ ရှေးအခါ သံသရာဘဝအဆက်ဆက်တို့က နှုတ်ဖြင့်ပြုခဲ့မိသော မကောင်းမှု ဝစီကံပြစ်မှုများ
၃။ ဤနေ့မှစ၍ ရှေးအခါ သံသရာဘဝအဆက်ဆက်ကို က စိတ်ဖြင့်ပြုခဲ့မိသော မကောင်းမှု မနောကံပြစ်မှုများ

၄။ ရှေးအခါ သံသရာဘဝအဆက်ဆက်တို့က ကိုယ်. နှုတ်. နလုံး သုံးပါးလုံး ပြုကျင့်ခဲ့မိသော်လည်း ကံမထိုက်ပါ၊ ဒုစရိုက် အပြစ်ဦးသာ တည်နေသော ဒုစရိုက်ပြစ်မှုများ ဤအပြစ်များကို ခပ်သိမ်းသော အပြစ်များဟု ဆိုပါသည်။

## ဒုစရိုက်အပြစ်နှင့် ထံမြောက်(ထမ္မပထ)အပြစ်

၁။ အပါယ်ပဋိသန္ဓေကို ပေးစွမ်းနိုင်သော ဒုစရိုက်သည် ဒုစရိုက် လည်းမည်၏၊ ကမ္မပထလည်း မည်၏။

၂။ အပါယ်ပဋိသန္ဓေကို မပေးနိုင်သော ဒုစရိုက်သည် ဒုစရိုက် သာမည်၏၊ ကမ္မပထ မမည်ပါ။

## မပြစ်မှားထိုက်သော ခဝ်ပွန်းကြီး(၁၀)ပါး

၁။ ဘုရားရှင်(ယခုခေတ် ဘုရားစေတီ ရုပ်ပွားများ)
၂။ ပစ္စေကဗုဒ္ဓါ
၃။ ရဟန္တာများ(ယခုအခါ ယင်း၏ ဓာတ်တော်များနှင့် သံဃာတော်များ)
၄။ အဂ္ဂသာဝကကြီးနှစ်ပါး (အရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတြာ)
၅။ မိမိကို စာသင်ပေးသောဆရာ
၆။ မိခင်
၇။ ဖခင်
၈။ တစ်စုံတစ်ရာ ပေးကမ်း မ.စခြင်းပြုဖူးသော ပုဂ္ဂိုလ်
၉။ မိမိထက် အဲသက်သိက္ခာဂုဏ်ကြီးသူ
၁၀။ မိမိအား ဆိုဆုံးမစကား ပြောဟောသူ

## ခင်ပွန်းကြီး(၁၀)ပါး ပြစ်မှားသူ အပြစ်များ

ခင်ပွန်းကြီး (၁၀)ပါးတွင် တစ်ယောက်ယောက်ကို ပြစ်မှားသူ လောကတွင် ဒဏ်(၁၀)ပါး သင့်တင့်ပြီး သေလျှင် အပါယ်သို့ လျှင်မြန်စွာ ကျရောက်တတ်ပါသည်။

၁။ ဥစ္စာပျက်စီးခြင်း
၂။ ကိုယ်ခန္ဓာပျက်စီးခြင်း
၃။ ဆွေမျိုးပျက်စီး
၄။ ရူးခြင်း
၅။ နူခြင်း
၆။ အစွပ်စွဲခံရခြင်း
၇။ မီးလောင်ခံရခြင်း
၈။ ဖျားနာခြင်း
၉။ ဒဏ်ထားခံရခြင်း
၁၀။ တရားရုံးခြင်း

ဝေဒနာကြီးမား၊ လျော့ပါးစည်းစိမ်၊ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊ ကျိုးပျက်အင်္ဂါ၊ နူနာစိတ်ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရွှေ ငွေကျွဲနွား၊ ယွင်းဖောက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ခက်ကြီးရောက်၍၊ နောင်၌မမြဲ၊ ပေပေါက်လဲသော်၊ ငရဲကြီးစွာ လားတို့ရာ၏။

မာဃာဒေဝလင်္ကာ

## ခင်ပွန်းကြီး(၁၀)ပါး မပြစ်မှားအကျိုး

ခင်ပွန်းကြီး (၁၀)ပါးကို မပြစ်မှား၊ ကန်တော့ခြင်း၊ ရိုသေခြင်း၊ ပူဇော်ရှိခိုးခြင်း ပြုသူတို့သည် အကျိုးများစွာ ရပါသည်။

၁။ ကြမ်းတမ်းခက်ထန်သော အနာကင်းသည်
၂။ ဥစ္စာပစ္စည်းတည်မြဲသည်
၃။ လက်ခြေစသော ကိုယ်အင်္ဂါများ မချို့တဲ့ပါ

၄။ အနူ အရွဲ၊ ဝဲနာ၊ နင်းခူနာ၊ ခါးကုန်း၊ မျက်စိကန်း၊ နား ပင်းမရှိ
၅။ လေဖြတ်၊ ရှုသွပ်မရှိ
၆။ ရာထူးဂုဏ် စည်းစိမ်ဉစ္စာတို့ကို မင်းတို့ ဘေးမပြုနိုင်
၇။ သူတစ်ပါး စွပ်စွဲခြင်းမခံရ
၈။ မိသားစု ကွဲပျက်သေခြင်းမရှိ
၉။ မိမိအိုး မိမိစည်းစိမ် ရန်သူမျိုးငါးပါးကင်း
၁၀။ ပစ္စည်းဉစ္စာ အလှူယ်တကူရှာရပြီး သူဌေးဖြစ်နိုင်
၁၁။ သေသောအခါ နတ်ပြည်သို့ ရောက်ရသည်။

ဓမ္မပဒအဋ္ဌကထာ

## ရိုခိုးခြင်းများ

ရှိခိုးခြင်းဆိုသည်မှာ ရိုသေမြတ်နိုး အားကိုးအားထား ညွှတ်တွားကိုင်းရှိုင်းခြင်းကို ဆိုလိုပါသည်။

### ရှိခိုးခြင်းအမျိုးအစား

၁။ ကာယပဏာမ - ကိုယ်ဖြင့်ညွှတ်တွားကိုင်းရှိုင်းခြင်း
၂။ ဝစီပဏာမ - နှုတ်ဖြင့်ညွှတ်တွားကိုင်းရှိုင်းခြင်း
၃။ မနောပဏာမ - စိတ်ဖြင့်ညွှတ်တွားကိုင်းရှိုင်းခြင်း

### တစ်နည်းရှိခိုးခြင်း (၃)မျိုး

၁။ ပဉ္စနာပဏာမ - ဦးချ၍ ရှိခိုးခြင်း
၂။ ထောပနာပဏာမ- ကျေးဇူးဂုဏ်ကို ပြောဆိုချီးမွမ်းခြင်း
၃။ အဉ္ဇလိပဏာမ - လက်အုပ်ချီ၍ ရှိခိုးခြင်း

(၁) ကာယပဏာမ (ဝန္ဒနာပဏာမ)ရှိခိုးနည်း

ဒူးနှစ်ဖက်ကို မြေနှင့်တည်စေခြင်း
လက်နှစ်ဖက်ကို မြေနှင့်တည်စေခြင်း
ဦးထိပ်နဖူးပြင်ကို မြေနှင့်တည်စေခြင်း

ဤတည်ခြင်း (၅)ဖြာ ညီညာဝပ်စင်း မြေမှာခင်း၍ ရှိခိုးခြင်း ဖြစ်သည်။

(၂) ဝစီပဏာမ (ထောပနာပဏာမ)ရှိခိုးနည်း

ရိုသေညွတ်ကျိုး မြတ်နိုးသောစိတ်ဖြင့် ရတနာသုံးပါး ဆရာသမားတို့၏ ဂုဏ်တော် ဒကျေးဇူးတော်တို့ကို ချီးမွမ်း ပြောဆို၍ ဝစီပဏာမ နှုတ်ဖြင့်ရှိခိုးခြင်း ဖြစ်ပါသည်။

(၃) မနောပဏာမ ရှိခိုးနည်း

ရိုသေညွတ်ကျိုး မြတ်နိုးသောစိတ်ဖြင့် ဂုဏ်တော် ကျေးဇူးတော်တို့ကို အထူးသဖြင့် စိတ်ဖြင့် ဆင်ခြင်နှလုံး သွင်းခြင်းသည် မနောပဏာမစိတ်ဖြင့် ရှိခိုးခြင်း ဖြစ်ပါ သည်။

## ဗုဒ္ဓဘာသာမဟုတ်သော ရှိခိုးနည်း

ဝိနည်း ဓတဒဂ်ရ အရှင်ဥပါလိမထေရ် ဘုရားရှင်ထံ လျှောက်ထား ဘုရားရှင် မိန့်ကြားသော ရှိခိုးနည်းမှာ -

၁။ လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကာန်ဓတာ့ သိုင်းကြော့ဆင်ယင် စမ္ပါယ်တင်ခြင်းကိုပြုခြင်း
၂။ လက်ဆယ်ဖြာယှက်၍ လက်အုပ်ချီခြင်းကိုပြုခြင်း

၃။ မိမိ၏ လက်နှစ်ဖက်တို့ဖြင့် ရှိခိုးအပ်သော ပုဂ္ဂိုလ်၏ ခြေထောက်နှစ်ဖက်တို့ကို ထိုထိုညှိညှိ လှည့်လည်ထပ်ထပ် သုံးသပ်ကိုင်တွယ်ခြင်း

၄။ မေတ္တာသက်ဝင် ချစ်ခင်သောစိတ်ရှိခြင်း

၅။ နှိပ်ချညွှတ်ခွေ ရှိသေသောစိတ်ရှိခြင်း

ဤတရား ငါးပါးကို ကိုယ်တွင်းသန္တာန်၌ အရင်းခံဟည်ထား၍ ညွှတ်တွားရှိခိုးရပါသည်။

## ဤရှိခိုးနည်း အသုံးပြုထိုက်သော အရာဌာန

- ရဟန်းသာမဏေ အချင်းချင်းလည်းကောင်း
- ဥပါသကာ ဒါယကာတို့က ဝပ်ချရှိခိုးသော အခမ်းအနား၌လည်းကောင်း
- သားသမီးတို့က မိဘတို့ကို ရှိခိုးဝပ်ချကန်တော့သော အခမ်းအနား၌လည်းကောင်း
- တပည့်သားတို့က ဆရာသမားတို့အား ရှိခိုးဝပ်ချသော အခမ်းအနား၌လည်းကောင်း

ဤရှိခိုးဝပ်ချနည်းကို အသုံးပြုရပါမည်။

## ရှိခိုးသောအခါ ထားရှိရန်စိတ်

ဘုရား - ကိလေသာအကုန်သတ်၍ လူနတ်တို့၏ အပူဇော်ကို ခံတော်မူထိုက်၍ အရဟံမည်သောဘုရားဟု စိတ်၌ထား၍ ရှိခိုးဦးချ ပူဇော်ရမည်။

တရား - အပါယ်စသော ဆင်းရဲဒုက္ခတို့၌ မကျရအောင် ထုတ်ဆောင်ကယ်တင်တော်မူတတ်သော တရားတော်ဟု စိတ်၌ထား၍ ရှိခိုးဦးချ ပူဇော်ရမည်၊

သံဃာ - ဝဋ်ဆင်းရဲမှ ကင်းရန် ဖြောင့်မှန် ကောင်းမွန်သော အကျင့်ကို ကျင့်ကြံရသော သံဃာတော်မြတ်များ ကျန်းမာ ချမ်းသာတော်မူကြပါစေဟု မေတ္တာစိတ်ထား၍ ရှိခိုးဦးချရပါမည်၊

မိဘ - ငါ၏ ကျေးဇူးရှင် မိဘတို့သည် စည်းစိမ်မပျက် အသက်ရှည်စွာ ကျမ်းမာ ချမ်းသာပါစေဟု မေတ္တာစိတ်ထား၍ ရှိခိုးရပါမည်၊

ဆရာ - ငါ၏ဆရာသခင် ကျေးဇူးရှင်သည် အသက်ရှည်ကြာ ကျန်းမာပါစေဟု မေတ္တာစိတ်ထား၍ ရှိခိုးရပါမည်၊

## ရှိခိုးသောအခါ နေရမည့်အရပ်

- ရတနာသုံးပါးကို ဆည်းကပ်ရှိခိုးသောအခါ၌လည်းကောင်း
- တရားနာသောအခါ၌လည်းကောင်း
- ဆရာသမား မိဘတို့ကို ဆည်းကပ်သောအခါ၌လည်းကောင်း
- ရှိသေထိုက်သောပုဂ္ဂိုလ်များထံ ဆည်းကပ်သောအခါ၌လည်းကောင်း

အောက်ပါ အပြစ်(၆)ပါးကင်းသောအရပ်၌နေ၍ ဆည်းကပ်ရမည်၊ ရှိခိုးရမည်၊

၁။ အလွန်ဝေးကွာသောအရပ်က မနေရခြင်း
၂။ အလွန်နီးကပ်သောအရပ်က မနေရခြင်း

၃။ မျက်မှောက်တည့်တည့် ရှေ့ကျသော အရပ်က မနေရခြင်း
၄။ မျက်ကွယ်နောက်က မနေရခြင်း
၅။ အလွန်မြင့်နေရာက မနေရခြင်း
၆။ ကိုယ်နှင့်လာအပ်သော လေညာအရပ်က မနေရခြင်း

## ရှိခိုးပြီး ထသွားနည်း

ဘုရား၊ တရား၊ သံဃာ၊ ဆရာသမားတို့၏ မမြင်ရာအရပ် ဘိုင်အောင် လက်ဆယ်ချောင်း ဦးထပ်တင်လျက် နောက်ဆုတ်သွားရပါမည်။

## ပူဇော်နည်း (၃)မျိုး

၁။ အာမိသပူဇာ - ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်း
၂။ ဝန္ဒနပူဇာ - ရှိခိုးဦးချသဖြင့် ပူဇော်ခြင်း
၃။ ဓမ္မပူဇာ - တရားတော်ကို အသက်မငဲ့ကွက်ဘဲ အမြဲမပြတ် ပူဇော်ခြင်း

## မာန်ဖျောက်ခြင်း

ငါဟူသော မာန်အမှုကင်းပစေလျှင် ဥပါသကာ၏အဖြစ်သို့ ဆည်းကပ်ကိုးကွယ်ပါ၏ဟု ဆိုလိုပါသည်။

စူဠဝါပါဠိတော်

## ကန်တော့ခြင်း

ကံစရိုက်အပြစ်၊ ကာမ္မပဿ အပြစ်တို့ကို တားမြစ်ခြင်း အကျိုးငှာ၊ ပျောက်ပါစေခြင်းအကျိုးငှာ၊ ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးအား ကန်တော့ပါသည်ဟုဆိုရာဝယ်-

"သူတစ်ပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲ၍ ကိုယ့်အပြစ်ဖော်ပယ်ဖျောက်ခြင်း အကျိုးငှာ အလှူပေးသည်၊ သီလဆောက်တည်သည်၊ ဤသို့ အစရှိသော ပဥ္စာန်းပါဠိတော်ကြီးအရ ကန်တော့ဟူသော အမည်သည် မကောင်းမှုအပြစ်မှ ကင်းပအောင် မိမိကိုယ်ကို စောင့်ရှောက်လာသော အမှုအရာ၏ အမည်သညာ ဖြစ်ပါသည်။"

"ကမ္မတော တာယနံ ရက္ခနံ ကန်တော့ - ဟူသော ဝိဂြိုလ်အရ မိမိပြုခဲ့သော အမှုအပြစ်ဒေါသမှ မိမိကိုယ်ကို စောင့်ရှောက်မှု အမှုအရာတည်းဟု ဆိုသောကြောင့် မိမိပြုခဲ့သော အပြစ်ဒေါသမှ မိမိကိုယ်ကို လွတ်မြောက်အောင် စောင့်ရှောက်မှု အမှုအရာသည် ကန်တော့မည်ပါသည်။

## ကန်တော့ (၂)မျိုး

၁။ ရှိခိုးကန်တော့ = ကာသိုလ်ကို အလိုရှိ၍ ဤသြကာသလက်ာဖြင့် ရတနာသုံးပါးစသည်များအား ကန်တော့ခြင်းသည် ရှိခိုးကန်တော့မည်ပါသည်။

၂။ တောင်းပန်ကန်တော့ = မည်သူမဆို သူတစ်ပါးအား လွန်ကျူးဖြစ်များမိက မိမိအပေါ်သို့ ဆိုက်ရောက်လာသောအပြစ်ကို ကျေနပ်ပါ၊ သည်းခံပါ၊ ဤအပြစ်ကို ခံယူပါဟု ဝန်ချသည်ကား တောင်းပန် ကန်တော့မည်ပါသည်။

# ဩကာသရှိခိုးဆုတောင်း

ကန်တော့ရသောအကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျာသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

(ဤဩကာသဆိုရန်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တစ်ပြည်လုံးအတွက် တစ်ပုံစံတည်းဖြစ်စေရန် ချမှတ်ထားသောမှု ဖြစ်ပါသည်။

## ဆုတောင်းပုံအခြင်းအရာမှတ်ဖွယ်

(၁) ဆုမပေးနိုင်သော သက်မဲ့စေတီတော်၊ ရုပ်ပွားတော်များ၊ ဆုမပေးတတ်သော သက်ရှိပုဂ္ဂိုလ်များထံ ကန်တော့သောအခါ၌ ဩကာသ လင်္ကာအတိုင်းကန်တော့၍ အလိုရှိရာကို ဆိုတောင်းပါ။

(၂) ဆုပေးနိုင်၊ ဆုပေးတတ်သော ဆရာသမား၊ ဘုံယာတော်များထံ ကန်တော့သောအခါ "ကန်တော့ပါ၏" တွင် ရပ်ထားပါ။ ဆုပေးတတ်သော ပုဂ္ဂိုလ်က မိမိရသောဆုပေးပုံအတိုင်း ပေး၍ပြီးသောအခါကြမှ ပေးသောဆုနှင့် ပြည့်စုံရပါလို၏ ဟုဆို၍ ဆုကို ရယူပါ။

## ဆုတောင်းတိုင်းပြည့်နိုင်ပုံ

ရတနာသုံးပါးထံ ဆုတောင်းတိုင်း အားလုံးသည် ပြည့်စုံနိုင်ပါသည်။ စကြာဝဠာတစ်သောင်းကို လက်ညှိုးတစ်ချောင်းတည်းနှင့်ပင် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းအောင်ပြနိုင်သော ဗြဟ္မာမင်းကြီးနှင့် မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားမင်းတို့သည် လူတို့အလိုရှိအပ်သော ဆုကိုပေးနိုင်သည်ဟူ၍ သုတ်မဟာဝါ၌ ဘုရားရှင်တို့သည် လိုအပ်သောအကျိုးကို ပွားတိုးပြည့်စေတတ်သောကြောင့် ဝိသနိုးနတ်၊ ဗြဟ္မာ၊ တာဝတိံသာပိုင် သိကြားမင်းနှင့်လည်း တူတော်မူကြကုန်၏ဟူသော အထောက်အထားအရ ရတနာသုံးပါး ဆရာသမားတို့သည်လည်း လိုအပ်သောဆုကို ပြည့်စုံအောင် ပေးနိုင်ပါသည်။

### အဝါယ်လေးဝါး

အပါယ် - ချမ်းသာကင်း၍ ကုသိုလ်ကောင်းမှုပြုခွင့်မရသော အရပ်သည် အပါယ်မည်၏။

၁။ ငရဲ - ချမ်းသာကင်းပြီး ဆင်းရဲခြင်းအတိပြီးသောဘုံ

၂။ တိရစ္ဆာန် - မင် ဖိုလ်မကပ် ထောင့်ဖြတ်ဖီလာသွားတတ်သော သတ္တဝါဘုံ

၃။ ပြိတ္တာ - ချမ်းသာအပေါင်းမှ ဝေးကွာသောဘုံ

၄။ အသုရကာယ်- နတ်များကဲ့သို့ မရဲရင့်မတင့်တယ်၊ မတောက်ပသော သတ္တဝါဘုံ

### ငရဲဘုံ

ငရဲဘုံ - ချမ်းသာမရှိ ဆင်းရဲအတိဖြစ်ရာ အရပ်သည် ငရဲဘုံမည်၏။

## ဝရဲကြီးရှစ်ထပ်

ငရဲဘုံ - ချမ်းသာမရှိ ဆင်းရဲအတိဖြစ်ရာ အရပ်သည် ငရဲဘုံမည်၏။

၁။ သိဉ္စိုင်းငရဲ - အဖန်တလဲလဲ အသက်ရှင်ပြီးခံရသော ငရဲ (သက်တမ်း(၅၀၀)

ကျရောက်သူ - တရားစောင့်သော ရဟန်းပညာရှိ လူကြီး စသည်တို့ ပြစ်မှားသူများ

တည်နေပုံ - ဤဇမ္ဗူဒိပ် ကျွန်းကြီးအောက်၌ အစောက် ယူဇနာ (၁၀၀) အနံ အလျား ယူဇနာ တစ်ထောင်ကျယ်သော မြေဥမင်ကြီး၌ အလျှံပြောင်ပြောင် တောက်လောင်နေ သည်။

ခံစားရပုံ - ငရဲထိန်းတို့သည် ထန်းပင်ပမာဏရှိ အလျှံတပြောင်ပြောင် တောက်လောင် နေသော သံလျက်၊ လေး၊ ဓား၊ တင်း ပုတ်၊ တုတ်၊ သိုင်းကြိုး၊ ကြိမ်တို့ကို ကိုင် ကြလျက် သံမြေပူအပြင်ဝယ် ခံနေကြရ သော ငရဲသားတို့ကို ဖမ်းဆီးလျက် ကိုယ် ခြေလက်တို့ကို အပိုင်းပိုင်း ခုတ်ဖြတ်ကြ သည်။ ငရဲသားတို့သည် ကံမကုန်မချင်း ခံစားကြရသည်။

၂။ ကာလသုတ်ငရဲ - မည်းနက်သော မျဉ်းကြောင်းတို့ကို ငရဲ သားပေါ်တွင်ချ၍ ပဲခွပ်၊ ပုဆိန် စသည် တို့ဖြင့် ရွှေကြ၊ ခုတ်ကြ၊ တိုက်ခွဲကြကုန် သောငရဲ။

သက်တမ်း - ၁၀၀၀
ကျရောက်သူ - ရဟန္တာတို့ကို မရိုမသေ မလေးစား လက်ဝါး၊ တုတ်၊ လှံစသည်တို့ဖြင့် ညှဉ်းဆဲသောသူ။
- ဥစ္စာကိုလိုသော လောဘ၊ အမျက်ထွက်ခြင်း၊ ဒေါသကြောင့် မိဘတို့ကို သတ်ပုတ်ညှဉ်းဆဲသူများ။
ခံရပုံ - ငရဲထိန်းတို့က ထန်းပင်လုံးပမာဏရှိသော သံတင်းပုတ်ကြီးတို့ဖြင့် မြေ၌မှုပ်ပြီး မလှုပ်မယှက်နိုင်အောင်ပြုကာ မည်းနက်သော သံပျဉ်ကြီးတို့ဖြင့် အဆင့်ဆင့် မျဉ်းကြောင်းများစွာ ခတ်ပစ်လျက် ဓားမ တံစဉ်းတို့ဖြင့် ခုတ်ရွေရာ ဆင်းရဲစွာ ခံစားကြရသည်။
ခံရပုံမှာ - ကြောက်ဖွယ် အဆင်းရှိသော ငရဲထိန်းတို့သည် အလျှံတပြောင်ပြောင်ရှိ အိမ်မိုးတစ်ဖက်ခန့်ရှိသော ဓားမ၊ ဝန်း၊ စကောပမာဏရှိသော တံစဉ်း၊ ပုဆိန်တို့ကို ခွဲကိုင်ပြီး ရှစ်မြှောင့်၊ တစ်ဆယ့်ခြောက်မြှောက် စသည်ပြု၍ အလွှာလွှာ ရွေကြခုတ်ကြသည်။ အရိုးမျှမကျန်အောင် ပြုကြသည်။ သွေးတို့သည် ချောင်းကဲ့သို့ စီးကုန်၏။ သံမြေမှထသော မီးတို့သည် ငရဲသားလုံးစုံကို လောင်ကျွမ်းကုန်၏။ ပြာမျှပင်မကျန် တစ်ဖန် ငရဲသားတို့သည် ဥပဇာတ်အားဖြင့် ပြန်ဖြစ်ကြပြီး

ပြန်ခံရပြန်၏၊ အကုသိုလ်ကံ မကုန်သမျှ ခံနေကြရသည်၊

၄။ သံယာတငရဲ - အလျှံတပြောင်ပြောင် တောက်နေသော သံတောင်တို့ဖြင့် အဖန်တလဲလဲ မှုန့်မှုန့်ညက်ညက် ကြိတ်ခံသောငရဲ

သက်တမ်း - ၂၀၀၀

ကျရောက်သူ - သူ၏ အသက်ကို သတ်ဖြတ်ခြင်း အစရှိသော မကောင်းမှုအကုသိုလ် ဒုစရိုက်ပြုသူများ၊

ခံစားကြရပုံ - ငရဲသားတို့သည် သုံးဂါဝုတ် ပမာဏရှိသော ကိုယ်နှိုပြီး အောက်သံမြေအတွင်း၌ ခါးသို့တိုင်အောင်မြှုပ်လျက် မလှုပ်မယှက် ရှိသည်၊ အရပ်လေးမျက်နှာမှ မီးလျှံတောက်နေသော တောင်ကြီးတို့သည် ကြောက်လန့်ဖွယ် အသံမည်ဟီးလျက် သံတလိမ့်တုံးပမာ ငရဲသားသားတို့ကို ကြိတ်ချေသွားသည်၊ ငရဲသားတို့၏ သွေးများသည် သမုဒ္ဒရာလှိုင်းပမာ တဟုန်းတည်းထပြီး ငရဲတံတိုင်းကြီးကို ရိုက်ခတ်လေသည်၊ ငရဲမီးတို့က ထိုသွေးလှိုင်းကြီးကို လောင်ကျွမ်းခြောက်ခမ်းစေသည်၊ ငရဲသားတို့သည် ကံမကုန်သမျှ ခံနေရသည်၊

၄။ ရောရုဝငရဲ - ငရဲသားတို့သည် ကြီးမားသောအသံတို့ဖြင့် အမြဲမပြတ် ငိုကြွေးမြည်တမ်းနေကြရကုန်သော ငရဲ

သက်တမ်း - ၄၀၀၀

ကျရောက်သူ - မကောင်းမှု အကုသိုလ် အလိုအလျောက်စိတ်နောက်ကိုယ်ပါ ပြုသူများ။

ခံစားကြရပုံ - ငရဲသားတို့မှာ မီးတောက် မီးလျှံတို့ဖြင့် ပြင်းထန်စွာ ငိုကြွေးလျက် တစ်ကမ္ဘာလုံးတည်သော အလွန်ငန်စပ်ခါးချစ်တူးအထူးပူလောင်သော အခိုးအငွေ့တို့ဖြင့် ပြည့်၍ ငရဲသားတို့၏ကိုယ်တွင်း ဒွါရ (၉)ပေါက်သို့လျှောက်၍ အတင်းဝင်ကြသဖြင့် ငရဲသားတို့၏တစ်ကိုယ်လုံး မီးခိုးခြောင်းခြောင်းထကာ တလိမ့်လိမ့် တလွန့်လွန့် ဖျတ်ဖျတ်လူးကာ မခံမရပ်နိုင်အောင် ပူလောင်ကျိန်းစက်သဖြင့်ဟစ်ကာငိုကြွေး ခံနရသည်။

၅။ မဟာရောရုဝငရဲ- ရောရုဝငရဲထက် ကြီးလေးပြင်းထန်စွာခံစားရသောငရဲ။

သက်တမ်း - ၈၀၀၀

ကျရောက်သူ - သီလ၊ သမာဓိ၊ ပညာနင့်ပြည့်စုံသောရဟန်း သံဃာတို့ကို ပြစ်မှားသောအကုသိုလ်ပြုသူများ။

ခံစားကြရပုံ - စပ်ငန်တူးခါးပူးပြားသော အခိုးအငွေ့တို့သည် ဒွါရပေါက်တို့မှဝင်ရောက်မွှေ၍ အခရေအသား ခေါင်းများ ခြေလက်တို့ကို မှန့်ညက်ကိုယောင်းဘိသကဲ့သို့ ထောင်းယောင်းညှက်ကျေ ပျက်စီးစေ၍ အခြားသော ရေဲသားဟို့ထက် ကျင်နာသော အသံဖြင့် တညံညံဟစ်အော်ပြီး ဆင်းရဲစွာ ခံစားနေကြရသည်၊

၆။ တာပနငရဲ - မကျန်မလျှပ်နေပြီး ပူလောင်မှုခံစားရသောငရဲ။

သက်တမ်း - ၁၆၀၀၀

ကျရောက်သူများ - လင်ယောကျ်ားကို မရှိသေ အလေးစားပြုကုန်သော မိန်းမများ၊

ခံစားကြရပုံ - အလုံးကြာပြောင်ပြောင် တောက်ပြီး ထန်းပင်လုံး ပမာဏရှိသော သံတံကျင်တို့ဖြင့် ရင်ကိုထွင်းဖောက်၍ ကျောကုန်းကို လျှိုထိုးခြင်း၊ လက်ယာနံဘေးမှ လက်ဝဲနံဘေးသို့ လျှိုထိုးခြင်း စသည်ဖြင့် မလှုပ်မယှက်ဆင်းရဲကြီးစွာ ခံစားနေကြရသည်။

၇။ မဟာတာပနငရဲ - တာပနငရဲထက်ကြီးစွာ၊ ပြင်းထန်စွာ ခံစားရသောငရဲ။

သက်တမ်း အန္တရကပ်တစ်ဝက်

ကျရောက်သူများ - မလိုက်စားအပ်သော အာဃာတတရားလေးပါးကို လိုက်စားသူများ။

လင်ယောက်ျားကို နိုင်ထက်မင်းထက်
ရက်စက်ကြမ်းကြုတ်စွာပြုသူ မိန်းမများ။

ခံစားရပုံ - ကျွင်ရဲ၌ သံမီးတောင်ကြီးများ ရှိသည်၊
ငရဲသားတို့ကို ငရဲထိန်းတို့က အတင်း
ရိုက်နှက် မောင်းနှင်၍ သံမီးတောင်ကြီး
ပေါ်သို့ တက်နိုင်းသည်။ တောင်ထက်
ဝက်ခန့်ရောက်လျှင် ထန်းပင် ပေပင်
ပမာဏရှိသော သံတံကျင်ငုတ်တို့ဖြင့် ငရဲ
သားတို့၏ ဝမ်းကိုဖောက်၍ အူအသဲတို့
ကို သံကောက်ဖြင့် ဆွဲထုတ်ကြသည်။
မျက်လုံးတို့ကို ဆွဲချိုတ်ကုန်၏။ တောင်
ထိပ်သို့ ရောက်သောအခါ အဆိပ်ပြင်း
ထန်သော လေမုန်တိုင်းက တိုက်ခိုက်
ပြီး ငရဲသားတို့ကို တောင်ပေါ်က ကျစေ
၏။ တောင်ခြေရှိ သံတံကျင်တောထဲသို့
ကျကုန်၏၊ သံတံကျင်ထိပ်ဖျား၌ ဖူးဝင်
ကုန်၏။ ကြီးစွာသောဆင်းရဲကို ခံစား
ကြရသည်။

၈။ မဟာအဝီစိငရဲ - ငရဲသတ္တဝါများ၊ ငရဲမီးလျှံများ၊ ဆင်းရဲ
ဒုက္ခများအကြား အလပ်မရှိသောငရဲ
ဖြစ်သည်။

သက်တမ်း အန္တရကပ်တစ်ကပ်

ကျရောက်သူများ - ပဉ္စနန္တရိယကံကျူးလွန်သူများ (အမိ၊ အဖ၊ ရဟန္တာသတ်သူ၊ ဘုရားကိုသွေးစိမ်း တည်အောင်ပြုသူ၊ သံဃာသင်းခွဲသူ)။

ခံစားရပုံ - ငရဲသားတို့သည် သံသေတ္တာကြီးထဲတွင် မုန့်ညှင်းစေ့များအပြည့်အသိပ်ထည့်ပြီး မီးမြှိုက်ခံရသကဲ့သို့ အကြားအဟာ မရှိ ဆင်းရဲကြီးစွာ ခံစားနေရသည်။

## ငရဲငယ်များ

၁။ ငရဲကြီးတစ်ထပ်လျှင် - အရပ်တစ်မျက်နှာ၌ ငရဲငယ်လေးခု လေးခု ခြံရံလျက် ရှိသည်။

၁။ ဘင်ပုတ်ငရဲ ၂။ ပြာပူငရဲ

၃။ လက်ပံတောငရဲ ၄။ သန်လျက်ငရဲ

- အရပ်လေးမျက်နှာဖြင့် မြှောက်သော် ငရဲတစ်ထပ်၌ ငရဲငယ် ၄ × ၄ = ၁၆ ခုရှိသည်။ ငရဲကြီး (၈)ထပ်ရှိ၍ ၁၆ × ၈ = ၁၂၈

## လူ့ပြည်နှင့် ငရဲပြည်အကွာအဝေး

လူ့ပြည်မှ သဋ္ဌိုင်းငရဲသို့ ယူဇနာပေါင်း ၁၅၀၀၀ ကွာဝေးသည်။

သဋ္ဌိုင်းမှ ကာလသုတ်သို့ ယူဇနာပေါင်း ၁၅၀၀၀ ကွာဝေးသည်။

(ဤသို့အားဖြင့် ငရဲတစ်ထပ်နှင့်တစ်ထပ် ၁၅၀၀၀ စီကွာဝေးသည်။

## တိရစ္ဆာန်

လူတို့ကဲ့သို့ အထက်သို့မတ်မတ်မဟုတ်ဘဲ ဖီလာ ကန့်လန့်သဏ္ဍာန် မကောင်းအကြောင်း မဝေး(ခွေး) စသည်တို့သည် တိရစ္ဆာန်မည်ပါသည်။

## ပြိတ္တာ

ဤဘဝမှာမနေ စုတေသေလွန်သည်ရှိသော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာအပေါင်းမှ ကြင်ဖဲ၍ အမြဲအားဖြင့်ဆင်းရဲထဲသို့ သွားရသူ၊ ချမ်းသာကင်းသော အပါယ်ဘုံသားသတ္တဝါများကို ပြိတ္တာဟုခေါ်သည်။

### ပြိတ္တာအမျိုးအစားများ

၁။ ဝန္တာသပြိတ္တာ - ကိုယ့်တံတွေးကို စားနေရသည့် ပြိတ္တာ

၂။ သုစိမုခပြိတ္တာ - ခံတွင်း ပါးစပ်ပေါက် အပ်ဖျားလောက်ရှိသည့် ပြိတ္တာ

၃။ သုနိဇ္ဈာပက ပြိတ္တာ - မီးလောင်ခံနေရသော ပြိတ္တာ

၄။ သတ္တင်္ဂပြိတ္တာ - လက်နက်ဘေးအမြဲခံနေရသော ပြိတ္တာ

၅။ ပဗ္ဗတင်္ဂပြိတ္တာ - တောင်ကြီးတွေနှင့် အမြဲမကြဲတိခံနေရသော ပြိတ္တာ

၆။ အဇဂရင်္ဂပြိတ္တာ - စပါးကြီးမြွေ ပြိတ္တာ

၇။ ဝေမာနိကပြိတ္တာ - နေ့ဝိမာန်ရှိ ညမရှိ ပြိတ္တာ(နေ့စံ ညခံပြိတ္တာ)

၈။ မဟိဒ္ဓိပြိတ္တာ - တန်ခိုးအာနုဘော်ရှိ ပြိတ္တာ

ပြိတ္တာတို့သည် ဟိမဝန္တာနံပါးဝယ် ဝိဇ္ဈာဋဝီမည်သော တောအုပ်၌ ပြိတ္တာမြို့ရှိပြီး ထို၌အများအားဖြင့် နေကြသည်ဟု ဆိုပါသည်။

## တစ်နည်းပြိတ္တာ(၄)မျိုး

၁။ ပရဒတ္တူပဇီဝိကပြိတ္တာ

၂။ ခုပ္ပိပါသိကပြိတ္တာ

၃။ နိဇ္ဈာမတဏှိကပြိတ္တာ

၄။ ကာလကဉ္စိကပြိတ္တာ

## အသူရကာယ်

တာဝတိံသာစသော အထက်နတ်တို့ကဲ့သို့ ဂုဏ်သိမ် စည်းစိမ်ဥစ္စာ ကာမဂုဏ်ချမ်းသာတို့ဖြင့် ပျော်ပါး မြူးတူးခြင်းကင်း သော ဝေမာနိက ပြိတ္တာမျိုးတို့ကိုလည်းကောင်း၊ ဇာတိဒုက္ခအား ကြီးလှသော လောကန္တရိတ်ငရဲသားတို့ကိုလည်းကောင်း အသူ ရကာယ်ဟု ခေါ်သည်။

## အသူရာအမျိုးများ

၁။ ဝေပစိတ္တိအသူရာ

၂။ ဝိနိပါတိကအသူရာ

၃။ ဝေမာနိကအသူရာ

၄။ လောကန္တရိတ်အသူရာ

၅။ ကာလကဉ္စိကအသူရာ

အသူရကာယ်ဘုံသည် သမုဒ္ဒရာ၊ တော၊ တောင် စသည်တို့၌ တည်သည်။

## အသူရာဝံ့လက္ခဏာ

- သုံးငါးဝှတ်ကိုယ်ရှိသည်
- နီသောအသားအရေရှိသည်
- ဖက်ရွက်တောင်းနှင့်တူသော အဆင်းရှိသည်
- ပုစွန်ကဲ့သို့ ပြူးထွက်သော မျက်စိရှိသည်
- မျက်လုံးသည် ဦးခေါင်း၌တည်သည်
- ခံတွင်းသည် ဦးထိပ်ပေါ်၌ ရှိသည်
- ခံတွင်းပေါက်သည် အပ်နဖားပေါက်မျှသာရှိသည်

သို့တွက် အသူရကာယ်တို့သည် အောက်သို့ညွတ်၍ အစာ ခံယူရသည်။

## ဆစ်ဆုံးပါး

ပျက်စီးခြင်းကို ပါဠိလို ကပ္ပ၊ မြန်မာလို ကပ်ဟုခေါ်သည်။

၁။ သတ္ထန္တရကပ် - လက်နက်ဘေးကြောင့် ပျက်စီးခြင်း

၂။ ဒုဗ္ဘိက္ခန္တရကပ် - ငတ်မွတ်ဘေးကြောင့် ပျက်စီးခြင်း

၃။ ရောဂန္တရကပ် - ရောဂါဘေးကြောင့် ပျက်စီးခြင်း

## ထင်ကြီးသုံးပါးဆိုထံုံ

၁။ သတ္တဝါတို့ မောဟတရား ကြီးမားလွှမ်းမိုးလာသောအခါ ကြီးစွာသော အနာရောဂါများ ဖြစ်ပေါ်လာခြင်းဟူသော ရောဂါန္တရကပ်ဆိုးကြီး ပေါ်လာသည်။

၂။ သတ္တဝါတို့ ဒေါသတရား ကြီးမားလွှမ်းမိုးလာသောအခါ ရန်ဖျက်ခင်းပြီး စစ်ခင်းသောကြောင့် သတ္တန္တရကပ် ဆိုက်ရောက်သည်။

၃။ သတ္တဝါတို့ လောဘတရား ကြီးမားလွှမ်းမိုးလာသောအခါ ငတ်မွတ်ခေါင်းပါး အစာရှားခြင်း ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်သည်။

## ရပ်ပြစ်(၈)ပါး

၁။ ငရဲဘုံ၌ ကျရောက်နေခြင်း
၂။ သာသနာတွင်း ပြိတ္တာဘုံ၌ ဖြစ်နေရခြင်း
၃။ သာသနာတွင်း၌ တိရစ္ဆာန်ဘုံ၌ ဖြစ်နေရခြင်း
၄။ သာသနာတွင်း၌ ရုပ်သာရှိသော အသညသတ်ဘုံနှင့် နာမ်သာရှိသော အရူပဘုံ၌ ဖြစ်နေရခြင်း
၅။ သာသနာတွင်း၌ နိသာတမိစ္ဆာဒိဋ္ဌိ ဖြစ်နေရခြင်း
၆။ သာသနာတွင်း၌ ပစ္စန္တရာဇ်အရပ်၌ ဖြစ်နေရခြင်း
၇။ သာသနာတွင်း၌ လူအ-ထိုင်းမှိုင်း၊ ဉာဏ်မရှိ ဖြစ်ရခြင်း

## ဂုဏ်ထူးမျိုး(၅)ပါး

ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံဆိုး(အပြင်ရန်သူ)

ပါဏာတိပါတာ၊ အဒိန္နဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ(အတွင်းရန်သူ)

## ဝိပတ္တိတရား(၄)ပါး

၁။ ကာလဝိပတ္တိ - တရားမစောင့်သူတို့လက်ထက်၌ ဖြစ်ရခြင်း

၂။ ဂတိဝိပတ္တိ - အပါယ်ဘုံ၌ ဖြစ်ရခြင်း

၃။ ဥပဓိဝိပတ္တိ - ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း

၄။ ပယောဂဝိပတ္တိ - မကောင်းသောလုံ့လရှိခြင်း

(ဤဝိပတ္တိတရား လေးပါးနှင့်ကြုံကြိုက်ပါက ဘုံအလိုက်ဖြစ်သော စည်းစိမ်ချမ်းသာ မင်္ဂလာကြက်သရေများ မခံစားရဘဲနေရ၏။)

## ဗျသနတရား(၅)ပါး

၁။ ဉာတိဗျသန - ဆွေမျိုးများပျက်စီးခြင်း

၂။ ဘောဂဗျသန - စည်းစိမ်ပျက်စီးခြင်း

၃။ ရောဂဗျသန - အနာရောဂါကြောင့် ပျက်စီးခြင်း

၄။ သီလဗျသန - အကျင့်သီလ ပျက်စီးခြင်း

၅။ ဒိဋ္ဌိဗျသန - အယူလွဲမှား၍ ပျက်စီးခြင်း

## မဂ်တရား

မဂ်ဉာဏ်သည် မဂ်တရားဖြစ်ပါသည်။

မဂ်ဆိုသည်မှာ-လောကီနယ်ပယ်၌ သိစရာကုန်၍ အသိ ကိစ္စ အပြီးသတ်လောကီကို စွန့်လွှတ်ကျော်ဖောက် နိဗ္ဗာန်သို့ ဆိုက်ရောက်သော အသိဉာဏ် ဖြစ်ပါသည်။

နိဗ္ဗာန်သို့ ဆိုက်ရောက်သည်ဆိုသည်မှာ-မဂ်ဉာဏ်နှင့် နိဗ္ဗာန်ကို မြင်သိတွေ့ထိသည်နှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်၏ သန္တာန်ဝယ် အမှိုက် အရှုပ် အညစ် အနောက် အပုပ်လေသော ဟူသမျှ အကုသိုလ်ကံဟူသမျှ အဝိဇ္ဇာတဏှာအမြစ်နှင့်တကွ အစပြတ်ကုန်ငြိမ်း ခန်းခြောက်သွားပါသည်။

ထိုပုဂ္ဂိုလ်သန္တာန်မှာ အဝိဇ္ဇာအစေး တဏှာအစေး ခန်း ခြောက်သည်ရှိသော် ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသမျှတို့သည် လည်း ဖုတ်ပြီးပြုတ်ပြီး မျိုးစေ့ကဲ့သို့ မအောင်မြင်တော့ မျိုးမရသော လေသီးတို့ကဲ့သို့ ဖြစ်ပါသည်။

ကုသိုလ်-အကုသိုလ်အကြောင်းကြောင့် သမုဒယကုန် ငြိမ်းခန်းခြောက်ကာ ဇာတိဇရာ စသော အဆက်ဆက် ဖြစ်လတ္တံ့ သော အကျိုးခန္ဓာတို့သည် ခန်းခြောက်ကုန်ငြိမ်းသွားပါတော့ သည်။

အကြောင်း၏ ကုန်ငြိမ်းခြင်း၊ အမျိုးခန္ဓာ၏ ကုန်ငြိမ်းခြင်း နစ်ပါးသည် မဂ်ခဏ၌ တစ်ပြိုင်နက်တည်း ဖြစ်သွားပါသည်။

နိဗ္ဗာန်သို့ ရောက်သည်၊ နိဗ္ဗာန်ကို ရသည်ဆိုရာ၌ မဂ် ခဏ၌ ရသည် မဟုတ်ပါ။ နိဗ္ဗာန်သည် တစ်မျိုးသာရှိပါသည်။ တစ်ခုသော နိဗ္ဗာန်ကိုပင် မဂ်ဖြစ်ပြီးနောက် စုတိမဖြစ်မီအတွင်း ခန္ဓာကိုယ်အကြွင်းရှိသေးသောကြောင့် သဉပါဒိသေသ နိဗ္ဗာန်ဟူ၍လည်းကောင်း၊ သေပြီးနောက် ခန္ဓာကိုယ် အကြွင်းမရှိသော ကြောင့် အနုပါဒိသေသနိဗ္ဗာန်ဟူ၍ ခေါ်ဆိုပါသည်။

## မဂ်တရားအပြား

၁။ သောတာပတ္တိမဂ် ၂။ သကဒါဂါမိမဂ်
၃။ အနာဂါမိမဂ် ၄။ အရဟတ္တမဂ်

## မဂ်ထိစွမ်းလေးဝါး

၁။ ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း - ပရိညာကိစ္စ
၂။ သမုဒယသစ္စာကို ပယ်ခြင်း - ပဟာနကိစ္စ
၃။ နိရောဓသစ္စာကို ကိုယ်တိုင် - ပစ္ဆိကာရဏကိစ္စ
ဆိုက်ရောက်ခြင်း
၄။ မဂ္ဂသစ္စာကို ပွားများအားထုတ်ခြင်း - ဘာဝနာကိစ္စ

## မဂ်တို့ပယ်သော တရားများ

၁။ သောတာပတ္တိမဂ် - ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ - ပါး
ဝိစိကိစ္ဆာ
၂။ သကဒါဂါမိမဂ် - ကာမရာဂ၊ ကာမဂုဏ်တရားများနှင့်
ဗျာပါဒ - သူတစ်ပါးတို့ သေကြောင်း
ကြံခြင်း တရားနှစ်ပါးကို အကြွင်း
အကျန်ထား၍ ခေါင်းပါးရုံမျှ ပယ်သတ်
သည်။
၃။ အနာဂါမိမဂ် - ကာမရာဂ၊ ဗျာပါဒတို့ကို ကြွင်းမဲ့
ဥဿုံ အလုံးစုံပယ်သတ်သည်။
၄။ အရဟတ္တမဂ် - ရှိရှိသမျှသော အလုံးစုံသော
ကိလေသာများကို ပယ်သတ်သည်။

(အထက်ထက်ဖြစ်သောမဂ်သို့ မရောက်သေးသော အရိယာ ပုဂ္ဂိုလ်များသည် မိမိတို့ရရှိသော ဖိုလ်သို့သာ ဝင်စားသုံးသပ်နေပါ သည်၊ ဖလသမာပါတ် ချမ်းသာဖြင့် မိမိတို့ဖိုလ်မှာ လည်းလျောင်း ရာဖြစ်တည်နေပါသည်။)

## ဖိုလ်တရားလေးပါး

၁။ သောတာပတ္တိဖိုလ် ၂။ သကဒါဂါမိဖိုလ်
၃။ အနာဂါမိဖိုလ် ၄။ အရဟတ္တဖိုလ်

ဖိုလ်ဉာဏ်ဆိုသည်မှာ - မဂ်၏အကျိုး၊ ဖိုလ်၏ နောက် ထပ် မဂ်၏ကိစ္စ အပြီးသတ်သော ဉာဏ်ကိုဆိုပါသည်၊ ရပြီးသော နိဗ္ဗာန်၏အရသာကို ခံစားတတ်သော ဉာဏ်ဖြစ်ပါသည်၊

## နိဗ္ဗာန်

ရုပ်ခန္ဓာတို့၏ နောက်ထက်တစ်ဖန် ထပ်မံ၍ ဖြစ်ပေါ်ခြင်း မရှိတော့ဘဲ လက်စသတ်ချုပ်ငြိမ်း၍ ပျောက်ဆုံးရာ အမှန်ကို နိဗ္ဗာန်ဟု ခေါ်ပါသည်၊

## နိဗ္ဗာန် အမျိုးမှာများ

၁။ သဥပါဒိသေသနိဗ္ဗာန် - ဘဝခန္ဓာ အကြွင်းအကျန်ရှိ နေသေးသော နိဗ္ဗာန်
၂။ အနုပါဒိသေသနိဗ္ဗာန် - ဘဝခန္ဓာ ပြတ်စဲနိဗ္ဗာန် ပွဲဝင် သောနိဗ္ဗာန်

## တစ်နည်းနိဗ္ဗာန်(၃)မျိုး

၁။ သုညတနိဗ္ဗာန် - သင်္ခတ တရားများမှာ ပြုပြင်မှုရှိခြင်း၊ ဖောင်းနွမ်းရင့်ဆွေးခြင်း၊ ပျောက်ပျက်ကုန်ဆုံးခြင်း ရှိနေသည့်အတွက် ကြောင့်ကြစိုက်ဖွယ် ဗလိဗောဓတရား အလွန်များသည်။ နိဗ္ဗာန်မှာမူကား အသင်္ခတ နိစ္စသဘောဖြစ်၍ ကြောင့်ကြစိုက်ဖွယ် ဗလိဗောဓခပ်သိမ်း ကင်းငြိမ်း ရှင်းလင်းသော နိဗ္ဗာန်။

၂။ အနိမိတ္တနိဗ္ဗာန် - သင်္ခတတရားတို့မှာ မဂ်တရား-ဖိုလ်တရားပင်ဖြစ်သော်လည်း ဥပါဒ်ဇာတိဖြစ်ပေါ်ခြင်းရှိခဲ့၍ သဏ္ဍာန် နိမိတ်၊ အရိပ်အသွင်၊ နိမိတ်အစွန်းထင်ရှား ရှိပါသည်။ ထိုသို့ ထင်ရှားရှိ၍ အယုတ်အလတ် အမြတ်သုံးပါး ကာလအပြား သဏ္ဍာန်အပြားအရပ်အပြား ပုဂ္ဂိုလ်သဏ္ဍာန် အပြားအားဖြင့်အလွန်များပြား၏။ အရဟတ္တမဂ် အရဟတ္တဖိုလ်ပင် ဖြစ်သော်လည်း ဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် ခြားနားကွဲပြားပါသည်။

နိဗ္ဗာန်သည် ဥပါဒါဇာတိဖြစ် ပေါ်ခြင်း မရှိသောကြောင့် အယုတ်အလတ်၊ အမြတ်၊ သဏ္ဍာန်၊ ကာလဒေသကွဲပြား မှုမရှိ သဏ္ဍာန် နိမိတ် အစိုပ်အရောင် မရှိသော နိဗ္ဗာန်။

၃။ အပ္ပဏိဟိတနိဗ္ဗာန် - သင်္ခတတရားတို့သည် အမြဲမရှိ ပျက်ဆုံးခြင်းသဘော ရှိသောကြောင့် အဖန်ဖန် ကုန်ဆုံး၍ အဖန်ဖန် တောင့်တ နေရခြင်း၊ မဆုံးနိုင်ဖြစ်နေရသည်။ မိမိထက် ကောင်းမြတ်သော အထက်တရား ရှိနေပြန်၍ အထက်တရားတို့ကို လှမ်း၍ တောင်းတရခြင်း မဆုံးနိုင် ရှာပါသည်။

နိဗ္ဗာန်သည်ကား နိစ္စ ဓမ္မဖြစ်၍ အဖန်ဖန် တောင့်တခြင်း မရှိပါ။ နိဗ္ဗာန်ရပြီး သောသူသည် အခြားတစ်ပါး သောချမ်းသာသုခကိုတောင်းတစရာ မရှိတော့ပါ။ ဤသို့ တောင့်တခြင်း လက္ခဏာ တဏှာပဏိဓိ ခပ်သိမ်းတို့မှ ကင်းငြိမ်းသော နိဗ္ဗာန်။

## သရဏဂုံသီလတောင်းရန်

အဟံ ဘန္တေ၊ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ
ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ အဟံဘန္တေ......
တတိယမ္ပိ အဟံဘန္တေ......

သံဃာ - ယမဟံဝဒါမိ တံ ဝဒေထ

လူ - အာမဘန္တေ

မြန်မာပြန် - အရှင်ဘုရား - သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလသိက္ခာပုဒ်တော်တို့ကို တပည့်တော် တောင်းပါ၏။ အရှင်ဘုရား တပည့်တော်ကို ငဲ့ညှာထောက်ထား ချီးမြှောက်သောအားဖြင့် ငါးပါးသီလ ပေးသနားတော်မူပါဘုရား။

ရဟန်း - ငါပြောဆိုသလို လိုက်ဆိုကြပါ

လူ - မှန်လှပါဘုရား

## ဘုရားရှိခိုးရန်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(၃ - ခေါက်ဆိုရန်)

မြန်မာ - ဘဂဝါဂုဏ်ရှင်၊ အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

# သရဏဂုံဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - ဘုရားကိုးကွယ်ပါ၏

ဓမ္မံ သရဏံ ဂစ္ဆာမိ - တရားကိုးကွယ်ပါ၏

သံဃံ သရဏံ ဂစ္ဆာမိ - သံဃာကိုးကွယ်ပါ၏

ဒုတိယမ္ပိ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ သရဏံ ဂစ္ဆာမိ

တတိယမ္ပိ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ သရဏံ ဂစ္ဆာမိ

သံဃာ - တိသရဏဂမန ပရိပုဏ္ဏံ သရဏဂုံဆောက်တည်မှု ပြည့်စုံကြပြီ

လူ - အာမဘန္တေ မှန်လှပါဘုရား

## မှတ်ဖွယ်ရာများ

ဩကာသဘုရားရှိခိုးကို - ပုဂံသာသနာပြုဆရာတော် ရှင်အရဟံ ရေးသားစီရင် ပေးခဲ့သည်။

အဟံ ဘန္တေစသော သီလတောင်းကို အင်းဝခေတ် သာလွန်မင်းလက်ထက် တောင်ဘီလာ(ဓားမကျူး)ဆရာတော်က စီရင်ရေးသားပေးခဲ့သည်။

## နမောတဿရှင်းချက်

နမောဂေဿသည် - အတိုဆုံးနှင့် အတွင်ကျယ်ဆုံးသော ဘုရားရှိခိုးဖြစ်သည်။
ယင်းတွင် ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓ ဟူသော ဘုရားဂုဏ်တော်ကြီး (၃)ပါး ပါဝင်နေသည်။

နမောတဿရှိခိုးရာ၌ - တိကစ္ဆတ္ထုံးဖြစ်ပါန် ဥဒါဖနှင့်ဝှ - ဟု ပါရှိသောကြောင့် (၃)ခေါက် ရွတ်ဆိုရသည်။

## နမောတဿရွတ်ဆိုရှိခိုးသူများ

၁။ မဟိန္ဒမင်းကြီး - ဓမ္မပဒ၊ ၅ - ပ - ၆၄

၂။ သိကြားမင်း - သုတ်မဟာဝါပါဠိ - ၂၃၀

၃။ ကောသလမင်း - မဇ္ဈိမပဏ္ဏာသ - ပိယဇာတိက သုတ် - ၃၁၄

၄။ အာရာမဒဏ္ဍပုဏ္ဏား - အင်္ဂုတ္တိုရ်၊ ဒုကနိပါတ် သမစိတ္တဝဂ် - ၆၈

၅။ ကာရဏပါလီပုဏ္ဏား - အင်္ဂုတ္တိုရ်ပဉ္စကနိပါတ် - ကာရဏပါလီသုတ် - ၂၀၈

၆။ ဇာဏုဿောဏီပုဏ္ဏား - မူလပဏ္ဏာသပါဠိ၊ စူဠဟတ္ထိပဒေါပမသုတ် - ၂၃၅

၇။ ဓနဉ္စာနီပုဏ္ဏေးမ - သံ၊ ၁၊ ၁၆၂၊ မဇ္ဈိမပဏ္ဏာသ၊ သင်္ဂါရဝသုတ် - ၄၂၇

၈။ ဗြဟ္မာယုပုဏ္ဏား - မဇ္ဈိမပဏ္ဏာသပါဠိ၊ ဗြဟ္မာယု သုတ် - ၃၄၁

## သရဏဂုံ

၁။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည် သရဏဂုံ ကိုးကွယ် ရာမည်၏။

၂။ ရတနာသုံးပါးကို မှီခိုဆည်းကပ်လိုသော ကုသိုလ်စိတ်သည် သရဏဂုံဟု မည်ပါသည်။

၃။ ထိုကုသိုလ်စိတ်နှင့် ပြည့်စုံသူကို သရဏဂုံတည်သူဟု ဆိုရပါသည်။

၄။ သရဏဂုံသည် -

- လောကီသရဏဂုံ စည်းစိမ်ဥစ္စာရခြင်း၊ သုဂတိဘဝသို့ ရောက်ခြင်း
- လောကုတ္တရာသရဏဂုံ - မဂ်ဖိုလ်ရခြင်း

၅။ မသိခြင်း၊ ယုံမှားခြင်း၊ လွဲမှားသော မိစ္ဆာဉာဏ်တို့ကြောင့် လောကီသရဏဂုံသာ ညစ်နွမ်းနိုင်သည်။ လောကုတ္တရာ သရဏဂုံကား ညစ်နွမ်းမှုမရှိ။

၆။ လောကီသရဏဂုံသည် အယူဝါဒ ပြောင်းလွဲသွားသော အခါ သေသောအခါ၌ ပျက်စီးသည်၊ လောကုတ္တရာ သရဏဂုံကား ပျက်ရိုးမရှိ။

## လောကီသရဏဂုံ (၄)ပါး

၁။ အတ္တသန္နိယျာတနသရဏဂုံ - မိမိကိုယ်ကို ရတနာသုံးပါးအား ကောင်းစွာ အပ်နှံခြင်း

၂။ တပ္ပရာယဏသရဏဂုံ - ရတနာသုံးပါးကို မှီခိုအားထားခြင်း(အာဠာဝကာဝတ္ထု)

၃။ သိဿဘာဝူပဂမနသရဏဂုံ - ရတနာသုံးပါး၏တပည့်ခံယူခြင်း

၄။ ပဏိပါတသရဏဂုံ - ရတနာသုံးပါးကို ရိုသေစွာရှိခိုးခြင်း(ဗြဟ္မာယုပုဏ္ဏားဝတ္ထု)

# ဓမ္မဝါစီထဲသရက္ခာ

ဒ္ဓံသရဏံ ဂစ္ဆာမိ
မ္မံသရဏံ ဂစ္ဆာမိ

(ဘုရားရှင်နှင့် စတွေ့သော ကာဖုဿ၊ ဘလ္လိကကုန်သည်
ညီနောင်တို့ ခံယူခဲ့သော သရဏဂုံ)

ကိုယ်ကိုစောင်လျှင်း၊ လည်းလျှောင်းခြင်းနှင့် ဝပ်စင်း
ကျိုး၊ ရှိခိုးတုံ့ကြား တပည့်သားအဖြစ် စင်စစ်သရဏဂုံ ဤလေးခုံ
၌ ယုံလေအမြဲ သက်လုံနွဲ”

သုံးပုံတစ်ချုးကျမ်း

## သရဏဂုံဆောက်တည်အမျိုး

၁။ ဒေသပူဇာ
၂။ ပညာထက်ကြား
၃။ နတ်များစောင့်လာ
၄။ ဥစ္စာပေါ်ကြွယ်
၅။ နနယ်လုပ
၆။ လူကချစ်ခင်
၇။ မိတ်လျင်မြဲတုံ
၈။ ဂုဏ်သတင်းတက်

ဤရှစ်ချက် မပျက်သရဏဂုံ အကျိုးတည်း။

## ငါးပါးသီလ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
သတ္တဝါ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။
၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
သူတစ်ပါး၏ ပစ္စည်းဥစ္စာကို မတရားခိုးယူခြင်းမှ ရှောင်
ကြဉ်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိ ယာမိ
မူးယစ်စေသော အရက်သေစာ သောက်စားခြင်းမှ ရှောင် ကြဉ်ပါ၏။

သံဃာ - တိသရဏေနသဟ ပဉ္စသီလံသာဓုကံကတွာ အပ္ပမာ ဒေဝ သမ္ပာဒေထ။

(သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ရိုသေစွာခံယူ ဆောက် တည်ကြပြီး၍ မမေ့သောသတိဖြင့် ပြီးစီးပြည့်စုံ လုံခြုံအောင် စောင့်ထိန်းကြပါလေ)

လူ - အာမဘန္တေ-မှန်လှပါဘုရား။

## ငါးပါးသီလဝေါဟာရများ

၁။ ဓမ္မတာသီလ - လူမှန်လျှင် လိုက်နာကျင့်သုံးရမည့် ဓမ္မတာ တရားဖြစ်သောသီလ

၂။ ဂရုဓမ္မသီလ - သူတော်ကောင်းတို့ အလေးထားစောင့် ရသောသီလ

၃။ စက္ကဝတ္တိဓမ္မဝတ် - စကြဝတေးမင်းတို့ မွေးသတ်သဖွယ် အုပ်ချုပ် ကျင့်သုံးသော သီလ

၄။ ကုရုဓမ္မသီလ - ကုရုတိုင်းနေ လူဟို့ကျင့်သုံးသောသီလ

၅။ ဂဟဋ္ဌသီလ - လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရားသီလ

၆။ ပဋ္ဌသီလ - အရေအတွက် ငါးပါးရှိသောသီလ
၇။ နိစ္စသီလ - လူတို့အမြဲ စောင့်သုံးအပ်သောသီလ
၈။ ဝါရိတ္တသီလ - ဘုရားရှင်ကိုယ်တော်တိုင် တားမြစ်ထား သောသီလ
၉။ သိက္ခာပဒသီလ - ကျင့်သုံးအပ်၊ ကျင့်သုံးသင့်၊ ကျင့်သုံး ထိုက်သောသီလ

## သူ့အသက်သတ်ခြင်း(ပါဏာတိပါတ)ဆိုးကျိုး

၁။ အသက်တိုခြင်း
၂။ အနာရောဂါများခြင်း
၃။ အင်အားဆုတ်ယုတ်ခြင်း
၄။ ကြောက်ရွံ့တတ်ခြင်း
၅။ စိုးရိမ်ပူဆွေးစိတ်များခြင်း
၆။ သူတစ်ပါးနှိပ်စက်ခံရခြင်း
၇။ သူတစ်ပါးသတ်၍ သေရခြင်း
၈။ ကိုယ်လက်အင်္ဂါချို့တဲ့ခြင်း
၉။ ကိုယ်လုံးကိုယ်ထည် အချိုးမကျခြင်း
၁၀။ ချစ်သူနှင့်ကွဲရခြင်း

## ပါဏာတိပါတကဗျာ

သူ့အသက်ကို သိလျက်သားနဲ့
ဒေါသစိတ်ထား သေစေလို
လုံ့လပြုကာ သေအောင်သတ်က
ပါဏာတိပါတ အကုသိုလ်

လွန်ကျူးမိလျှင် တကယ်ပဲဖေါ့
အပါယ်ငရဲ ကျမည်ဆို
လွတ်လာပြန်လည်း ရောဂါစွဲ
ဆင်းရဲအသက်တို
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့။

## ပါဏာတိပါတ ရှောင်ကြဉ်ကျိုး

သူ့သက်မသတ်၊ ရှောင်ကြဉ်လတ်မူ၊ မကပ်ရောဂါ၊ လွန်ကျန်းမာလျက်၊ ရှည်စွာအသက်၊ ကြောက်မဖက်ဘဲ၊ စိတ်လက်ချမ်းသာ၊ ပူကင်းကွာ၍၊ အင်္ဂါပြည့်ဝ၊ အချိုးကျလျက်၊ လှပကိုယ်လက်၊ မနှိပ်စက်နိုင်၊ မသတ်နိုင်၊ မြဲခိုင်ဇကာင်းကျိုးတည်း။

## သူ့ဥစ္စာခိုး(အဒိန္နဒါနာထံ)ဆိုးကျိုး

၁။ အပါယ်ဒုဂ္ဂတိဘဝ ရောက်ရခြင်း
၂။ ဆင်းရဲမွဲတေခြင်း
၃။ ပစ္စည်းရအောင်မရှာဖွေနိုင်ခြင်း
၄။ ရှိသမျှပစ္စည်း မတည်တံ့ခြင်း
၅။ လိုလပ်သောပစ္စည်း မရခြင်း
၆။ ဆင်းဆင်းရဲရဲနေရခြင်း

## အဒိန္နဒါန္နထဇျာ

သူ့ဥစ္စာကို သိလျက်သားနဲ့
လောဘစိတ်ထား ခိုးယူလို
လုံ့လပြုကာ ခိုးယူမိက

အဒိန္နဒါန အကုသိုလ်
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို
လွတ်လာပြန်လဲ ဥစ္စာမဲ့
ဆင်းရဲဖြစ်တိုင်ကိုယ်
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

## အဒိန္နာဒါနဒုစရိုက် ရှောင်ကြဉ်ထိုက်ကြောင်း

မနိုးဥစ္စာ၊ ရှောင်ကြဉ်ပါမူ၊ ချမ်းသာကြွယ်ဝ၊ လိုရာရှု၊ ရှာရလွယ်ကူ၊ ရပြန်မူလည်း၊ ရန်သူမဖျက်၊ မပျောက်ပျက်ဘဲ၊ တိုးတက်ပွားစည်း၊ စည်းစိမ်တည်၏၊ လေးလီပါယ်ရှား၊ မကျပါဘဲ၊ နတ်ရွာသုဂတိ၊ လားရဘိသည်၊ ရ၏ကောင်းကျိုးအမှန်တည်း။

## ထွေထားအိမ်ရာပြစ်မှား(ယာဇမသုစိန္တာဓာရ)ဆိုးကျိုး

၁။ အပါယ်လားရခြင်း
၂။ မိန်းမဖြစ်ရခြင်း
၃။ နပုံးပဏ္ဍုတ် ဖြစ်ရခြင်း
၄။ အများအမုန်းခံရခြင်း
၅။ ရန်သူများခြင်း
၆။ စိုးရိမ်ကြောင့်ကြများရခြင်း
၇။ ချမ်းချမ်းသာသာ မနေရခြင်း
၈။ ချစ်သူနှင့်ကွဲရခြင်း

## ကာမဝေသုမိဏ္ဍာစာရကဗျာ

ရှောင်ရှားအပ်သူ မိန်းမများ၍
ရာဂစိတ်ထား ပေါင်းဖော်လို
လုံ့လထုတ်ကာ လွန်ကျူးမိက
ကာမေသုတဲ့ အကုသိုလ်
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို
လွတ်လာပြန်က နပုန်းမ
မိန်းမဖြစ်သလို
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေသို့။

## ကာမေသုမိစ္ဆာစာရ ရှောင်ကြဉ်ကျိုး

သူလင် သူ့မယား၊ မပြစ်မှားဘဲ၊ ရှောင်ရှားလေမူ၊ ထိုသည့်သူကား၊ ရန်သူကင်းပြား၊ ချစ်သူများ၍၊ ယောက်ျားပီသ၊ ချမ်းသာလှ၏၊ ကြောင့်ကြစိုးပူ၊ မရှိမူဘဲ၊ ချစ်သူနှင့်တွဲ၊ ပျော်ရွှင်မြဲမို့၊ စိတ်ထဲရွှင်ကြည်၊ မျက်နှာကြည်သည် နဝပြည်သို့ ဖြောင့်တန်းသူ၏လမ်း။

## မှန်ဒသာစကား(မုသာဝါဒ)ဆိုးကျိုးများ

၁။ အပါယ်သို့ လားရောက်ရခြင်း
၂။ မျက်စိ၊ နား၊ နှာစသော ဣန္ဒြေများ မကြည်လင်ခြင်း
၃။ စကားမပီခြင်း၊ ဗလုံးဗထွေး ပြောတတ်ခြင်း
၄။ သွားမညီခြင်း
၅။ ပါးစပ်ပုပ်ခြင်း
၆။ အသားအရည်မစိုပြေ မွဲခြောက်ခြင်း

၇။ ကိုယ်ခန္ဓာအချိုး မကျခြင်း
၈။ သြဇာမရှိခြင်း
၉။ နှုတ်ကြမ်းလျှာကြမ်းခြင်း
၁၀။ စိတ်မတည်ခြင်း

## ဓူယာဝါဒထေဗျာ

မဟုတ်မမှန် တစ်ဘက်သားကို
ချွတ်ယွင်းလှည့်စား မှသားဆို
အမိပွါယ်ကို ထိုသူသိ၍
အကျိုးကိုထိ အကုသိုလ်
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို
လွတ်လာပြန်လဲ ပုတ်ညှီစွဲ
သွားကျဲ နှုတ်ခမ်းတို
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့။

## မုသာဝါဒ ရှောင်ကြဉ်ကျိုး

လှည့်စားလိမ်ညာ၊ ရှောင်ကြဉ်ခွာ၍၊ သစ္စာစကား၊ ပြော ဆိုကြားမှု၊ စကားလည်းပီ၊ သွားလည်းညီ၍၊ သားရည်စိုပြည်၊ ကိုယ် နေလှပ၊ အချိုးကျ၏၊ နှုတ်ကချိုသာ၊ ထက်သြဇာနှင့် စိတ်မှာ တည်လျက်၊ ပျံ့လွင့်ကင်း၍၊ ခံတွင်းနံ့ကြိုင်၊ သင်းပျံ့လှိုင်သည့် ပိုင် ပိုင်တက်လှမ်း၊ နှုတ်တို့နန်း။

## မူးယစ်အရက်(သူရာမေရယ)ဆိုးကျိုး

၁။ သတိကင်းလွတ်ခြင်း
၂။ အရှက်မရှိခြင်း
၃။ ကောင်းဆိုးမှားမှန် မခွဲခြားတတ်ခြင်း
၄။ နိုက်ရန်ဖြစ်ပွားခြင်း
၅။ မကောင်းသတင်းပျံ့ခြင်း
၆။ ကြွက်သရေမရှိခြင်း
၇။ ရောဂါများခြင်း
၈။ ကိုယ်လက်အင်္ဂါထုံခြင်း
၉။ ဖွားလာသောသားသမီး စိတ်ဓာတ်ကျက်မပြည့်ခြင်း
၁၀။ အလုပ်တာဝန်မေ့လျော့ခြင်း
၁၁။ စီးပွားပျက်ခြင်း
၁၂။ အပါယ်သို့လားရခြင်း

### သုရာမေရယထေရျာ

မူးရစ်တတ်စွာ သောရည်များကို
မူးရစ်သောက်စား ဘိန်းရှူလို
ဒုစရိုက်တွေ ဖြစ်ပေါ်ကြောင်းမို့
မကောင်းစစ်စစ် အကုသိုလ်
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို
လွတ်လာစေဦး လူ့မေ့မူး
အရှူးဖြစ်တိုင်းကိုယ်
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့။

## ထူရာမေရဿ ရှောင်ကြဉ်ထျိုး

အရက်သေစာရှောင်ကြဉ်ပါမူ၊ ရောဂါလည်းကင်း၊ နိုက်ရန်ရှင်း၍၊ သတင်းကောင်းဖြာ၊ ရပ်တိုင်းမွှေး၏၊ လုပ်ရေးဆောင်တာ၊ ရှိသောခါလည်း၊ မကွာသတိ၊ လုပ်ဆောင်ဘိ၏၊ ဖွားသည့်လေငြား၊ သမီးသားလည်း၊ စိတ်ထားတည်ကြည်၊ ဟိရိဩတပ်၊ အစဉ်ကပ်လျက်၊ မြဲချပ်သတိ၊ သူမှာရှိသည်၊ ကတိ ဖြောင့်တန်း၊ ထက်သို့လှမ်း။

## ထိုယ်ထျင့်ထီလ ထောင်းထျိုး ဆိုးထျိုး

ကိုယ်အပြုအမူ၊ နှုတ်အပြောအဆို၊ မပြစ်ကင်းလျှင်သီလစင်ကြယ်သည်၊ ကိုယ်ကျင့်တရားကောင်းသည်။

ကိုယ်ကျင့်တရားကောင်းသူသည် -

၁။ စည်းစိမ်ဥစ္စာပေါမျာသည်
၂။ ကောင်းသတင်းကျော်ဇောသည်
၃။ ပရိသတ်အလယ် ရဲဝန့်စွာ ဝင်နိုင်သည်
၄။ မတွေဝေဘဲသေရသည်
၅။ သေသော် သုဂတိဘဝလားရသည်။ (အံ - ၂ - ၂၂၁)

ကိုယ်ကျင့်တရားမကောင်းသူသည် -

၁။ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးရသည်
၂။ သတင်းဆိုးထွက်သည်
၃။ ပရိသတ်အလယ် မျက်နှာညှိုးငယ်စွာနင့်ဝင်ရသည်
၄။ သတိလွတ်ကင်း ညည်းညူခြင်းနှင့် သေရသည်
၅။ အပါယ်စသော ဘဝဆိုးသို့ကျရောက်ခံစားရသည်

## သမ္ဗုဒ္ဓေ(အနန္တရာယ်ထဝ်းထဝ်ချော်)ထရာ

သီလခေါ်ဆို ကိုယ်ကျင့်ကောင်းမှ
တောင်းတိုင်း တတိုင်း ရနိုင်တယ်
ပဒေသာပင်အိမ်မှာပေါက်သလို
ကောက်ယူသုံးလို့ မကုန်နိုင်တယ်
ဥစ္စာစုပုံ ကုန်မယွင်း ဂုဏ်သတင်းလည်း သင်းပျံ့မယ်
ရောက်လေရာရာ ပွဲလည်တင့်လို့
ရဲရင့်ရှင်ပြ ခင်ကြမယ်
သေရသော်ပင် သတိကောင်းလို့
ဂတိပြောင်းတော့ နတ်ပြည်ဝယ်
သီလကောင်းကျိုး ချက်ချင်းတိုး
အားကိုးလောက်ပေတယ်
အဲဒါကြောင့် ကိုယ်ကျင့်သီလ ဒီဘဝ တည်ကြ မြဲကြမယ်။

## အခန်း (၃)

# ကြီးပွားချမ်းသာ – မြတ်မင်္ဂလာ

**မင်္ဂလာထောက်တာ**

"မောနေယျ – ခုနစ်နှစ် – ဆယ့်နှစ်နှစ် – မင်္ဂလာ
တစ်ရာမှာ – စကြာဝတေး၊ ဆိုရေးစကား"

တစ်ရာမှာ – တစ်ထောင်မြွက်၊ ကမ္ဘာပျက်တစ်သိန်း၊ လောကတွင် မောနေယျ အကျင့်ပေါ်မည်၊ ကောလဟာလသည် ခုနစ်နှစ်ကတည်းက ပေါ်ပေါက်သည်။

မင်္ဂလာတရားပေါ်မည်၊ ကောလဟာလသည် တစ်ဆယ့်နှစ်နှစ်ကတည်းက ပေါ်ပေါက်သည်။

စကြာဝတေးမင်းပေါ်မည်၊ ကောလဟာလသည် အနှစ်တစ်ရာကတည်းက ပေါ်ပေါက်သည်။

ဘုရားပေါ်မည်၊ ကောလဟာလသည် အနှစ်တစ်ထောင်ကတည်းက ပေါ်ပေါက်သည်။

ကမ္ဘာပျက်မည်ဆိုသော ကောလဟလသည် ကမ္ဘာ တစ်သိန်းကတည်းက ပေါ်ပေါက်သည်။

သုဒ္ဓါဝါသဗြဟ္မာတို့သည် လူ့ရွာသို့ သက်ဆင်းပြီး လမ်းဆုံ လမ်းမ လမ်းလေးခွတို့မှ မင်္ဂလာတရားပေါ်မည်ဆိုသည်ကို ဘုရား မပွင့်မည့် (၁၂)နှစ်ကတည်းက ကြွေးကြော်နေကြလေသည်။

- အချို့က-စောစောထလျှင် ထခြင်း ပိန်ညင်းငှက်၊ ကိုယ် ဝန်ဆောင်မိန်းမ၊ နွားလားဥသဘ၊ တန်ဆာဆင်သော မိန်း မငယ်၊ လုလင်ပျိုတို့ကို မြင်ရခြင်းသည် ဒိဋ္ဌမင်္ဂလာဟု ဆို ကြ၏။
- အချို့က-စောစောစီးစီးကြားရသော-တွေ့၏၊ ပွား၏၊ ကြား၏၊ ကျက်သရေရှိ၏ဟူသော စကားများနှင့် စောင်း ငြင်းပတ်သာ တူရိယာသံ-သာယာသောအသံတို့ကို ကြား ရခြင်းသည်-သုတမင်္ဂလာဆိုကြ၏။
- အချို့က-မြင်ခြင်း ကြားခြင်းမှာ မင်္ဂလာမမည်၊ စောစော အခါမှ ပန်းရနံ့သာအစုံ၊ အမွှေးထုံတည်းဟူသော အနံ့အရ သာ အတွေ့တို့သာလျှင် မုတမင်္ဂလာဟု ဆိုကြ၏။

ဤသို့လျှင် အရပ်လေးမျက်နှာ၌ မင်္ဂလာစကားအတွက် ဒိဋ္ဌသာလျှင် မင်္ဂလာ၊ သုတသာလျှင်မင်္ဂလာ၊ မုတသာလျှင်မင်္ဂလာ ဟူ သူဟာသာအမှန်၊ ငါ့ဟာသာအမှန် စသည်ဖြင့် အုတ်အုတ် ကျက်ကျက်ငြင်းခုံကြကာ သုံးစုသုံးဖြာ ကွဲပြားမှု ဇမ္ဗူဒိပ်ကျွန်း၌ ပေါ်ပေါက်ခဲ့သည်။

ထိုအငြင်းပွားမှုသည် လူတို့တွင်သာမက ကိုယ်စောင့် နတ်တို့ပါ အငြင်းပွားလာကြကုန်၏။ ထိုမှ တဖြည်းဖြည်းတိုးကာ

ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာမှစ၍ အကနိဋ္ဌပြဟ္မာတိုင်အောင်ဒိဋ္ဌ၊ သုတ၊ မုတမင်္ဂလာအချင်းချင်း ငြင်းခုံမှုမဆုံး ရှိနေကြလေသည်။

ဤတွင် တာဝတိံသာရှိ နတ်အပေါင်းတို့သည် -

"အသင်တို့ - ငါတို့ဒိဋ္ဌ၊ သုတ၊ မုတဟူ၍ ငြင်းခုံနေကြမှု မည်သူမျှပင် အဖြေအတိအကျ မပေးနိုင်၊ ကာလရှည်ကြာတော့မည်၊ တစ်ထိုင်တည်းတွင် တစ်ထောင်သော အမေးပုစ္ဆာတို့ကို ဖြေဆိုနိုင်သောသိကြားမင်းအား သွားမေးပါမှ ဤပြဿနာ အဖြေရှင်းတော့မည်"ဟု ဆိုကြလေသည်။

တာဝတိံသာနတ်တို့သည် ဤသို့လျှင် စည်းဝေးညီညာပြီး သိကြားမင်းထံသို့သွားကာ မင်္ဂလာအငြင်းအခုန်စကားကို မေးလျှောက်ကြလေသည်။

"အိုနတ်များစွာတို့ - ဤမင်္ဂလာဟူသော စကားသည် အဘယ်သူက အစပြုကာ ကြားပါသနည်း"

"အရှင်သိကြားမင်း - လူတို့ကအစဖြစ်လာပြီး ဘုမ္မ၊ ရုက္ခ၊ အာကာသ၊ စတုမဟာရာဇ်နတ်များမှသည် ပြဟ္မာပြည်အထိ ငြင်းခုန်နေကြရပါ၏"

"အိုနတ်အပေါင်းတို့ - မီးပုံကြီးရှိပါလျက် ပိုးစုန်းကြူးကို မီးရောင်လင်းဟု မှတ်ထင်နေက မှားမည်၊ မင်္ဂလာကို ငါလည်းမသိပါ၊ လောကလူ့ပြည်တွင် အလုံးစုံသိမြင် ဘုရားရှင် ပေါ်ပေါက်နေပါသည်။ ထိုဘုရားရှင်ထံ အမောင်နတ်သား ဦးဆောင်သွားပြီးမေးပါ၊ နောက်များက တို့တစ်တွေလိုက်၍နာပါမည်"

သို့အတွက် ဘုရားနှင့်ကျွမ်းဝင်သော နတ်သားတစ်ပါး ဦးဆောင်ကာ ညဥ့်အချိန်တွင် လူ့ပြည့်သို့ ဆင်းခဲ့ကြလေသည်။ ဘုရားရှင်ထံသို့ ဝင်ရောက်ပြီးလျှင် နတ်သားက ဦးဆောင်ပြီး လောကတွင် ငြင်းခုန်နေကြသော မင်္ဂလာတရားကို ဘုရားရှင်ထံ လျှောက်ကြားကြလေသည်။

ဤသို့အားဖြင့် ဘုရားရှင်သည် လောကလူ့ရွာ လူတို့ ကျင့်အပ်သော လောကုတ် လောကီချမ်းသာဖြစ် မင်္ဂလာတရား တော်ကို ဟောကြားတော်မူခဲ့လေသည်။

## မင်္ဂလာတရားခွဲခြားထားပုံ

မင်္ဂလာတရား(၃၈)ပါးကို လောကလူတို့ ကျင့်စဉ်တရား အဖြစ် ခွဲခြားကြည့်လျှင် အောက်ပါအတိုင်း တွေ့ရပါသည်။

### ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ (၃)ပါး

၁။ လူမိုက်ကို မမှီဝဲ မပေါင်းသင်းရေး
၂။ ပညာရှိ လူလိမ္မာကို မှီဝဲဆည်းကပ်ရခြင်း
၃။ ပူဇော်ထိုက်သူကို ပူဇော်ရခြင်း

### နေထိုင်ရေးမင်္ဂလာ (၃)ပါး

၄။ သင့်လျော်သောအရပ်၌ နေရခြင်း
၅။ ရှေးကပြုဖူးသော ကောင်းမှုအထူးရှိရခြင်း
၆။ မိမိ၏ ကိုယ်စိတ်နှစ်ပါးကို စောင့်ထိန်းရခြင်း

## ထင်ကြားရေးမင်္ဂလာ (၄)ပါး

၇။ လောကုတ်၊ လောကီအကြားအမြင်များခြင်း
၈။ နှုတ်မှု လက်မှု စက်မှုအတတ်ပညာတို့ကို တတ်ရခြင်း
၉။ လူ့ကျင့်ဝတ် လူ့စည်းကမ်းနည်းဥပဒေများကို ကောင်းစွာနားလည်ခြင်း
၁၀။ အပြောအဆိုယဉ်ကျေးသိမ်မွေ့ရခြင်း

## ပြုစုရေးမင်္ဂလာ (၃)ပါး

၁၁။ မိဘနှစ်ပါးကို လုပ်ကျွေးပြုစုရခြင်း
၁၂။ သားမယားတို့ကို တရားနှင့်အညီ ပြုစုလုပ်ကျွေးရခြင်း
၁၃။ အနှောင့်အယှက်ကင်းသောအလုပ်ကို လုပ်ကိုင်ခြင်း

## လိုက်နာကျင့်သုံးရေးမင်္ဂလာ (၄)ပါး

၁၄။ လှူဒါန်းပေးကမ်းခြင်း
၁၅။ သုစရိုက်တရားကိုကျင့်ခြင်း
၁၆။ ဆွေမျိုးတို့အား ထောက်ပံ့ကူညီခြင်း
၁၇။ အပြစ်ကင်းသောအမှုတို့ကိုပြုခြင်း

## ရှောင်ကြဉ်ရေးမင်္ဂလာ (၄)ပါး

၁၈။ မကောင်းမှုမဖြစ်အောင် စိတ်ဖြင့်ရှောင်ခြင်း
၁၉။ မကောင်းမှုမဖြစ်အောင် ကိုယ်နှုတ်ဖြင့် ရှောင်ခြင်း
၂၀။ မူးယစ်သေစာမသောက်စားခြင်း
၂၁။ ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း

## စိတ်ထားရေးမင်္ဂလာ (၅)ပါး

၂၂။ ရိုသေထိုက်သူကို ရိုသေခြင်း
၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း
၂၄။ ရောင့်ရဲပွယ်ခြင်း(လောဘအပိုအလိုမလိုက်ခြင်း)
၂၅။ သူတစ်ပါးကျေးဇူးကို သိခြင်း
၂၆။ သင့်လျော်သောအခါ တရားနာခြင်း

## သည်းခံရေးမင်္ဂလာ (၄)ပါး

၂၇။ သည်းခံခြင်း
၂၈။ ဆုံးမလွယ်ခြင်း
၂၉။ ရဟန်းသံဃာတို့အား ဖူးမြော်ရခြင်း
၃၀။ သင့်လျော်သောအခါ တရားဆွေးနွေးရခြင်း

## ကြိုးပမ်းရေးမင်္ဂလာ (၄)ပါး

၃၁။ ကြိုးပမ်းအားထုတ်ရခြင်း
၃၂။ မြတ်သောအကျင့်ကိုကျင့်ခြင်း
၃၃။ သစ္စာလေးပါးကိုသိခြင်း
၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း

## စိတ်ထားခိုင်ခံ့ရေးမင်္ဂလာ (၄)ပါး

၃၅။ ခေါ်းရိမ်ခြင်း
၃၆။ ကိလေသာမြူကင်းခြင်း
၃၇။ ဘေးကင်းခြင်း
၃၈။ 

- ၁ မှ ၃၂ အထိ လောကီမင်္ဂလာ
  ကျန်(၆)ပါးသည် လောကုတ္တရာမင်္ဂလာ

- ၁ မှ ၃၃ အထိ အကြောင်းမင်္ဂလာ
ကျန်(၅)ပါးသည့် အကျိုးမင်္ဂလာ

## သုံးဆယ့်ရှစ်ဖြာမင်္ဂလာကဗျာများ

က။ သုံးဆယ့်ရှစ်ဖြာ - မင်္ဂလာတရားကို
နတ်လူအများ - ကြံစည်ပေ
ဘယ်သင်း ဘယ်ဟာ - မင်္ဂလာစစ်ဟု
သေချာဇစ်မြစ် မသိပေ
ဆယ့်နှစ်နှစ်တိုင် နှုတ်ပြိုင်ငြင်းလို့
မင်္ဂလာအခင်း မပြီးပေ
မင်္ဂလာတရား ဝါဒများ
ကွဲပြား နတ်လူတွေ
အဲဒါကြောင့် ကြံကြံစည်စည် - ကမ္ဘာ့မင်္ဂလာတွေ။

ခ။ သာဝတ္ထိပြည်မှန် - ဇေတဝန်ကျောင်းဝယ်
ကိန်းအောင်းပျော်မွေ့ - မြတ်စိန္တေ
သန်းခေါင်ယံခါ - မထင်ရှားသည့်
နတ်သားတစ်ယောက် ချဉ်းကပ်လေ
ချဉ်းကပ်ပြီးသော် မင်္ဂလာသဘောကို
ထင်ရှားဟောဖို့ လျှောက်ပန်ချွေ
အသေဝနာတရား အစလား ဟောကြားမိန့်ခဲ့ပေ
အဲဒါကြောင့် နာရ ကြားရ ကမ္ဘာ့မင်္ဂလာတွေ။

## အထေဝနာစေဝ်ဆာ

၁။ လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို
မမှိဝဲနှင့်ကင်းအောင်ဖနေ
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ်နည်းယူစေ
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ
ချမ်းသာကိုပေး ဆက်ဆံရေး
မျှော်တွေးသုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ဝတိရူပဒေသေဝ်ဆာ

၂။ ကုသိုလ်ပညာ ဥစ္စာရဖို့
သင့်ရာဒေသ အမြဲနေ
ရှေးကာတင်ကြို ပြုခဲ့ဖူးသည့်
ကောင်းမှု အထူးရှိပါစေ
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ ဆောက်တည်လေ
ဥစ္စာကိုပေး နေထိုင်ရေး
မျှော်တွေးသုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေး

## ဓာတုသယ္ဗဓိစ်လော

၃။ တတ်ကောင်းတတ်ရာဟူသမျှကို
ကြားမြင်သုတရှိပါစေ
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့
အသက်မွေးဖို့ အတတ်သင်လေ
လူနှင့်ဆိုင်ရာကျင့်ဝတ်များကို
ကောင်းစွာသင်ကြားနားလည်စေ
မှန်ကန်ယဉ်ကျေး ချိုသာအေး
ဆိုရေးတတ်ပါစေ
အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ

## ဓာတာဝိတုဓဝ်လော

၄။ မြင်းမိုရ်ရွှေတောင် မိဘကြွေးကို
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ
ကြွေးသစ်ချကာ သားနှင့်မယား
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ
အလုပ်တာဝန် မလစ်ဟင်းနဲ့
အပြစ်ကင်းအောင်လုပ်ပါလေ
စည်းစိမ်ကိုပေး ပြုစုရေး
မျှော်တွေးသုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ဝါနုဋ္ဌမဝ်လာ

၅။ သုံးတန်စေတနာ ဖြူစင်လန်းလို့
ပေးကမ်းဝေမျှ လှူနိုင်စေ
ကိုယ်နှင့်စိတ်ကြံ မမိုက်မှားနဲ့
သုစရိုက်တရားကိုကျင့်ပါလေ
ဆွေမျိုးတွေကို ပြင်ပမထားနဲ့
သင်္ဂဟတရားနဲ့ ရှီးမြှောက်လေ
သန့်စင်ပြစ်မျိုး လူထုကျိုး
သည်ပိုးရွက်ဆောင်စေ
အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။

## အာရတီဝိရတီ မင်္ဂလာ

၆။ မကောင်းမှုတွေဟူသမျှကို
မတွေ့ခင်ကရှောင်ကြဉ်လေ
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့
အထူးသဖြင့် စောင့်စည်းနေ
အရက်သေစာ မသောက်စားနဲ့
မှောက်မှားတတ်တဲ့ အရာတွေ
လုပ်ကိုင်ပြောကြား သတိထား
တရားမမေ့စေ
အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ

## ဝါရဝေါစမင်္ဂလာ

၇။ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက
ဆည်းကပ်ခံစား ရှိသေလေ
မာနတံခွန် ဂုဏ်မကြွနဲ့
ကိုယ်ကိုနှိမ်ချ အမြဲနေ
လောကအလို အလိုအလိုက်နဲ့
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး
အထူးသိတတ်စေ
ကောင်းကျိုးဆင့်ပွား မြတ်တရား
နာကြားမပြတ်ပေ
အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။

## ခန္တီမင်္ဂလာ

၈။ ဝတ်စားနေထိုင် ရန်ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း သည်းခံလေ
ကျိုးကြောင်းပြည့်ဝန် ဆုံးမစကားကို
ပြောကြားလာက နာလွယ်စေ
သူမြတ်ပုဂ္ဂိုလ်ဟူသမျှ
မကြာခဏတွေ့ဆုံလေ
သဘာဝတွေး မှန်ကန်ရေး
ဆွေးနွေးမပြတ်ပေ
အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။

## တဝေါမဓမ်လော

၉။ လောကီအာရုံ ဇိမ်ယစ်မူးလို့
အပျော်မကြူးနဲ့ ခြိုးခြံလေ
မေတ္တာပြဟ္မစိုရ် လက်ကိုင်သုံးလို့
သူမြတ်ကျင့်ထုံး ယင်းမသွေ
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင်ကြိုးစားလေ
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း
အလင်းပေါက်နိုင်စေ
အဲ့ဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။

## ဗုဒ္ဓဿမဓမ်လော

၁၀။ ဆင်းရဲချမ်းသာ သဘာဝ
တွေ့ကြုံနေကြ လူတိုင်းပေ
ကောင်းဆိုးနှစ်တန် အစုံကွဲလို့
တလဲစီကွဲ အမြဲနေ
လောကဓံကြုံ မဖြုံစတမ်းပေါ့
မတုန်စမ်းနဲ့ စိတ်နိုင်စေ
သောကကိုထိန်း ရမှက်သိမ်း
အေးငြိမ်းချမ်းသာနေ
အဲ့ဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာပွေ။

## မင်္ဂလာအကျိုး

၁၁။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို
လိုက်နာကျင့်သုံးပန်သူတွေ
စီးပွားချမ်းသာ ကြွက်သရေတိုးလို့
ကောင်းကျိုးစည်ပွင့် တဝေဝေ
ဘေးကင်းရန်ကွာ ချစ်သူပေါလို့
စိတ်ရောကိုယ်ရော ချမ်းသာမလေ
ပြောဆိုကြံဆ ဆောင်သမျှ
အောင်ရမည့်ကိန်းသေ
အဲဒါကြောင့် ပန်ကြ၊ ဆင်ကြ မင်္ဂလာပန်းခိုင်တွေ။

ဒဂုန်ဦးထွန်းမြင့်

## မင်္ဂလာဆိုင်ရာ သိမှတ်ဖွယ်များ

မင်္ဂလာ - ကောင်းသောအာရုံ၌ သိုင်းဝိုင်းခြံရံ လွှမ်းထုံကြွက်သရေ တက်ဝေမောက်ဖြိုး၊ အလိုရှိအပ်သောအကျိုးများ တစ်နေ့တစ်ခြား ဒီရေအလားကဲ့သို့ တိုးတက်မြင့်မားသော ကိစ္စဟူသမျှ အလုံးစုံသည် မင်္ဂလာမည်ပါသည်။

- ကြီးပွားချမ်းသာခြင်း၏ အကြောင်းဟူသမျှတို့သည်လည်း ကောင်းမကောင်းအာရုံ မကောင်းစကား မကောင်းသောအပြုအမူ ဟူသမျှတို့ကို အကြွင်းအကျန် မရှိအောင် ဖြတ်တောက်ပစ်ခြင်းဟူသမျှသည် မင်္ဂလာ မည်ပါသည်။

## ၁။ အယောဝနာစဝလာနံ့ ဓဝ်လော သိမှတ်ဖွယ်ရာများ

မပေါင်းဖက်ရ လူဟာလ ရှောင်ကြဉ် ဝေးဝေးခွာ၊

လူမိုက် - ပညာဖြင့် အသက်ရှင်ခြင်းကို မပြုမူ၍ ထွက်သက်ဝင်သက်ကို ရှူရှိုက်တတ်ရုံမျှဖြင့် အချိန်အခါကို ကုန်လွန်စေလျက် အကောင်းအဆိုး၊ အကြောင်းအကျိုး ကုသိုလ်မှန်း အကုသိုလ်မှန်း မသိ၊ ထင်မိထင်ရာ ပညာ ဗဟုသုတ နည်းပါးသဖြင့် ကိုယ်ကျင့်တရားနှင့် မပြည့်စုံသူ၊

- လောကီ လောကုတ္တရာ အကျိုးနှစ်ပါးကို ရအောင် အားမထုတ်နိုင်သဖြင့် နှစ်ဖက်ကန်းနှင့် တူသောသူ

- လောကီအကျိုး တစ်ခုမျှသာ ရအောင်အားထုတ်နိုင် သဖြင့် တစ်ဖက်ကန်းနှင့်တူသောသူ

- ဒုစရိုက်ဆယ်ပါး ပြုကျင့် ကျူးလွန်သူ

### လူမိုက်လက္ခဏာ (၃)ပါး

- မကောင်းသောအမှုကို ပြုလေ့ရှိခြင်း
- မကောင်းသောစကားကို ဆိုလေ့ရှိခြင်း
- မကောင်းသော အကြံကို ကြံလေ့ရှိခြင်း

### လူမိုက်တို့ မပေါင်းနှင့်

ဟိမဝန္တာတောနေ ဘုရားလောင်းရသေ့က မြို့သို့သွား သောသားငယ်အား ပြောကြားသည်မှာ -

၁။ နံ့နွင်းရည်ဆိုးသောကဲ့သို့ မမြဲသောစိတ်ရှိသူ

၂။ ရာဂစိတ်ဖြင့် ချစ်ပွယ်မှန်းလွယ်စိတ်ရှိသူ

၃။ မျောက်ကဲ့သို့ လျှပ်ပေါ်တုန်လှုပ်သောစိတ်ရှိသူ

၄။ လျင်သောအဆိပ်ရှိသည့် မြွေကဲ့သို့ ဒေါသအမျက်ထွက်တတ်သူ

၅။ မစင်လိမ်းကြံသော ခရီးလမ်းမနှင့်တူသည့် မသန့်ရှင်းသူ ဤသူများနှင့် မပေါင်းနှင့်

"ချစ်သား လူမိုက်ကို မှီဝဲသောသူအား အကျိုးမဲ့တို့သည် ပွားကုန်၏။ သင်သည် လူမိုက်နှင့်မပေါင်းနှင့် ရန်သူနှင့် ပေါင်းဖော်ခြင်းသည် အခါခပ်သိမ်း ဆင်းရဲသကဲ့သို့ လူမိုက်နှင့်ပေါင်းဖော်ခြင်းသည် ဆင်းရဲ၏"

နစနိပါတ်၊ မာလိဒ္ဓိရာဇဇာတ်

## လူမိုက်မပေါင်းရ

- လူမိုက်ကိုလျှင် ချစ်ကျွမ်းဝင် ကိုယ်လျှင်မိုက်မည့်တာ
- အမဲသားပုပ် ပဝါထုတ် နှိုင်းလုပုံပမာ
- ထို့ကြောင့်မှတ်ထိုက် လူအမိုက် မလိုက်ရှောင်ကြဉ်ခွာ

စလင်းဦးပညာဝံသ

## လူမိုက်ထိုဖဲကြဉ်လော့

- ပညာမျက်စိ မြင်မရှိ၍ မသိတရား အယူမှားလျက် စီးပွားမဖြစ် ကျိုးမပေါ်သား သူတော်မဟုတ် ယုတ်သည့်စရိုက် လူသူမိုက်ကို မကြိုက်မချစ် ရန်သူစစ်သို့ မနစ်သက်ဘဲ ဝေးစွာရှဲ၍ အမြဲခွာရှင်း ဖဲကြဉ်မင်း။

လောကသာရပျို့

## ၂။ ဝဏ္ဏိတာနဥ္စ ယေဝနာ ဓမ်လော ထိမှတ်စရာများ

ပညာရှိထံ နည်းနာခံ ဆက်ဆံပေါင်းသင်းရာ-

ပညာရှိ - ယခုဘဝ နောင်ဘဝတို့အတွက် အကျိုးအကြောင်း အဆိုး အကောင်းတို့ကို ရွေးချယ်တတ်သော အသိအလိမ္မာ ရှိ၍ အကျိုးစီးပွားဖြစ်ထွန်းသော အမှုတို့ကိုသာ ပြော ဆို ကျင့်ကြံသောသူသည် ပညာရှိမည်၏။

### ပညာရှိလက္ခဏာ

- ကောင်းသောအမှုကို ပြုလေ့ရှိခြင်း
- ကောင်းသောစကားကို ဆိုလေ့ရှိခြင်း
- ကောင်းသောအကြံကို ကြံလေ့ရှိခြင်း

တစ်နည်း-မျက်မှောက်ဘဝ၌ ရသောအကျိုး၊ တမလွန်ဘဝ ၌ ရသောအကျိုး ဤအကျိုးနှစ်ပါး၌ မြဲမြံတည်ကြည်သော စိတ်ရှိ ခြင်းသည် ပညာရှိလက္ခဏာမည်၏။ တစ်နည်း-မိမိနှင့်မထိုက် တန်သော စည်းစိမ်ကို မတောင့်တ ပျက်စီးလေပြီးသော ဥစ္စာအ တွက်လည်း ပူဆွေးကြောင့်ကြခြင်းမရှိ၊ ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်သောအခါ၌လည်း တွေဝေထိုင်းမှိုင်းခြင်းမရှိသောသူသည် ပညာရှိမည်၏။

### ပညာရှိ (၂)မျိုး

ပကာသနပညာရှိ - မိမိကိုယ်ကို ပညာရှိထင်မှတ်အောင် ပယောဂ အမျိုးမျိုးဖြင့် ကူပံ့၍ ပကာသန အမျိုးမျိုး ပြုလုပ်သော ပညာရှိမျိုး။

သဘာဝပညာရှိ - ပယောဂလည်းမပါ၊ ပကာသနလည်းမပါ၊ ငရုတ်သီးမှန်လျှင် ခုနစ်လံ ရေငုတ်စားသော် စပ်ရမည်ဆိုသကဲ့သို့ သဘာဝနေတတ်သော ပညာရှိ။
(ထိုပညာရှိသည် နှံ့နစ်ပတ္တမြားကဲ့သို့ သဘောရှိသည်)

## ပညာရှိထဝိ (၄)မျိုး

၁။ စိန္တာကဝိ - အကြံအစည်ကို အားကိုးသောပညာရှိ
၂။ သုတကဝိ - အကြားအမြင် ဗဟုသုတကို အားကိုးသော ပညာရှိ
၃။ အတ္ထကဝိ - သဘောအဓိပ္ပါယ်၊ အကျယ်အဝန်း အထူးလိုက်စားသော ပညာရှိ
၄။ ပဋိဘာဏကဝိ - အကြံနှင့် အကြားကို အလေးမပြု၊ အရေးပေါ်လာသောအခါ ဉာဏ်ဖြင့်ဆင်ခြင်၍ အမှန်ကို ရှာသော ဉာဏ်အားကိုး ပညာရှိ

## ပညာရှိစွမ်းရည်

- ကြောင်းခြင်းရာကိုတတ်သိခြင်း၊
- မျက်မှောက်အကျိုး၊ တမလွန်အကျိုးကို ရအောင် ဆောင်ရွက်တတ်၏၊
- လာမည့်ဘေးကို ကြည့်လျှောက်တတ်၏၊
- ဘေးရင်ဆိုင်တွေ့သောအခါ တုန်လှုပ်မှုမရှိ ကြံကြံခံ၍ တွန်းလှန်တတ်သည်၊

## ပညာရှိကို နှိဝဲဆည်းထစ်ဝါ

"ပညာရဲရင့်၊ ပွဲလယ်တင့်၍၊ နှိုင်းချင့်ဆင်ခြင်၊ ကျိုးပြစ်အခင်ကို၊ မြော်မြင်တတ်သိ၊ ပညာရှိအား၊ အမိညီဖွား၊ မယားကြင်ဖက်၊ ကိုယ်သက်စွန့်ကာ၊ မြတ်နိုးစွာသား၊ ရာဇာဇက်၊ ဟူဋ္ဌနီသို့၊ ကူညီစစ်စစ်၊ ကောင်းစွာချစ်လော့၊ ကျိုးပြစ်ဆင်ခြင်၊ ပညာရှင်ကို၊ ချစ်ခင်ရှိသော၊ ပေါင်းသင်းလေကာ၊ မိတ်ဆွေကလျာဏ်၊ ကောင်းစွာရသည်၊ မှတ်ကြဖကန် စစ်စစ်တည်း"

နရဒက္ခဒီပနီကျမ်း

## ၄။ ပူဇာစပူဇနေယျာနံ ခဝ်လာ ထိမှတ်စရာများ

ပူဇာနီယ၊ ပူဇာဝ ပြုကြအပ်သည်သော

ပူဇော်ခြင်း။ ။ပူဇော်ဟူသည်၊ အရိုအသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း၊ ပေးလှူခြင်းတို့ကို ဆိုပါသည်။

## ပူဇော်ထိုက်ဒဿာဝုဂ္ဂိုလ်များ

၁။ အာမိသပူဇာ - ဝတ္ထုပစ္စည်းဖြင့် ပူဇော်ခြင်း။
၂။ [illegible]ဇာ - သီလ၊ သမာဓိ၊ ပညာတရားတို့ကို အားထုတ်ကျင့်ကြံ၍နေခြင်း။

## ပူဇော်ရကျိုး (၅)ဝါး

၁။ အသက်ရှည်ခြင်း
၂။ အဆင်းလှခြင်း
၃။ ချမ်းသာကြီးခြင်း

၄။ ခွန်အားကြီးခြင်း
၅။ ဉာဏ်ပညာကြီးခြင်း

## ၄။ ဝတ်ရွတ်ဖွယ်ရာ စိတ်ဓာတ်အမှတ်စရာများ

သင့်တင့်လျောက်ပတ် ဒေသရပ် နေအပ်ကြသည်သာ။

## ၈။ သင့်တင့်လျောက်ပတ်သောအရပ်

အကြင်အရပ်၌ ပရိသတ်လေးပါး ကျက်စားအံ့။
- ဒါန အစရှိသော ပုညကြိယာဝတ္ထုတို့သည် ဖြစ်ကုန်အံ့။
- ဘုရားရှင်သာသနာသည်လည်း ထွန်းကားအံ့။
- ဆေးဗေဒင် ပညာရှင်ရှိသောအရပ်။
- မင်းအုပ်ချုပ်မှု ရှိသောအရပ်။
- ဥစ္စာစီးပွား ပညာရှာရန် လွယ်သောအရပ်။
- ရောဂါဘေးဥပဒ် ကင်းစင်သောအရပ်။

"ဇမ္ဗူပြင် အကြင်အရပ်မှာ ဆေးတတ်ကာယ်ဝနဇ္ဇာ၊ ဗေဒင်ဆရာ နှင့် ဥစ္စာကြွယ်ပြည့်ဖြိုး စိုးရရာဇာ။

ပတ်ဝဲရာ၊ ခေရစ်လို့ ရေမြစ်ကာယ်သီတာ၊ လယ်မှာမရှိဘဲ၊ တစ်ရက်ကာယ် မျှသော်လဲ၊ ဤနထိုမြေခန်းမှာ လျော်မြန်းမ နေရာဟု၊ ရွှေကျမ်းစာမှာတော်ရှိ၊ ထားသတိစွဲ။ အကြင်ဂါမ နှင့် ဌာနငဲ့တိုင်ခွင် မြတ်နိုးရတနာနှင့် ဆွေမိတ္တာ ပညာသေး တို့၊ ဝေးရှောင်ခဲ့လျှင်၊ ထိုရပ်ခွင် ကျင်လည်သင့်ဆုံးလျော်ရာမှာ၊ ပျော်ပါရအောင် သွားလေကြဦး။

ညွှတ်ကြည်ရိုကျိုးနှင့် မြတ်နိုးငယ်မထင်၊ မတော်မလျော်နှင့် သူတော်ကို မထိမဲ့ များခဲ့သည်ပင်၊ သူယုတ်ကာယ်ပြင်ပြင်ကို၊

ချစ်ကြတဲ့ဘွာန ထိုမြေချက်မှာလ၊ တစ်ရက်ကယ်နိုမအောင်း
ပါနဲ့၊ ပြောင်းရွေ့ခွာကြ"

မွန်တိရိုး

## မသင့်တင့်သောအရပ် (၁၆)ပါး

၁။ ရတနာသုံးပါး ရှိသောခြင်းမရှိသောအရပ်
၂။ မိတ္တာအသူရှိသောသူတို့၏ နေရာအရပ်
၃။ သေရည် သောက်စားနေသောအရပ်
၄။ ရွံ့နွံပေါ်များသောအရပ်
၅။ တစ္ဆေ၊ ဘီလူး၊ သရဲတို့ ပေါ်များသောအရပ်
၆။ တီကျွတ်၊ မျှော့တို့ ပေါ်ရာအရပ်
၇။ ရေနေငါးရဲတို့ ပေါ်များသောအရပ်
၈။ ပိုးမွှားများ ပေါ်များရာအရပ်
၉။ ကျားရဲစသည် တောရဲပေါ်ရာအရပ်
၁၀။ မှက်ရဲ ပေါ်ရာအရပ်
၁၁။ ခြင်ရဲ ပေါ်ရာအရပ်
၁၂။ မြွေရဲတို့ ပေါ်ရာအရပ်
၁၃။ ကျားရဲတို့ ပေါ်ရာအရပ်
၁၄။ ဆင်ရဲတို့ ပေါ်ရာအရပ်
၁၅။ ခြသေ့်သားရဲတို့ ပေါ်ရာအရပ်
၁၆။ ကျားသစ်ရဲတို့ ပေါ်ရာအရပ်

## ၃။ သင့်တင့်လျောက်ပတ်သောအရပ်

- သင့်တင့်လျောက်ပတ်သောအရပ်၌ နေသောသူသည်လည်း ဖြစ်အံ့၊
- အရိယာသူတော်ကောင်းတို့နှင့် အကျွမ်းတဝင် ချစ်ခင်စွာ နေရသည်ဖြစ်အံ့၊
- ကိုယ်နှုတ်နှလုံး ဆိုးမခြင်းနှင့် ပြည့်စုံရသည်ဖြစ်အံ့၊
- ရှေးဘဝက ပြုခဲ့ဘူးသော ကောင်းမှုရှိသည်းလည်းဖြစ်အံ့၊ ဤအင်္ဂါလေးပါးရှိသောသူအား ဥစ္စာပစ္စည်းသည်လည်း ကောင်း၊ ကျော်စောမှုသည်လည်းကောင်း၊ အခြံအရံသည် လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်လည်း ကောင်း ဒီဃရှေအလား တိုးပွားရသည်။

## ၅။ ပုဗ္ဗေစကတပုညတာ မင်္ဂလာ သိမှတ်စရာများ

(ပုည ကောင်းမှု၊ ရှေးကပြု၊ ရမှုမင်္ဂလာ)

ပုဗ္ဗေစကတပုည - ပြုခဲ့ဖူးသော ကောင်းမှုရှိသောသူ၏ အဖြစ်ဆိုသည်မှာ… လွန်ခဲ့သောဘဝတို့၌ ဘုရားအစရှိသော သူတော် ကောင်းတို့အား၊ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသော အမှုတို့ကို ပြုခဲ့သဖြင့် ယခုဘဝ၌ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ သောသူ၏ အဖြစ်ကိုဆိုသည်။

ရှေးအခါက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိသူများမှာ… အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ ရုပ်ရည်လှပခြင်း၊ ပစ္စည်းဥစ္စာပေါခြင်း၊ ဉာဏ်ပညာ ထက်မြက်ခြင်း စသော အကျိုး များ ပြည့်စုံတတ်ပါသည်။

- သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်
- ညှဉ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်
- ဒေါသမီးလျှံ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်
- မဒေပးလှူက၊ မွဲပြာကျ၊ လှူမှ ပေါကြွယ်သည်
- မရိုမသေ မျိုးယုတ်ချေ၊ ရိုသေမျိုးမြတ်သည်
- ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားသည်
- ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ ခံစံကြရသည်။

မဟာစည်ဆရာတော်

### အနာထပိဏ်အား ဟောကြားခဲ့သော ပြုခဲ့သော ကောင်းမှုအကျိုးများ

- နတ်လူတို့၏ အလုံးစုံအလိုကို ပေးတတ်၏။
- မိမိတောင့်တသောအကျိုးကို ပြည့်စေတတ်၏။
- ကောင်းသော အရေးအဆင်းနှင့် ပြည့်စုံ၏။
- ကောင်းသောအသံနှင့် ပြည့်စုံ၏။
- ကိုယ်လက်အင်္ဂါ အဖြာဖြာကို ညီညာပြေပြစ်ခြင်းရှိ၏။
- မမြင့်လွန်း၊ အနိမ့်လွန်၊ အညှံ့လွန်း၊ မဆူလွန်း၊ မမည်းလွန်း၊ မဖြူလွန်းသောအားဖြင့် အပြစ်ခြောက်ပါးမှ ကင်းစင်စေတတ်၏။
- အကြီးအကဲ ဖြစ်စေတတ်၏။
- အခြံအရံများပြောင်တတ်၏။
- လူမင်း နတ်မင်း စကြဝတေးမင်း စသောစည်းစိမ်ဝဒို့ကို ရစေတတ်၏။
- နိဗ္ဗာန်ချမ်းသာကို ရစေတတ်၏။

- သာဝက၊ ပစ္စေကဗုဒ္ဓ စသည်တို့ ဖြစ်နိုင်၏၊
- ဘုရားစင်စစ်ပင် ဖြစ်နိုင်လေကုန်သတည်း။

ခုဒ္ဒကပါဌ၊ နိမိကဏ္ဍသုတ်ပါဠိတော်

## ၆။ အတ္တသမ္မာပဏိဓိ မင်္ဂလာ ထိမှတ်စရာများ

(ကိုယ်စိတ်နှစ်ပါး၊ စောင့်ရှောက်ကြား၊ တစ်ပါးမင်္ဂလာ)

လောကီအားဖြင့် မိမိကိုယ်ကို ကျန်းမာစွာ ရှိစေလျက် မကောင်းမှုကို မပြုမိရန် ကောင်းသောအမှုတို့ကို ပြုမိစေရန် ကိုယ်စိတ်နှစ်ပါးကို သတိထား၍ စောင့်ရှောက်နေခြင်း၊

လောကုတ္တရာအားဖြင့် ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဝဋ်သုံးပါးမှ ကင်းရန်၊ မီး(၁၁)ပါးမှ ကင်းရန် ပုညကြိယာ သာ ဝတ္ထုတို့ကို ဆောက်တည်ခြင်း၊ ပါရမီတို့ကို ဆောက်တည်နေခြင်းတို့သည် အတ္တသမ္မာပဏိဓိ မည်ပါသည်၊ ကိုယ်စိတ်နှတ်တို့ကို ကောင်းစွာထားသောသူအား လောကီ လောကုတ် အကျိုးနှစ်ပါးကို ရစေတတ်၍ မင်္ဂလာမည်ပါသည်၊

## ၇။ ဗာဟုသစ္စာဥ္စမင်္ဂလာ မင်္ဂလာ ထိမှတ်စရာများ

အကြားအမြင် များမြောင်ခင် ကြည်လင်အားထုတ်ပါ၊

လောကီအကြားအမြင် များသောသူ၏ အပြစ်ဟူ၍ ပညာရေး၊ ကြီးပွားရေး၊ စီးပွားရေး၊ တရားဥပဒေရေး စသည်တို့သည် အတွေ့အကြုံ အမှတ်အသား၊ အကြားအမြင်များသောသူ၏ အပြစ်ကို ဆိုပါသည်၊

လောကုတ္တရာ အကြားအမြင်များသောသူ၏ အပြစ်ဟူသည် နိဗ္ဗာန်မျက်မှောက် ပြုရခြင်း၏ အကြောင်းတို့ကို ကောင်းစွာ သိသူအဖြစ် ဖြစ်ပါသည်၊

## ဗဟုသုတ (၃)မျိုး

၁။ ဒေသန္တရ - တိုင်းပြည်ဒေသရပ်ရွာ ဗဟုသုတ
၂။ ဘာသန္တရ - ဘာသာအမျိုးမျိုး ပြောစွမ်းနိုင်ခြင်း
၃။ ဂန္ထရ - ကျမ်းဂန်အမျိုးမျိုးတတ်ခြင်း

"ပညာပြည့်ဝ၊ နလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကြီးကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏။

ပညာမသုံး၊ နလုံးမပြောင်း၊ လက်ရုံးကောင်းကာ၊ တစ်ကြောင်းမျှသာ၊ စူးပမာသို့ လိုရာကိစ္စ၊ များမကျတည့်"

မာဃဒေဝလင်္ကာ

## ၈။ သိပ္ပဋ္ဌမင်္ဂလာ ဝေဝါ သိမှတ်စရာများ

အပြစ်မဲ့ခြား၊ အတတ်များ၊ သင်ကြားတတ်အောင်သာ အပြစ်မရှိသော လက်မှုပညာ စက်မှုပညာ တတ်မြောက်ရခြင်း

### အတတ်ပညာ (၂)မျိုး

၁။ လူတို့အတတ် - အဌာရသအတတ်မျိုးစုံ
၂။ ရဟန်းတို့အတတ် - သင်္ကန်းချုပ်ခြင်း၊ သပိတ်ဖုတ်ခြင်း စသော အတတ်များ

### တစ်နည်း အတတ်ပညာ (၂)မျိုး

၁။ အဂါရသိုလ်နှင့် ဆက်ဆံသောအတတ်
၂။ ကုသိုလ်နှင့် ဆက်ဆံသောအတတ်

## အဠရသအတတ် (၁၈)မျိုး

၁။ သုတိ - ဗေဒင်(၄)ပုံ အကြားအမြင်အတတ်
၂။ သမ္မုတိ - ဓမ္မသတ်အတတ်
၃။ သင်္ချာ - ဂဏန်းသင်္ချာအတတ်
၄။ ယောဂါ - စူးဆောက်တန်ဆာပလာအတတ်
၅။ နီတိ - နီတိကျမ်းအတတ်
၆။ ဝိသေသကာ - ယာယီ၊ ယတြာ၊ ဗျာကရိုဏ်းအတတ်
၇။ ဂန္ဓဗ္ဗ - စောင်း၊ ညှင်း၊ ဂီတအတတ်
၈။ ဂဏိက - လက်ပြစ်အတတ်
၉။ ဓနုဗေဒါ - လေးမြားအတတ်
၁၀။ ပုရာဏ - ရှေးဟောင်းစကားအတတ်
၁၁။ တိကိစ္ဆ - ဆေးကုအတတ်
၁၂။ ဣတိဟာသ - ရယ်ရွှင်ဖွယ်အတတ်
၁၃။ ဇောတိ - ဗေဒင်အတတ်
၁၄။ မာယာ - လှည့်ပတ်အတတ်
၁၅။ ဆန္ဒတာ - ဆန်းကျမ်းအတတ်
၁၆။ ကေတု - သံတမန်အတတ်
၁၇။ မန္တာ - ဂါထာမန္တာန်အတတ်
၁၈။ သဒ္ဒါ - သဒ္ဒါကျမ်းအတတ်

## ခထောင်းထောအတတ် (၄)မျိုး

၁။ အရက်ချက်တတ်သောအတတ်
၂။ ဓားလက်နက် ထုတ်လုပ်ရောင်းစားသောအတတ်
၃။ ဝက်ကို သတ်ရောင်းစားသောအတတ်

၄။ သားမျိုးကိုသတ်၍ ရောင်းစားသောအတတ်

"သူတော်တကာ၊ တတ်စရာကား၊ အဌာရသ၊ သိပ္ပံအခြား၊ အတတ်များကို မှတ်သားသတိ၊ ပညာရှိတို့၊ တတ်သိအပ်စွာ၊ ထို သိပ္ပကို၊ နှံ့မျှလုံခြုံ မတတ်တုံလည်း၊ တစ်စုံတစ်ခု၊ တတ်အောင် ပြု၍၊ လူမှုကုန်အောင်၊ စီးပွားဆောင်လော့၊ ညဥ့်မှောင်မသိ၊ ကြွက်များစိသို့ မိမိကိုယ်ဖို့၊ အတတ်ချို့မူ၊ သူတို့ပြစ်တင်၊ ဆင်းရဲမြင်အံ့၊ ထင်ထင်မျက်မြော်၊ မကော်ရော်သည့် အိုသော် သူမရယ်ဖနန့်မင်း"

လောကသာရပျို့

## ၉။ ဝိနာယောစသုသိက္ခိတော ခင်ဘော သိမှတ်စရာများ

(ဝိနယောစ၊ သိက္ခိတ၊ သင်ကြားလေးမျိုးဖြာ)

ဝိနည်း - ကိုယ်နှုတ်နှစ်ပါးတို့ကို ဆုံးမရာ ဆုံးမကြောင်း ဖြစ်သောတရား။

သုသိက္ခိတော - ကောင်းစွာ သင်အပ်သော ဝိနည်းတရား။

### ဝိနည်း (၂)မျိုး

၁။ လူတို့ကျင့်ရသောဝိနည်း - သုစရိုက် (၁၀)ပါး

၂။ ရဟန်းတို့ကျင့်ရသောဝိနည်း - ၂၂၇-သွယ်သော ကျင့်ဝတ် သိက္ခာများ

## ၁၀။ သုဘာသိတာစယာဝါစာ ခင်ဘော သိမှတ်စရာများ

သုဘာသိတာ ယာဝါစ ဆိုကြအပ်သည်သာ

၁။ အကြောင်းသုံးပါးနှင့်ညီညွတ်အောင် ပြောဆိုခြင်းသည် သုဘာသိတမည်၏။

## အကြောင်း(၃)ပါး

မကောင်းသောစကားလည်း မဖြစ်စေရ
- ရာဂ အစရှိသော အပြစ်မှလည်း ကင်းခြင်း
- ပညာရှိတို့ ကဲ့ရဲ့ခြင်းမှလည်း လွတ်ခြင်း

သုတ္တနိပါတ်၊ သုဘာသိတသုတ

၂။ အင်္ဂါလေးပါးနှင့်အညီ ပြောဆိုသော စကားသည် သုဘာသိတာမည်း၏။

## စကားအရာ - အင်္ဂါလေးတန်

- ကုန်းတိုက်ခြင်းမှကင်းသော စကားဖြစ်ရမည်
- အပြိန်အဖျင်းမှကင်းသော စကားဖြစ်ရမည်
- ဖရုသဝါစာမှကင်းသော စကားဖြစ်ရမည်
- မုသာဝါဒနှင့် ဆန့်ကျင်သော စကားဖြစ်ရမည်

အင်္ဂုတ္တနိပါတ်၊ အဂုတ္တိုရ်၊

၃။ အင်္ဂါလေးပါးနှင့်အညီ ပြောဆိုသော စကားသည် သုဘာသိတာမည်း၏။

## စကားအင်္ဂါ (၄)ပါး

- တရားနှင့်ပတ်သက်သော စကားတို့ကို ပြောဆိုခြင်း
- တရားမှကင်းသော စကားတို့ကို မပြောခြင်း
- ချစ်ဖွယ်သောစကားတို့ကိုသာ ပြောဆိုခြင်း
- ဟုတ်မှတ်သောစကားတို့ကိုသာ ပြောဆိုခြင်း

## တစ်နည်းစကားအရာအင်္ဂါ(၄)တန်

သုဘာသိတ - ကံ ကတ္တား ကြိယာ ကာရကနှင့် ပြည့်စုံခြင်း
သုပိယ - ချစ်နှစ်သက်ဖွယ်ရှိခြင်း
သစ္စာ - ဖြောင့်မှန်ခြင်း
ဓမ္မာ - တရားနှင့်ညီခြင်း

## သုဘာသိတာင်္ဂါ (၅)ရပ်

၁။ ကာလ - သင့်တင့်သောကာလ၌ ပြောဆိုခြင်း
၂။ သစ္စာ - မှန်ကန်သောစကားကို ပြောဆိုခြင်း
၃။ သုခုမ - သိမ်သိမ်မွေ့မွေ့ ပြောဆိုခြင်း
၄။ ဘတ္တ - အကျိုးရှိသောစကားကို ပြောဆိုခြင်း
၅။ နဒုမ္မာ - မကောင်းသောစကားကို မပြောဆိုခြင်း

## စကားအရာများ

- အကျိုးများသောစကား
- ချစ်ဖွယ်သောသောစကား
- သစ္စာစကား (မှန်ကန်သောစကား)
- ယဉ်ကျေးသောစကား
- အေးမြသောစကား
- သိမ်မွေ့နူးညံ့သောစကား

## ဆိုးမစကား (၅)ရပ်

၁။ စကားပြောသည့်အခါ လျှာလည်တိုင်း မြူးလွန်၍ စကား
အဖူးအညွန့်တွေ မထွက်စေနှင့်

၂။ လက်တွင်းသို့ရောက်ပြီးသော ရတနာကို ဘယ်အခါမှ မစွန့်ရ

၃။ စိတ်ထဲက ကြံစည်သည့်အမှုအရာကို မျက်နှာပေါ်မှာ မပေါ်စေရ

၄။ မိမိကိုယ်ကို ဣန္ဒြေသံကွန်ခြာနှင့်ဖုံး၊ အပြုံးမကွယ်စေနှင့်

၅။ မိမိကိုမြင်လျှင် အထင်မှားချင် မှားကြပါစေ သို့သော်…

- ခြသေ့်လိုလည်း မဟောက်နှင့်
- ယုန်လိုလည်း မကြောက်နှင့်
- မြစ်လိုလည်း မကောက်နှင့်
- တောင်လိုလည်း မမောက်နှင့်
- တွင်းလိုလည်း မစောက်နှင့်

## စကားနှင့်ပတ်သက်သောစကားပုံများ

၁။ နှုတ်ချို လျှိုတစ်ပါး

၂။ နှုတ်ချိုပြည်စိုး လင်ပေါ်မိုး

၃။ အလျှောက်ကောင်းတော့ အထောင်းသက်သာ

၄။ မုန်းစေလို ခံတွင်းလက်လေးသစ် ချစ်စေလို ခံတွင်း လက်လေးသစ်

၅။ တိတ်တိတ်နေ ထောင်တန်

၆။ စကားများ အမှားပါ

၇။ အပြောနှင့်အဟောညီပါစေ

၈။ စကားချောက်ခွန်း လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန် တယ်

၉။ စကား စကားပြောပါများ စကားထဲက ဇာတိပြ
တရား တရားဟောပါများ တရားထဲကပါဠိရ
၁၀။ စကားဆိုသော် မကြွမ်းနှင့်၊ တရားဆိုသော် မဆန်းနှင့်
စကားကြွမ်းလျှင် မုန်းတတ်သည်၊ တရားဆန်းလျှင် ရှုံးတတ်သည်။
၁၁။ စကားဆိုသော် တောင်လိုမဖောက်နှင့် တံတားအိုး မှောင်ကို မလျှောက်နဲ့
စကားဆို တောင်လိုဖောက်က လွန်တတ်သည်။
တံတားအို မှောင်ကိုလျှောက်က ကျွံတတ်သည်။

**၀၀။ မာတာပိတုဥပဋ္ဌာန် ခင်ဗျား ထိမှတ်စရာများ**

မာတာပိတာ၊ မိနှင့်ဘ နိစ္စလုပ်ကျွေးပါ

အမိ - ရင်၌ဖြစ်သော သားငယ်ကို ပွေ့ကာပိုက်ဖက် ရင်ခွင်ထက်မှာ အင်္ဂါသုံးသပ် မြတ်နိုးတတ်သောသူ
အဖ - သားသမီးငယ်တို့ကို စောင့်ရှောက်တတ်သူ

နီဆေးမျိုးရွားများ

"ရဟန်းတို့ မိ[illegible]တို့သည် သားသမီးတို့အား များသော ကျေးဇူး အထူးရှိကုန်၏"

[illegible]နွေရှိသောအခါ

"နွဲလာသ[illegible] နေသည့်ကာလ၊ သားလုချမ်းသာ၊ ရစိမ့် [illegible] [illegible]ပင်ခါး၊ မကေားကျို့ရ၊ [illegible]ကြွဖြည်းဖြည်း၊ ကိုယ်ရေးကိုယ် [illegible]၊ ယယ်ဆတာကျိ[illegible]၊ [illegible]သက်ကြွင်နာ၊ မောင့်ကိုသာလျှင်၊ ချမ်းသာမြင်ဖြောင်း၊ [illegible]ဆယ်ချောင်းကို၊ ခေါင်းမှာရွက်တင်၊

မျက်နှာမြင်လည်း၊ ရွှေစင်းအလား၊ သားယောက်ျားကို၊ ငါအားမြင်လို၊ ဆုတောင်းဆို၍ ညကိုရေချမ်း၊ နံနက်ဆွမ်းနှင့် ဖြန့်မှန်းတုလွတ်၊ သုံးလူနတ်ကို၊ မိမြတ်ပူဇော်ကန်၏တည်း"

ပုဏ္ဏောဝါဒ

## ဖွားမြင်ပြီးသောအခါ

ဤသို့သန္ဓေ၊ စွဲလာနေ၍၊ ဆယ်လစေ့သော်၊ ကြွေ့ကြွေ့ဝမ်းသာ၊ မောင့်မျက်နှာကို၊ မာတာမိခင်၊ မြင်ရသောအခါ၊ ဥပမာမျိုး၊ ရွှေအိုးပဒေသာ၊ ပေါက်ပေလာသည့်၊ ပမာမမျှ၊ မောင့်သားလှကြောင့်၊ ဝသည့်ပီတိ၊ ရှိသည်ရိုးထွင်း၊ ခြင်ဆီးချဉ်းမျှ၊ ချစ်မောလှလျက်၊ သန်းပြကြမ်းပိုး၊ မှက်ခြင်ကျိုးက၊ ဟူသမျှလည်း၊ ကိုက်ရာမဲ့ပါ၊ မောင့်ကိုသာလျှင်၊ ချမ်းသာစိမ့်ကြောင်း၊ သမားကောင်းနှင့်၊ ဆေးကောင်းစာစား၊ ရှောင်ရှားအစာ၊ အိသာကျမ်းတော၊ ရှိစေသောဟု၊ ဆုတောင်းပြုမှ၊ ညောင်ရေစသည် နေ့ညလည်သွန်း၊ မယ့်ကြမ်းစွန်သည်၊ ရှန်းရှန်းနေ့တိုင်း စိုတော့သည်"

## ကြီးပြင်းလာသောအခါ

"မိဘထံတွ၊ သာတကာနှင့် တရားနစ်ကဲ၊ လည့်ချင်းနွဲ့လည်း၊ ရှောင်ရဲမယင်၊ စုံမက်ကြင်လျက်၊ ဖြူတ်ခြင်ကိုက်နာ၊ မြူရှိမာမူ၊ ရုံခါတစ်ရပ် မဖြစ်စေရက်၊ အသက်ရှည်ကြောင်း၊ ဆုတောင်းဆုယူ၊ အလှူကောင်းမှု ကိုယ်စားပြုလျက်၊ ဝတ်တုစံပ၊ ဆောင်ရွက်မထား၊ ကုန်ကဖြည့်တင်း၊ ဖြန့်ဖြူးခြင်းဖြင့်၊ မတင်ရေမိုး၊ ဥယျဉ်မျိုးသို့၊ မညှိုးမခေါင်၊ ကြီးပြင်အောင်လျှင်၊ စောင်စောင် ပြတ်ပြတ်၊ ကွပ်ညှပ်ဆုံးမ၊ သင်ပြသသည်၊ ယေကာလက်ဦး ဆရာတည်း"

ကိုးခန်းပျို့

## မိဘတို့ သားသမီးချစ်ခြွတ်နိုးစောင့်ရှောက်ပုံ

မိဘတို့သည် သားသမီးများနှင့်ပတ်သက်လာလျှင် သူ တစ်ပါးတို့၏အသက်ကို သတ်၍လည်းကောင်း၊ အလုံးစုံသော ဥစ္စာကိုစွန့်၍လည်းကောင်း စောင့်ရှောက်တတ်ကုန်၏။

## မိဘဂုဏ်ရည်

မိဘတို့သည် သားသမီးတို့၏-

၁။ ဗြဟ္မာဂုဏ်

၂။ ဝိသုဒ္ဓိနတ်ဂုဏ်

၃။ ဒက္ခိဏေယျဂုဏ်

၄။ အာဟုနေယျဂုဏ်

၅။ ပါဟုနေယျဂုဏ်

၆။ ပုဗ္ဗစရိယဂုဏ် ထိုက်ပေသည်။

"သမုတိနတ်၊ ဥပပတ်နှင့် ဝိသုဒ္ဓိနတ်မှာ၊ မဇ္ဈာနတ်ယူ၊ မိဘမူကား၊ နည်းတူအမြတ်၊ အိမ်ဦးနတ်တည်း"

အတတ်ပညာ၊ တတ်ကောင်းရာကို၊ ဦးစွာလက်မွန်၊ သင်တန်သမျှ၊ ဩဝါဒဖြင့်၊ ဆုံးမခဲ့ဖူး၊ ထိုကျေးဇူးဖြင့်၊ လက်ဦးဆရာ၊ မည် ထိုက်စွာတည့်၊ မာတာပိတာ၊ မိနှင့်ဘကား၊ သားများကော်ရော်၊ နောင်ကျိုးမျှော်၍၊ ပူဇော်အထူး၊ ခံထိုက်ဦးဘိ၊ မချွတ်စေရ၊ စောင့်ရှောက်ကြသည်၊ မိဘကျေးဇူး၊ များပြားတည်း။

မင်္ဂလာသုတ်ပျို့

၁။ မြင့်မိုရ်တောင်ဦး၊ အခေါင်ကြူး၊ ကျေးဇူးလွန်များစွာ။

၂။ ဗြဟ္မာမင်းတို့၊ ယှဉ်းမချို့ သွင်းလို့မှတ်ဖို့ရာ။

၃။ ရှေးဦးနတ်ကြီး၊ အမြတ်မှီး၊ သီးခြားမှတ်လိုက်ပါ။
၄။ သို့စားသို့နေ၊ အထွေထွေ၊ အခြေသင်ပြရှာ။
၅။ စုံလင်ကျန၊ ကုန်စင်ပြ၊ ပထမလက်ဦးဆရာ။
၆။ မြတ်သောအလှူ၊ ခံလိုက်သူ၊ တစ်ဆူသွင်းထိုက်စွာ။
၇။ အဂ္ဂိတ္တရ၊ ထုတ်ခါပြ၊ ပရမဒက္ခိဏေယျာ။
၈။ ဝေးရပ်ယူထ၊ လှူဒါန၊ မုချခံထိုက်ပါ။
၉။ အာဟုနေယျ၊ ဂုဏ်ရှိထ၊ ဟောပြမြတ်ဘဂဝါ။
၁၀။ သို့စဉ်ဂုဏ်ရှိ၊ အစုံသိ၊ မွေးမိဘမိတာ။

## မိထွေးဂုဏ်နှိုင်းယှဉ်ပုံ

၁။ မြင်းမိုရ်တောင်ဦး မကကျူးအောင် ကျေးဇူးကြီးလှ မိနင့်ဘာ။
၂။ ကြီးလှဗဟို၊ တောင်မြင်းမိုရ်လည်း၊ ပုံဆိုမရ၊ မွေးမယ်လှ။
၃။ မိနင့်ဘာ၏၊ မီးလှကျေးဇူး၊ သင်ပေးဖူးကို၊ အထူးပြစိမ့်၊ နားနားစိမ့်လော့။
နစ်သိန်းလေးသောင်း ပေါင်းသည့်ဤမြေ၊ ထူးထူးထွေလည်း၊ စိမ်ရွှေထွားထွား၊ ဝါးရှက်လားသို့။
ကြယ်များစကြဝဠာ၊ ကြီးဓရာလည်း၊ အပ်မှာနဖား၊ ထွင်း၍လားနင့်၊ မပြားပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချို ပေါက်စ၊ ပမာကျ၏။
နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင်၊ ရေဘောင် ဘောင်နင့် သဲချောင်းသမုဒ္ဒရာ၊ ရေများစွာသည်၊ ပမာ မလောက်၊ မိုးရေပေါက်သို့၊ အံ့လောက်အရာ။

ပုဏ္ဏောဝါဒမျိုး.

## ထားသင့်ဝတ်ဝါးဝါး

၁။ မိဘကျေးဇူးကို တုံ့သိတတ်သောအားဖြင့် လုပ်ကျွေးခြင်း။
၂။ ကိစ္စကြီးငယ် ဆောင်ရွက်ခြင်း။
၃။ မျိုးနွယ်စဉ်ဆက် မပျက်တည်စေခြင်း။
၄။ အမွေခံထိုက်အောင် ကျင့်ခြင်း။
၅။ သေလွန်သော မိဘတို့ကို အမျှပေးဝေခြင်း။

## ကျေးဇူးတုံ့ပြန်မှုတူညည်

၁။ ထမင်းဦး၊ ဟင်းဦးဖြင့်လည်းကောင်း
၂။ ရေပူရေချမ်း သောက်ရေဖြင့်လည်းကောင်း
၃။ ပုဆိုး၊ ထဘီ၊ အင်္ကျီ ခေါင်းပေါင်း အဝတ်ဖြင့်လည်းကောင်း
၄။ အိပ်ရာနေရာဖြင့်လည်းကောင်း
၅။ ရေပူရေချမ်း ချိုးပေးခြင်းဖြင့်လည်းကောင်း
၆။ အမွှေးအကြိုင် လိမ်းကျံပေးခြင်းဖြင့်လည်းကောင်း
၇။ ခြေလက် ဆေးပေးခြင်းဖြင့်လည်းကောင်း
ကျွေးတုံ့ မွေးတုံ့ ကျေးဇူးဆပ်ရမည်။

## မိထလုပ်ကျွေးနည်း

၁။ ယာဂုထမင်း ခဲဖွယ် စသည်ပေး၍ လုပ်ကျွေးရမည်။
၂။ အဖျော်ယမကာပေး၍ လုပ်ကျွေးရမည်။
၃။ အဝတ်အစားပေး၍ လုပ်ကျွေးရမည်။
၄။ အိပ်ရာနေရာပေး၍ လုပ်ကျွေးရမည်။
၅။ အမွှေးနံ့သာ လိမ်းကျံပေး၍ လုပ်ကျွေးရမည်။
၆။ ရေပူ-ရေအေးပေး၍ လုပ်ကျွေးရမည်။

၇။ ကိုယ်လက်ညှောင်းညာသောအခါ နှိပ်နယ်နင်း၍ လုပ်ကျွေးရမည်၊
၈။ ဘေးဥပဒ်မှ ကာကွယ်ပေး၍ လုပ်ကျွေးရမည်၊
၉။ ဖျားနာရှိသော် ဆေးဝါးကုသပေး၍ လုပ်ကျွေးရမည်၊
၁၀။ ရာသီဥတုအားလျော်စွာ ရေပူရေအေးဖြင့် ခြေလက်ဆေး၍ လုပ်ကျွေးရမည်၊
၁၁။ အိပ်ရာဝင် အနာကင်းစိမ့်သောငှာ ခြေဖဝါးကို ဆီလိမ်းပေးရမည်၊
၁၂။ မိဘနောက်မှအိပ်၍ ဦးစွာထရမည်၊

အင်္ဂုတ္တိုရ်

## မိထဆွေးရှုး ကျေးဇူးဆပ်နည်း

၁။ သဒ္ဓါတရား မရှိသော မိဘကို သဒ္ဓါတရားရှိအောင် ဟောပြော၍ သဒ္ဓါတရား၌ တည်စေခြင်း၊
၂။ သီလအကျင့် မရှိသော မိဘတို့ကို သီလတည်စေခြင်း၊
၃။ နမြောတွန့်တိုတတ်သော မိဘတို့ကို လှူဒါန်းစွန့်ကြဲစေခြင်း၊
၄။ မိဘ ပညာမရှိသောမိဘတို့ကို အသိပညာနှင့် ပြည့်စုံစေခြင်း

အင်္ဂုတ္တိုရ် ဒုက

## မိထဆွေးရှုး ဆပ်မထုန်

"အဲ့လောကအရာ၊ မိမာတာနှင့် ပိတာအဖ၊ မြတ်ဂုဏ်အား ဆပ်ခြားပါလို့၊ မိကိုလက်ယာ၊ ဘမှာလက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးပက်တွင်၊ သို့စဉ်နှစ်စွ၊ လုပ်ကျွေးကြလည်း၊ ရေးကပြုဖူး၊ မွေးကျေးရှုးကို၊ အထူးမြဲနိုင်၊ မဆပ်နိုင်၊

ပုဇ္ဇော်ဝါဒပျို့

## မိတ်ဆွေခင်ပွန်းရွေးချယ်ရေး လိုအပ်ချက် အချက်ကောင်းများ

၁။ ကပ်သုံးပါး ကျော်နင်းနိုင်ခြင်း

၂။ ဘီလူးသားရဲ မစားနိုင်ခြင်း

၃။ ကား၊ လှေမှောက်သော်လည်း မသေနိုင်ခြင်း

၄။ လူကောင်း နတ်ကောင်း ဖြစ်ရခြင်း

၅။ ဆုတောင်းတိုင်း ပြည့်စုံရ၏။

၆။ မင်-ဗိုရ်နိဗ္ဗာန်နီး၏

၇။ နတ်တို့ ဆေးကုပေး၏

၈။ ပညာရှိတို့ ချီးမွမ်းခံရ၏

၉။ လူ၏ဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာမိဘ၊ အစားအစာ၊ ထိုမှုမိတ်ချစ်၊ သူတော်စစ်ကို၊ မပြစ်မမှား၊ သူတို့အားကား...

(က) တစ်ပါးရပ်ရွာ သွားစပါလည်း၊ အစားအစာ မရှားပါးဘဲ၊ ရောက်သွားရာရာ ပူဇော်လာ၏။

(ခ) ရာဇာစောရ၊ ဓားပြနှိုးသူ ကလူနိုင်ထက်၊ မနှိပ်စက်ရာ။

(ဂ) မျက်နှာချစ်ဖွယ်၊ လသဖွယ်နှင့်

(ဃ) ပွဲလည်အထူး၊ ရဲဂုဏ်မြူးလျက်

(င) ကျေးဇူးသတင်း၊ ကျော်ခြင်းမိုးပျံ

(စ) ခြံရံမကွဲ၊ အမြဲမကွေ

(ဆ) ကြွက်သရေနတ်နယ်၊ တင့်တယ်ပွင့်လင်း

(ဇ) ဆင်းမြင်းကျွဲနွား၊ လယ်ယာများ၌ စပါးခံနှံ၊ သီးခွံ မပျက်

(ဈ) တောင်တက်ချောက်ကမ်း၊ စွဲလမ်းလွတ်ကွာ၊ ကျတုံ့ပါလည်း တည်ရာရခြား

(ည) သားနှင့်သမီး၊ ညောင်ပင်ကြီးသို့၊ နိုင်ဖြိုးခြေမြစ် မြဲမြံဖြစ်ဟု၊ စင်စစ်မှန်လှ၊ ဟောဖော်ပြသား၊ ဒသ မိတ္တ၊ ပူဇနဂါထာ၊ မှတ်သားတည့်လော့။

မာယာဒေဝလေက်ာသစ်

## မိဘနှင့်ပတ်သတ်သော ဆုံးမစကားများ

- မိဘစိတ်မှာ၊ မကြည်သာ၊ ဘယ်ခါမပြောရ
- မိဘစိတ်မှာ၊ မကြည်သာ၊ ဘယ် ါမလုပ်ရ
- မိဘတိုင်ပင်၊ အလုပ်ခွင်၊ စီစဉ်ပြုလုပ်ရ
- မိဘဥစ္စာ၊ မပေးရာ၊ ကွယ်ခါမခိုးရ
- မိဘမျက်မြင်၊ ရှေ့တွင်ပင်၊ လိုချင်ဇတာင်းယူကြ
- မိဦး ဘဦး၊ ဆရာဦး ရှုး၍မစားရ
- မိဘဆိုကြား၊ ထိုစကား ထိပ်ဖျားတင်ထားရ
- တစ်ခါဆိုလျှင်၊ အိုအောင်ပင်၊ အစဉ်မှတ်ကုန်ကြ
- မိဘစကား၊ နားထောင်ကြား၊ သံဖြား ကျောက်စောင်း၊ ကျိုသော်ပျောင်း၏
- ဖောက်လွဲတွေဝေ၊ မရှိလေ၍ မွေးမေအာဏာ၊ ဗီဆန်ပါ မူ၊ သတ္တဝါအရှင်၊ မသေခင်က၊ ငရဲကျ၏။

## ၁၂။ ဗုဒ္ဓဒါရုဏသာဝီဖော် ဓါတ်ဘာ ထိမှတ်စရာချား

မယားသားအား ထောက်ပံ့ကြား တစ်ပါးမင်္ဂလာ

သားသမီး - အမိအဖတို့၏ နလုံးအလိုကို ပြည့်စေတတ်၏။ မိဘတို့ကို နတ်ရွာနိဗ္ဗာန်သို့ ပို့ပေးတတ်၏။ မိဘတို့၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်တတ်

၏၊ မိဘတို့ကို ပြုစုလုပ်ကျွေးတတ်၏၊ ထိုသူသည် သားသမီးမည်၏။

သား(၃)မျိုး

၁။ အတိဇာတ - မြတ်သောသား(အမိအဘတို့ထက် လွန်၍ ကျင့်သည်)
၂။ အနုဇာတ - အလယ်အလတ်ဖြစ်သောသား (အမိအဘတို့ကို အတုလိုက်၍ ကျင့်သည်)
၃။ အဝဇာတ - ယုတ်ညံ့သောသား(အမိအဘတို့အောက် ယုတ်၍ ကျင့်သည်)

သားသမီး(၃)မျိုး

၁။ အန္တေဝါသိက - တပည့်သား
၂။ ဒိန္နက - သူတစ်ပါးတို့ပေးသောသား
၃။ အတြဇ - မိမိကိုစွဲ၍ဖြစ်သောသား

တိသနိပါတ်ပဏ္ဏာရဂံဇာတ်

သားလေးမျိုး

၁။ အန္တေဝါသိက - တပည့်သား
၂။ ပရဒိန္န - သူတစ်ပါးပေးသောသား
၃။ ခေတ္တဇ - အိပ်ရာအပြင် ပလ္လင်ရင်ခွင် စသည်၌ဖြစ်သောသား
၄။ ကိတ္တိမ - ကျော်ကြားစေ၍ မွေးသောသား

## သားသမီး (၂)မျိုး

၁။ သားကောင်း သမီးကောင်းသည် ပျားပိတုန်းနှင့်တူ၏။ ပျားပိတုန်းတို့သည် ကြာပင်ကို မဖျက်ဆီးဘဲ ကြာပန်းဝတ်ရည်ကိုကို စုတ်ယူသကဲ့သို့ မိဘတို့၏ အမွေအနှစ်ဖြင့် မိဘဂုဏ်ကို မပျက်စေဘဲ ဂုဏ်တက်သည်ထက်တက်အောင် ဆောင်ရွက်လေ့ရှိသည်။

၂။ သားဆိုး သမီးဆိုးသည် ပုစွန်နှင့်တူသည်။ ပုစွန်သည် ကြာပင်ကိုအရင်းမှ ကိုက်ဖြတ်တတ်သကဲ့သို့ မိဘ၏အမွေအနှစ်ဖြင့် မိဘဂုဏ်ကို ပြန်၍ ပျက်စီးခြင်း ပြုတတ်သည်။

## သားသမီးဆုံးမနည်း

၁။ မွေးဖွားသည်မှ ငါးနှစ်အထိ သားသမီးကို လူကလေး ယုံမလေးစသည်ဖြင့် ချော့မော့ဆုံးမရာ၏။

၂။ ခြောက်နှစ်မှ ဆယ်နှစ်အရွယ်ထိသားသမီးကို ခြောက်တန်ခြောက်၊ ရိုက်တန်ရိုက်၍ ဆုံးမရာ၏။

၃။ ဆယ့်တစ်နှစ်မှ ဆယ့်ခြောက်နှစ် သားသမီးကို မိတ်ဆွေကဲ့သို့ပြု၍ လိမ္မာရာ လိမ္မာကြောင်း နည်းလမ်းကောင်းတို့ကို ပြောပြ၍ ဆုံးမရာ၏။

## ယောအမျိုးအစား

ဒါရသာ(မယား) လက်ထပ်ခြင်း၌ ရှိသင့်သော လိုက်လျောညီထွေ သူကို မယား၊

## မယား(၇)မျိုး

၁။ အမိနှင့်တူသော မယား
၂။ နမနှင့်တူသော မယား
၃။ ဂျွန်မနှင့်တူသော မယား
၄။ အရှင်နှင့်တူသော မယား
၅။ ခိုးသူနှင့်တူသော မယား
၆။ လူသတ်နှင့်တူသော မယား
၇။ မိတ်ဆွေနှင့်တူသော မယား

ဤတွင် (၁)(၂)(၃) မယားသာမြတ်သည်။

## မယားအမျိုးအစားများ

၁။ ဥစ္စာဖြင့်ဝယ်သောမယား
၂။ နှစ်ဦးချစ်၍ လက်ထပ်သောမယား
၃။ စည်းစိမ်ဥစ္စာပေး၍ရသောမယား
၄။ အဝတ်တန်ဆာပေး၍ရသောမယား
၅။ ထိမ်းမြား၍ရအပ်သောမယား
၆။ ခေါင်းခုချပေး၍ အိမ်၌နေစေ၍ရသောမယား
၇။ ကျွန်အဖြစ်ရသောမယား
၈။ အမှုပြုလုပ်ရန်ထားသောမယား
၉။ စစ်သည်တို့ တိုင်းတစ်ပါးမှ တံခွန်စိုက်၍ရယူသောမယား
၁၀။ တစ်ခဏမျှနေရသောမယား

လင်သည် လင့်ဝတ္တရားငါးပါး၊ မယားသည် မယားဝတ္တရား ငါးပါးနှင့်ညီစွာ ကျင့်ရသည်၊ လင်သည် မယား၏ အိမ်ရှင်မီး ဖြစ်သည်။

## သိကြားမင်းရှိခိုးခံရသောလင်

မာတလိနတ်သား - ကောင်းမှုပြု၍ သီလရှိသော၊ ရတနာသုံးပါး ဆည်းကပ်သောသူတို့သည် သားမယားတို့ကို မွေးကျွေးဆုံးမကြသည်၊ ထိုသူကို နတ်တို့သနင်း သိကြားမင်းသည် ကိုယ်စိတ်မြတ်နိုး ရှိခိုးပါသည်။

သက္ကသံယုတ်ပါဠိတော်

သားမယားတို့ကို ထောက်ပံ့ရာ၌၊ မယားတို့အား မကောင်းမှု၌ တားမြစ်ခြင်း၊ ပစ္စုပ္ပန်၌ ချီးမြှောက်ခြင်း၊ ပစ္စုပ္ပန်သံသရာကြီးပွားအောင် ဆုံးမခြင်းသည် မင်္ဂလာမည်ပါသည်။

## ၀၄။ အနာကုလာစကမ္မန္တာ မင်္ဂလာ ထိမှတ်စရာများ

အနာကုလာ၊ ကမ္မန္တ၊ ပြုကြမှုကိုသာ

အနှောက်အယှက်မရှိသော အမှုဆိုသည်မှာ - တရားသဖြင့် အသက်မွေးခြင်းဟူသော လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ မင်းမှုထမ်းခြင်း စသည်တို့ဖြစ်သည်၊ အနှောက်အယှက်မရှိဆိုသည်မှာ ပြုသင့်သောအချိန်ကာလလွန်မှ အမှုကိုပြုခြင်း၊ လွန်စေခြင်း၊ အမှုကိုလွန်ရာ၌လည်း မသင့်မလျော်အောင် ပြု၍ ပြီးစီးစေခြင်း၊ အမှုကို ပေါ့ပေါ့ဆဆ ပြုလုပ်ခြင်း၊ လုံ့လကိုလျော့၍ ပြုခြင်း စသည်တို့ဖြစ်သည်။

### အနှောက်အယှက်မရှိသော အမှုဆိုသည်ကား

- ထကြွလုံ့လရှိခြင်း
- သတိတရားနှင့်ပြည့်စုံခြင်း

- စင်ကြယ်သောကိုယ်မှု၊ နှုတ်မှုရှိခြင်း
- စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း
- ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးကို စောင့်ရှောက်ခြင်း
- တရားသဖြင့် အသက်မွေးခြင်း

**ထကြွလုံ့လ၏ အကျိုးဝါးဝါး**

- အချမ်း အပူစသော ဆင်းရဲဒုက္ခကို သည်းခံနိုင်ခြင်း
- မိမိ၏ရန်သူကို ပူပန်စေခြင်း
- ပျင်းရိဆုတ်နစ်သောစိတ် မရှိခြင်း
- စိတ်နှလုံး ရွှင်မြူးပြီး အထူးငြိမ်းချမ်းခြင်း
- ရပြီးသော စည်းစိမ် ဉစ္စာ ရွှေ ငွေ ကျက်သရေတို့ကို ကောင်းစွာ စောင့်ရှောက်ခြင်း

**အနှောက်အယှက်ဖြစ်စေတတ်သောအမှု**

- နေ့၌အိပ်လေ့ရှိသောသူ
- ညဉ့်အခါ၌ ထကြွခြင်းကို မုန်းလေ့ရှိသူ
- အမြဲမူးယစ်သောက်စားနေသူ
- မိန်းမ စသည်တို့၌ ကျူးသောသူ

ထိုသူသည် အိမ်၌ နေအံ့သောငှာ မတတ်နိုင်ချေ။

မင်္ဂလာသာရဒီပနီ

**၀၄။ ဒါနစ္စစရိယာ ဓရိယာ သိမှတ်ဖွယ်ရာများ**

စေတနာ အလောဘဖြင့် ပေးလှူခြင်းသည်ဒါန

ကြောက်ခြင်း၊ တပ်စွန်းခြင်း၊ တံစိုးပေးခြင်း အစရှိသည့် အစွမ်းဖြင့် မိမိ၏ ဝတ္ထုကို စွန့်ခြင်းသည် ဒါနမဟုတ်ပါ။

## ဒါန (၂)မျိုးစီ

၁။ သပ္ပုရိသဒါန - သူတော်ကောင်းတို့ ပြုသောဒါန
၂။ အသပ္ပုရိသဒါန - သူတော်ကောင်း မဟုတ်သူတို့ပြုသောဒါန
၁။ ဝဋ္ဋနိဿိတဒါန - ဝဋ်ဆင်းရဲကို မှီ၍ဖြစ်သောဒါန
၂။ ဝိဝဋ္ဋနိဿိတဒါန - ဝဋ်ဆင်းရဲလွတ်ဒါန
၁။ ဓမ္မိကဒါန - တရားအားလျော်စွာ လှူဒါန်းသောဒါန
၂။ အဓမ္မိကဒါန - တရားအားမလျော်ဘဲလှူဒါန်းသော ဒါန
၁။ အမိသဒါန - ပစ္စည်းလေးပါးဟူသော အမိသဖြင့်လှူခြင်း
၂။ ဓမ္မဒါန - တရားတည်းဟူသော အလှူခြင်း
၁။ ကာလဒါန - အခါကာလ၌ လှူဒါန်းသောအလှူ
၂။ အကာလဒါန - အခါကာလမဟုတ်ရာ၌ လှူဒါန်းသော အလှူ
၁။ အဇ္ဈတ္တိကဒါန - ကိုယ်၌ဖြစ်သောမျက်စိ၊ နားစသည် လှူသောအလှူ
၂။ ဗာဟိရဒါန - အပဖြစ်သောပစ္စည်းများကို လှူသော အလှူ
၁။ စေတနာအလှူ - ဤပစ္စည်းကို ဤပုဂ္ဂိုလ်အားလှူမည် ဟူ၍ ရည်မှတ်သောအလှူ
၂။ ဝတ္ထုဒါန - ထိုရည်မှတ်ပြီး ထိုဝတ္ထုကို ထိုပုဂ္ဂိုလ်၏ လက်သို့ လှူသောအလှူ

၁။ ပရိပ်ဒါန - ကျောင်းလှူရာ၌ ကျောင်းနှင့်တကွ အခြားရေတွင်း ရေကန်များကိုပါ လှူသော အလှူ

၂။ အပရိဝ်ဒါန - တစ်မျိုးတည်းသော လှူသောအလှူ

ပရိဝ်ဒါနသည် အကျိုးပေးသော အခါ အခြွေအရံနှင့် အကျိုးပေးပါသည်။

## ဒါနနှင့်ဆက်စပ်သော စေတနာ(၃)မျိုး

၁။ ပုဗ္ဗစေတနာ - မလှူမီ ရှေ့အဖို့၌ဖြစ်သော စေတနာ

၂။ မုဥ္စစေတနာ - လှူစဲခဏ၌ဖြစ်သောစေတနာ

၃။ အပရစေတနာ - လှူပြီးနောက်မှဖြစ်သော စေတနာ

## ဒါနစေတနာ(၃)မျိုး

၁။ ဟီနစေတနာ - ပစ္စုပ္ပန်အကျော်အစော အချီးမြှောက်ကိုလို၍ ပြုသောစေတနာ

၂။ မဇ္ဈိမစေတနာ - နောက်နောင်သောဘဝ၌ ကြွယ်ဝခြင်းကို အလိုရှိ၍ ပြုသောစေတနာ

၃။ ပဏီတစေတနာ- နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်လျက် လှူသော စေတနာ

## လှူခြင်း(၃)မျိုးစီများ

၁။ သဟတ္ထိသဒါန - မိမိကိုယ်တိုင်လှူခြင်း

၂။ အာဏတ္တိကဒါန- သူတစ်ပါးကိုစေလွှတ်၍လှူခြင်း

၃။ နိဿဂ္ဂိသဒါန - သူတစ်ပါးခရီးဝေးသွားရာ၌ ပေးအပ်၍ လှူခြင်း

| | | | |
|---|---|---|---|
| ၁။ | ပဏီတဒါန | - | စေတနာ ထက်ထက်မြက်မြက်ပေးလှူခြင်း |
| ၂။ | မဇ္ဈိမဒါန | - | စေတနာ အလယ်အလတ်ရှိ၍ လှူခြင်း |
| ၃။ | ဟီနဒါန | - | မလှူချင်လှူချင် လှူခြင်း |
| ၁။ | အလောဘ ရှိသောဒါန | - | အနိုင်ထက် မနိပ်စက် မညှဉ်းဆဲဘဲရသော ဝတ္ထုလှူခြင်း |
| ၂။ | အဒေါသရှိသော- | | အလှူပေးဆဲ သားမယားစသည်ကို အမျက်မထွက်ဘဲလှူခြင်း |
| ၃။ | အမောဟရှိသော- | | မမိုက်မဲ မတွေဝေ၊ ပျော်ရွှင်ပွဲမပါဘဲ လှူခြင်း |
| ၁။ | လောဘရှိသော- ဒါန | | အနိုင်ထက်နှိပ်စက်၍ ရသောဝတ္ထုကို လှူခြင်း |
| ၂။ | ဒေါသရှိသောဒါန- | | အလှူပေးဆဲ သားမယားစသည်ကို အမျက်ထွက်၍လှူခြင်း |
| ၃။ | မောဟရှိသောဒါန- | | သင်္ခါရကိုမဆင်ခြင်ဘဲ ပွဲလမ်းသဘင်ဖြင့်လှူခြင်း |
| ၁။ | ဒေါသဒါန | - | မိမိသုံးဆောင် စားသောက်သည့်အောက် ယုတ်သော ပစ္စည်းဝတ္ထုကိုလှူခြင်း (အလှူဝတ္ထု၏ကျွန်) |
| ၂။ | ဒါနသဟာယ | - | မိမိသုံးဆောင် စားသောက်သည်နှင့်အမျှ လှူခြင်း(အလှူဝတ္ထုဌ်အဆွေခင်ပွန်း) |
| ၃။ | ဒါနသာမိ | - | မိမိသုံးဆောင် စားသောက်သည်ထက် သာ၍လှူခြင်း (အလှူဝတ္ထု၏အရှင်) |

၁။ ဣဏပယော ဇနဒါန - သားသမီးငယ်တို့ နောင်ကြီးပြင်းလာသောအခါ အတိုးအရင်ပါပြန်၍ရနိုင်ရန် ရည်ရွယ်မှန်းထားလျက် ကျွေးမွေးပြုစု ပေးကမ်းခြင်းဟူသော ကြွေးချခြင်းဒါန

၂။ ဣဏမောက္ခဒါန - မိမိ၏ မိဘများသည် မိမိငယ်ရွယ်စဉ်အခါက မိမိအား ကြွေးမြီမှလွန်ရန်ဟူ၍ ရည်ရွယ်ပြီး ကျေးဇူးရှင် မိဘတို့အား ကျွေးမွေးပြုစုခြင်းဟူသော ကြွေးဆပ်ဒါန

၃။ နိမိနိတဒါန - သံသရာကို ရည်မှန်းလျက် မိမိနှင့်အပေါင်းအသင်းများအား ပြုစုနေခြင်းသည် ရွှေအိုးကြီး မြှုပ်နှံသည်နှင့်တူသောဒါန

## ဝစ္စည်းလေးပါးအလှူ

၁။ ကျောင်း

၂။ သင်္ကန်း

၃။ ဆွမ်း

၄။ ဆေး

## ဒါနလေးမျိုး

၁။ စေတနာဒါန - စေတနာမျှဖြစ်သောအခါ

၂။ အဓေယာဘဒါန - လိုချင်တပ်မက်ခြင်းကင်းသောဒါန

၃။ ဝိရတိဒါန - မကောင်းမှုမှ ရှောင်ကြဉ်ခြင်းဒါန

၄။ ဒေယျမွေဒါန - လှူဖွယ်ဝတ္ထု ပေးလှူသောဒါန

## သပ္ပုရိသဒါန (၅)မျိုး

၁။ သဒ္ဓါဒါန - ကံ ကံ၏အကျိုးကို ယုံကြည်၍လှူခြင်း။

၂။ သက္ကစ္စဒါန - လှူအပ်သောဝတ္ထုကို သန့်ပြန့်စွာ အရိုအသေပြုခြင်း၊ အလှူခံပုဂ္ဂိုလ်အား အရိုအသေပြု၍လှူခြင်း။

၃။ ကာလဒါန - ဧည့်သည် ခရီးသွားလူနာတို့အားလည်းကောင်း၊ ရှားပါးငတ်မွတ်သောအခါ၌လည်းကောင်း၊ ပန်းဦး၊ ကောက်ဦးအခါ၌လည်းကောင်း လှူဒါန်းခြင်း။

၄။ အနုဂ္ဂဟိတဒါန - မိမိစည်းစိမ်ကို မတပ်မစွန်း၊ ရက်ရက်စက်စက် လှူဒါန်းခြင်း

၅။ အနုပဟဒ္ဓဒါန - မိမိကိုယ်ကို မချီးမြှင့်၊ သူတစ်ပါးကိုလည်း မရှုံ့ချမူ၍ လှူခြင်း

## ဒါန (၂)မျိုး အပွား(၆)မျိုး

၁။ သုသီလာဒါန - သီလရှိသောဒါန

၂။ ဒုသီလဒါန - သီလမရှိသောဒါန

## ထုထိလေဒါန(၃)မျိုး

၁။ အလှူပေး - အလှူခံသီလမရှိ

၂။ အလှူပေး - သီလရှိ-အလှူခံသီလမရှိ

၃။ အလှူပေး - အလှူခံသီလရှိ
သီလမရှိ

## အလှူ(၆)မျိုး

၁။ ရူပဒါန - အဆင်းအလှူ
၂။ သဒ္ဒဒါန - အသံအလှူ
၃။ ဂန္ဓဒါန - အနံ့အလှူ
၄။ ရသဒါန - အရသာအလှူ
၅။ ဖောဋ္ဌဗ္ဗဒါန - အတွေ့အထိ အဝတ်ရုံအလှူ
၆။ ဓမ္မဒါန - တရားဟူသောဓမ္မရုံအလှူ

## လှူဖွယ်နည်းအလှူ(၁၀)မျိုး

၁။ အန္န - ဆွမ်းအလှူ
၂။ ပါန - အဖျော်အလှူ
၃။ ယာရ - ကျောင်းအလှူ
၄။ ဝတ္ထု - သင်္ကန်းအလှူ
၅။ ယာန - ယာဉ်အလှူ
၆။ မာလ - ပန်းအလှူ
၇။ ဝိလေပန - နံ့သာပျောင်းအလှူ
၈။ ဂန္ဓ - အမွှေးအကြိုင်အလှူ
၉။ သေယျ - အညောင်စောင်းအလှူ
၁၀။ ပဒိပ - ဆီမီးအလှူ

## ခေတ်အလှူ(၁၀)မျိုး

၁။ ကြွေးယူပြီး အားနှင့်မမျှ အလှူပေးခြင်း
၂။ မဆင်မခြင် ပွဲလမ်းသဘင် ထည့်လှူခြင်း
၃။ စေတနာမရှိဘဲ အလုအယ ဂုဏ်ပကာသန လိုလား၍လှူခြင်း

၄။ ဂုဏ်တုဂုဏ်ပြိုင်လှူခြင်း
၅။ မိရိုးဖလာ အကဲ့ရဲ့လွတ်အောင် မလွဲသာ၍ ပြုသောအလှူ
၆။ အကူအထောက်အပံ့ကို မျှော်၍လှူသောအလှူ
၇။ တိုက်တွန်းလာသူကို အားနာ၍လှူသောအလှူ
၈။ အိုးစည်ပုံမောင်းနှင့် ငွေဖလားထိုးခံ၍ စိတ်မပါဘဲ လှူရသောအလှူ
၉။ အထက်လူကြီးအမိန့်အရ ပေးလှူသောအလှူ
၁၀။ မမှာသည့်ခါ ယတြာသဘောအရ ပေးလှူရသောအလှူ

## စဉ်ထောင်းမှုအလှူ(၅)မျိုး

၁။ သေရည်သေရက်အလှူ
၂။ ပွဲသဘင်အလှူ
၃။ မိန်းမအလှူ
၄။ နွားလားဥသဘအလှူ
၅။ ပန်းချီဆေးရေးအလှူ

## အလှူရှင်အင်္ဂါ(၃)ပါး

၁။ လှူဆဲ ရှေးမဆွကပင်လျှင် စည်းစိမ်တို့၏ အကြောင်းဖြစ်သည့် အစဉ်လိုက်သော ရှေးအိုး မြှုပ်အံ့ဟု ဝမ်းမြောက်ဝမ်းသာရှိခြင်း။
၂။ လှူဖွယ်ဝတ္ထုကို အလှူခံ၏ လက်၌ထားစဉ် အနစ်မရှိသော ဥစ္စာမှ အနှစ်ရှိသောဥစ္စာကို ငါပြု၏ဟု ကြည်လင်စေခြင်း။
၃။ လှူပြီးသောအခါ ပညာရှိတို့သည် ပညတ်အပ်သော ကုသိုလ်ကို ငါပြုစေအပ်ပြီးတကား အံ့ဖွယ်ရှိစွ အလွန်ကောင်းစွဟု ဝမ်းမြောက်ဝမ်းသာရှိခြင်း။

## အလှူခံပုဂ္ဂိုလ်(တစ်ဆိုပ်လေး)

၁။ ဘုရား
၂။ ပစ္စေကဗုဒ္ဓါ
၃-၁၀။ အရိယာသာဝက(၈)ပါး
၁၁။ သာသနာတော်မှ အပဖြစ်သော ရှာန်ရ ရသေ့ပရိဗိုဇ်
၁၂။ ပုထုဇဉ်သီလဝန္တ
၁၃။ ပုထုဇဉ်ဒုဿီလ
၁၄။ တိရစ္ဆာန်

## အလှူခံပုဂ္ဂိုလ်အဆင့်အတန်း

၁။ လောကီလူသား
၂။ သောတာပန်
၃။ သကဒါဂါမိ
၄။ အနာဂါမိ
၅။ ရဟန္တာ
၆။ ပစ္စေကဗုဒ္ဓါ
၇။ သဗ္ဗညုဘုရား
၈။ ဘုရားအမှူးရှိသောသံဃာ
၉။ စတုဒ္ဒိသသံဃာ

ဝေလာမသုတ်

## တစ်နည်း အလှူခံပုဂ္ဂိုလ်တို့၏အဆင့်အတန်း

၁။ ရတနာသုံးပါးကို ပွားများတတ်သောသူ
၂။ ပဥ္စသီလတည်သောသူ
၃။ အဋ္ဌင်္ဂသီလတည်သောသူ
၄။ ဒသရသီလတည်သောသူ
၅။ ရှင်သာမဏေ
၆။ ပဥ္စင်းဖြစ်သောရဟန်း

၇။ ဝတ်နှင့်ပြည့်စုံသောရဟန်း
၈။ ဝိပဿနာကို အားထုတ်သောရဟန်း

## အလှူခံမြတ်မှအကျိုးကြီးသည်

မင်းကြီး သီလရှိသောပုဂ္ဂိုလ်အား ပေးလှူရခြင်းသည် ဖွံ့ဖြိုးပြိုးကြီးမားသော အကျိုးရှိ၏။ သီလမရှိသော ပုဂ္ဂိုလ်၌ပေးလှူရခြင်းသည် သီလရှိပုဂ္ဂိုလ်ပေးလှူရသကဲ့သို့ အကျိုးမကြီးပေ။

ကောသလသံယုတ်

## အလှူခံပုဂ္ဂိုလ်အလိုက်အကျိုးပေးပုံ

၁။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာပုဂ္ဂိုလ် (၈)ယောက်လှူရခြင်းသည် အကျိုးမရေတွက်နိုင်။
၂။ သာသနာပ ရသေ့ ရဟန်း လှူရခြင်းအကျိုး ကုဋေတစ်သိန်း။
၃။ သီလရှိသောပုထုဇဉ် ပုဂ္ဂိုလ်အကျိုးတစ်သိန်း။
၄။ ပုထုဇဉ်ဒုဿီလပုဂ္ဂိုလ် အကျိုးတစ်ထောင်။
၅။ တိရစ္ဆာန်ပေးလှူ အကျိုးတစ်ရာ။

## အလှူ၏အကျိုး

၁။ ပေးကမ်းလှူဒါန်းခြင်းသည် -
- မယဉ်ကျေးသေးသော သူတို့ကို ယဉ်ကျေးစေတတ်၏။
- အလုံးစုံသော လောကီ - လောကုတ္တရာ အကျိုးကို ပြီးစေတတ်၏။

၂။ ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်ဖွယ်စကားဆိုခြင်းဖြင့် -
- မရှိညွတ်သေးသောသူတို့ ရှိညွတ်ကုန်၏။
- ရှိညွတ်ပြီးသောသူတို့ အဖန်တလဲလဲ ရှိညွတ်ကုန်၏။

ထေရဂါထာ တဝေ

- မချစ်မြတ်နိုးသူတို့ ချစ်ခင်လေးမြတ်ကုန်၏၊
- ချစ်ခင်လေးမြတ်ပြီးသောသူတို့ အဖန်တလဲလဲ ချစ်ခင်လေးမြတ်ကုန်၏၊
- ပေးကမ်းစွန့်ကြဲခြင်းသည် နတ်ပြည်သို့သွားရန် ဆောင်းတန်းလှေကား ဖြစ်သည်၊
- ပြိုင်လွှတ်ကင်းသော သံသရာခရီးလမ်းရိက္ခာထုတ်ကြီး ဖြစ်သည်၊
- နိဗ္ဗာန်သွားရာလမ်းမကြီးဖြစ်သည်၊
- သံသရာဝဋ်မှ လွတ်ကြောင်း အကျင့်ကောင်းဖြစ်သည်၊

## ဒါနနှင့်တူသောဥပမာများ

ဒါနသည် -

- မိုးရာဟူသော အနက်ကြောင့် ရတနာခုနစ်ပါးဖြင့်ပြီးသော ခြင်္သေ့ခံသော ပလ္လင်နှင့်တူသည်၊
- တည်ရာဟူသောအနက်ကြောင့် မြေကြီးနှင့်တူသည်၊
- ဒုက္ခအပေါင်းမှ လွှတ်မြောက်ရာ ဖြစ်သောကြောင့် သင်္ဘောကြီးနှင့်တူ၏၊
- ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းမှ ကင်းစေသောကြောင့် သားများသနင်း ခြင်္သေ့မင်းနှင့်တူ၏၊
- ကြီးကျယ်သော ခွန်အားဗလကို ရစေတတ်သောကြောင့် ဆင်ပေါက်ကြီးနှင့်တူ၏၊
- ကောင်းမြတ်သောမင်္ဂလာဟု သမုတ်အပ်သောကြောင့် နွားလားဥသဘနှင့်တူ၏၊

- ဘေးကင်းရာသို့ ပို့ဆောင်တတ်သောကြောင့် ဝဿာဟာက နတ်မြင်းပျံနှင့်တူ၏။
- နမြောတွန့်တိုခြင်း၊ အညစ်အကြေး မလိမ်းကပ်ခြင်းကြောင့် အထပ်တစ်ရာရှိသော ပဒုမ္မာကြာဖူး ကြာငုံကြီးနှင့် တူ၏။

မင်္ဂလာသုတ်အဖွင့်ကျမ်း

## ဒါနသုတ္တံ

ဒါနသည် -

- သိကြားမင်း၊ ပြဟ္မာမင်း၊ စကြဝဠေးမင်းတို့၏ စည်းစိမ်ကို လည်းကောင်း
- သာဝကဘောဓိဉာဏ်ကိုလည်းကောင်း
- ပစ္စေကဘောဓိဉာဏ်ကိုလည်းကောင်း
- သမ္မာသမ္ဗောဓိဉာဏ်ကိုလည်းကောင်း ပေးစွမ်းနိုင်ပါသည်။

သုတ်မဟာ - အဋ္ဌကထာ - ဝေလာမဒါန သုတ်

## ၀၅။ မွေစရိယာစ မင်္ဂလာ သိမှတ်စရာများ

အကျင့်သီလ၊ မြတ်ဓမ္မ၊ ကျင့်ကြအပ်သည်သာ။

ဒါန၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟူသော သူတော်ကောင်းတရား ခုနစ်ပါးကို ကျင့်သောသူသည်ပင် ဓမ္မစရိယဟု မှတ်ရပါမည်။

- အကျင့်မြတ်ကို ကောင်းစွာကျင့်က အကျိုးကြီးစွာရသည်၊
- မကျင့်က အသက်တစ်ရာကျော်နေရသော်လည်းမမြဲ
- အသက်ကို မငဲ့ဘဲကျင့်အပ်၏
- တရားစောင့်သောသူကို တရားကပြန်စောင့်၏။

## ၀၆။ ဉာတကာနုဂ္ဂဟသင်္ဂဟ မင်္ဂလာ သိမှတ်စရာများ

ဉာတကာနုဂ္ဂဟသင်္ဂဟ ပြုကြဝတ်ငါးဖြာ

ဉာတကာ - အောက်ခုနစ်ဆက်၊ သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆက်၊ အထက်ခုနစ်ဆက်၊ အဘ၊ အဘိုး၊ အဘေး၊ အဘီ၊ အဘင်၊ အဘေးကြီး၊ အဘီကြီး။

### ဆွေ(၆)မျိုး

၁။ ဘိုးကြီးဘိုးထွေးတစ်စုံ၊ ဘိုးရင်း၏အစ်ကိုနှင့်ညီ
၂။ ဘွားကြီးဘွားထွေးတစ်စုံ၊ ဘွားရင်း၏အမနှင့်ညီမ
၃။ ဘကြီးဘထွေးတစ်စုံ၊ အဘ၏အစ်ကိုနှင့်ညီ
၄။ မိကြီး မိထွေးတစ်စုံ၊ အမိနှင့်ညီမနှင့်အစ်မ
၅။ ဦးကြီးဦးထွေးတစ်စုံ၊ အမိ၏မောင်ကြီးနှင့်မောင်ငယ်
၆။ အရီးကြီး အရီးထွေးတစ်စုံ၊ အဘ၏အစ်မနှင့်ညီမ

သင်္ဂဟော ထောက်ပံ့ခြင်းဟူသည် စည်းစိမ်ပျက်၍လည်းကောင်း၊ ဗျာဓိနှိပ်စက်၍လည်းကောင်း မိမိအနီးသို့ ရောက်လာကုန်သော အမိဘက်ဆွေမျိုး၊ အဘဘက်ဆွေမျိုး၊ မိမိအောက်ဆွေမျိုးတို့အား တစ်နိုင်သလောက် ဥစ္စာပစ္စည်းပေးကမ်းခြင်းတို့ဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း။

### သင်္ဂဟတရား(၄)ပါး

၁။ ဒါန - ပေးကမ်းခြင်း
၂။ ပေယျဝဇ္ဇ - ချစ်ဖွယ်စကားပြောဆိုခြင်း
၃။ အတ္ထစရိယာ - အကျိုးစီးပွားကို ရှုက်ဆောင်ခြင်း
၄။ သမာနတ္တတာ - ကိုယ်နှင့်အတူထားခြင်း

## ၀၇။ အနဝဇ္ဇာနိ စကမ္မာနိ ဧတံ မင်္ဂလမုတ္တမံ

အနဝဇ္ဇ၊ ပြစ်မရှိ၊ ပြုကြမှုကိုသာ၊

အပြစ်မရှိသောအမှုဟူသည်ကား လယ်ယာဥယျာဉ် စိုက်ပျိုးခြင်း၊ တံတားခင်းခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ ဥပုသ် စောင့်ခြင်း အဆွေခင်ပွန်းတို့၏ အမှုကြီးငယ်တို့ကို ဆောင်ရွက် ခြင်း၊ ပုညကြိယ(၁၀)ပါးဆောင်ရွက်ခြင်းတို့သည် အပြစ်ကင်း သောအမှုတို့ ဖြစ်ပါသည်။

### အဆွေခင်ပွန်းကောင်းများ

၁။ ဘုရား
၂။ ပစ္စေကဗုဒ္ဓါ
၃။ အရိယာသာဝကသံဃာများ
၄။ လက်ဝဲရံ၊ လက်ယာရံရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်
၅။ အလေးအမြတ်ပြုအပ်သောဆရာ
၆။ အတတ်ပညာသင်ပေးသောဆရာ
၇။ ပေးကမ်းထောက်ပံ့သောသူ
၈။ တရားဟောပြသောဆရာ
၉။ အမိ
၁၀။ အဘ

### ဥပုသ်(၄)ပါး

၁။ ပကတိဥပုသ် - တစ်လလေးသီတင်း၊ ရှစ်သီတင်း စောင့်ဥပုသ်

၂။ ပဏာတိဏာဂရဉပုသ် = အကြိုအပို့စောင့်သောဉပုသ်
၃။ ဒေ့ဓိဋ္ဌာန်ဉပုသ် = နှစ်လပိုင်းခြား စောင့်သောဉပုသ်
၄။ ပါဋိဟာရိယဉပုသ် = ဉပုသ်အထွက် နောက်တစ်ရက်၌ စောင့်သောဉပုသ်

## သီလရှိမှ ပေါင်းဖော်ရသည်

၁။ ဘုန်းတန်ခိုးကြီးသူဖြစ်စေမှု သီလရှိမှ ပေါင်းရသည်၊
၂။ ပညာရှိသူဖြစ်စေမှု သီလရှိမှ ပေါင်းရသည်၊
၃။ ဥစ္စာရှိသူဖြစ်စေမှု သီလရှိမှ ပေါင်းရသည်၊
၄။ ရုပ်ဆင်းလှသူဖြစ်စေမှု သီလရှိမှ ပေါင်းရသည်၊

## သီလသဝ်းဖြားချိုးမရှား

၁။ အမျိုးအနွယ် မြတ်ခြင်းသည် အကျိုးမကြီး အချည်းနှီး၊
၂။ အဆင်းလှခြင်းသည် အကျိုးမကြီး အချည်းနှီး၊
၃။ သီလ ဆောက်တည်၍ သီလရှိမှသာလျှင် အမှန်ဖြစ်သည်၊
၄။ သီလနှင့် မပြည့်စုံသောသူသည် မည်မျှပင် ဗဟုသုတရှိနေစေကာမူ ပစ္စုပ္ပန်သံသရာနှစ်ဖြာ အကျိုးမရှိနိုင်၊

## ၁၈။ အာရတီဝါဝါ မဝ်ဃာ သိမှတ်စရာများ

ဒုစ္စရိတ၊ မှုကိစ္စ၊ ရှောင်ကြဉ်ဝေးဝေးသာ

ပါဏာတိပါတကံ၊ အဒိန္နာဒါနကံ၊ ကာမေသုမိစ္ဆာစာရကံ၊ မုသာဝါဒကံဟူသော ကံကိလေသာ တရားတို့သည် ပါပမည်၏၊ ထိုပါပတည်းဟူသော မကောင်းမှု၌ အပြစ်ကိုရှုသောသူ၏ စိတ်ဖြင့်သာလျှင် ကြဉ်ခြင်းသည် အာရတီမည်၏၊

## အာရတိ – ဝိရတိ

မကောင်းမှုကို စိတ်ဖြင့် ဝေးစွာရှောင်ကြဉ်ခြင်းသည် အာရတိ၊ မကောင်းမှုတို့၌ ကိုယ်နှုတ်တို့ဖြင့် ဝေးစွာ ရှောင်ကြဉ် ခြင်းသည် ဝိရတိ။

## ၀၉။ ဝိရတိဝါဒ ခံစော သိမှတ်စရာရှား

အထူးသဖြင့် ရှောင်ကြဉ်သင့်၊ ကာင်းလွင့်ဒုက္ခမှာ

မကောင်းမှုတို့ကို ကိုယ်ဖြင့် ပြုခွင့်ကြုံလာလျှင် နှုတ်ဖြင့် ပြောခွင့်ကြုံလာလျှင် မပြောဘဲ ရှောင်ကြဉ်လိုက်ခြင်းသည် အထူး ရှောင်ကြဉ်ခြင်း မည်ပါသည်။

## ဝိရတိ(၃)မျိုး

၁။ သမ္ပတ္တဝိရတိ - မကောင်းမှုပြုဖို့ ပြောဆိုကြုံလာလျှင် ကို့ အမျိုးအနွယ်၊ တို့ဂုဏ်နှင့် မသင့်ဟု နလုံး သွင်း၍ ရှောင်ကြဉ်ခြင်း။

၂။ သမာဒါနဝိရတိ - မကောင်းမှုကို ငါသည် တစ်နေ့၊ တစ် ရက်၊ တစ်လ၊ တစ်နှစ်၊ အသက်ထက် ဆုံးမပြုတော့ဟု ဆောက်တည်၍ ရှောင် ကြဉ်ခြင်း။

၃။ သမုစ္ဆေဒဝိရတိ - သောတာပန်ဖြစ်သည့်မှစ၍ အရိယာ ပုဂ္ဂိုလ်သည် အရိယာမဂ်ဖြင့် ဖြတ်၍ ရှောင်ကြဉ်ခြင်း။

## ၂၀။ မဇ္ဈိမနိကာယ မဟာ ဝဂ်ဆိုင်ရာ သိမှတ်စရာများ

(မေရယငါးပါး၊ သုရာများ၊ သောက်စားမပြုရာ)

အပြစ်ကိုဖြစ်စေတတ်သော သုရာငါးပါး၊ မေရယငါးပါး တို့ကို ရှောင်ကြဉ်ခြင်းသည် မဇ္ဈိမနိကာယ မဂ်လာမည်ပါသည်။

**သုရာငါးပါး**

၁။ မုန့်ညက်ဖြင့်ပြုလုပ်သောအရက်
၂။ မုန့်ဖြင့်ပြုလုပ်သောအရက်
၃။ ထမင်းဖြူဖြင့်ပြုလုပ်သောအရက်
၄။ တဆေးထည့်၍ပြုလုပ်သောအရက်
၅။ သဖန်ခါးစသောအရာများနှင့် ပြုလုပ်သောအရက်။

**မေရယငါးပါး**

၁။ ပန်းပွင့်ရည်ဖြင့်ပြုသောအရက်
၂။ သစ်သီးရည်ဖြင့်ပြုသောအရက်
၃။ ပျားရည်ဖြင့်ပြုသောအရက်
၄။ ကြံရည်စသည်ဖြင့်ပြုသောအရက်
၅။ တိဖလစသောအဆောက်အဦးနှင့် ယှဉ်သောအရက်။

**လိုလေပြုအပ်သောအရာ(၃)မျိုး**

၁။ အပါယ်လေးပါး လားရာအကြောင်းများ
၂။ သေရည်သောက်စားခြင်း
၃။ သူသားအိမ်ရာသို့ လှည့်ပတ်နေထိုင်ခြင်း

သေရည်သောက်မှုသည် အလုံးစုံသော ဒုစရိုက်တရားတို့၏ အညာနှင့်တူသည်၊ သစ်ပင်တို့၏အညာမှာ အသီးများဖြစ်ပေါ်လာသကဲ့သို့ သေရည်သေရက် သောက်ခြင်းမှ ဒုစရိုက်များဖြစ်ပေါ်လာပါသည်။

## အရက်သောက်ခြင်းအပြစ်(၆)ပါး

၁။ ပစ္စည်းဥစ္စာဆုတ်ယုတ်ခြင်း
၂။ ငြင်းခုံခိုက်ရန်များခြင်း
၃။ ရောဂါထူပြောခြင်း
၄။ အကျော်အစောမဲ့ခြင်း
၅။ ကိုယ်အင်္ဂါမလုံခြင်း
၆။ ပညာနည်းပါးခြင်း

## တစ်နည်းအပြစ်(၇)ပါး

၁။ ဟုတ်မှန်သော အကြောင်းတရားကိုမသိခြင်း။
၂။ အကျိုးအပြစ်ကို စိစစ်ဝေဖန်၍ မသိခြင်း။
၃။ မိဘကိုအန္တရာယ်ပြုတတ်ခြင်း။
၄။ ဘုရားရဟန္တာတို့ကို အန္တရာယ်ပြုခြင်း။
၅။ ယခုမျက်မှောက်၌ ကဲ့ရဲ့ခံရခြင်း။
၆။ တမလွန်၌ အပါယ်ကျခြင်း။
၇။ သံသရာအဆက်ဆက်ရူးသွပ်ခြင်း။

## တစ်နည်းအရယ်ဆောင်အဖြစ်(၁၀)ပါး

၁။ စိတ်မည်းညစ်
၂။ နေ၍မကောင်း
၃။ ကျိုးကြောင်းမမြင်
၄။ မဆင်ခြင်နိုင်
၅။ ဒေတွဝေ
၆။ ယိမ်းယိုင်
၇။ ဖမ့်လျော့
၈။ ကိုယ်ကျင့်တရားကင်းမဲ့
၉။ သတိလွတ်ကင်း
၁၀။ ပြုမိပြုရာပြုတတ်

## ၂၀။ အပွမာဒေါ်စေဖွေဆော့ ခင်ဗျာ သိမှတ်စရာများ

ဆယ်ပါး၊ ပုည၊ ကုသလ၊ ခဏာမမေ့ရာ၊ အပွမာဒါ။

## ပုညကြိယာဝတ္ထု(၁၀)ပါး

၁။ ဒါန - ပေးကမ်းလှူဒါန်းခြင်း
၂။ သီလ - သီလစောင့်ထိန်းခြင်း
၃။ ဘာဝနာ - တရားအားထုတ်ခြင်း
၄။ အပစာယန - အရိုအသေပေးခြင်း
၅။ ဝေယျာဝစ္စ - အမှုကြီးငယ်ပြုခြင်း
၆။ ပတ္တိဒါန - အမျှဝေခြင်း
၇။ ပတ္တာနုမောဒနာ - ဝမ်းမြောက်စွာသာဓုခေါ်ခြင်း
၈။ ဓမ္မသဝန - တရားနာခြင်း
၉။ ဓမ္မဒေသနာ - တရားဟောခြင်း

၁၀။ ဒိဋ္ဌိဇုကမ္မ - အယူမှန်ခြင်း

## ၂၂။ ဂါရဝဝါစ ခံစား ထိမှတ်စရာများ

ရိုသေလေးစားသင့်သူများ ပြုခြားဂါရဝါ

ရတနာသုံးပါး၊ မိဘ၊ ဆရာစသော ဂုဏ်ကြီးသူ၊ အသက်ကြီးသူ၊ သီလစောင့်ထိန်းသူ စသည်များကို ညွတ်တွားခယ ပြုလုပ်ခြင်း၊ အရိုအသေပြုခြင်းများသည် ဂါရဝပြုသည်မည်၏။

**အရိုအသေခံထိုက်သူ(၇)ဦး**

သုံးတန်ရတနာဘဂဝါ၊ လွန်စွာပြုမြဲတူ
အာစရိယ၊ မိနှင့်ဘ၊ ကုလကြီးမြင့်သူ
အသက်ဂုဏ်နေ၊ ကြီးသူတွေ၊ ပုံသေထိုနည်းတူ

**ဂါရဝ(၁၀)မျိုး**

၁။ ဘုရား၌ရိုသေလေးစားခြင်း
၂။ တရား၌ရိုသေလေးစားခြင်း
၃။ သံဃာ၌ရိုသေလေးစားခြင်း
၄။ သိက္ခာ၌ရိုသေလေးစားခြင်း
၅။ သမာဓိ၌ရိုသေလေးစားခြင်း
၆။ အပ္ပမာဒ မမေ့လျော့ခြင်း၌ရိုသေလေးစားခြင်း
၇။ ပဋိသန္ထာ(နှုတ်ဆက်စကားပြောဆိုခြင်း)၌ရိုသေလေးစားခြင်း
၈။ ဟိရိ(အရှက်တရား)၌ရိုသေလေးစားခြင်း
၉။ ဩတ္တပ္ပ(အကြောက်တရား)၌ရိုသေလေးစားခြင်း
၁၀။ အချင်းချင်း၌ရိုသေလေးစားခြင်း

## ဝါရဝဖြူခြင်း(၃)မျိုး

၁။ တိရစ္ဆာန်တို့သည် ရပ်လျက်၊ ဝပ်လျက်ရှိနိုးခြင်း ပြုကြသည်။ ယင်းတို့သည် ရှိသေထိုက်သောသူကို တူရှုရှေရှုအာရုံပြုပြီးလျှင် ကပ်လျက်ဝပ်လျက်ပင် ရှိနိုးခြင်းအရာ ရောက်ပေသည်။

၂။ နတ်တို့က ရပ်လျက်ရှိနိုးကြသည်။ ဘုမ္မစိုး၊ ရက္ခစိုး အစရှိသောနတ်တို့သည် ထိုင်လျက်ရှိနိုးသည်ကား အနည်းငယ်ရှိသည်။

၃။ လူယောက်ျားတို့က ဆောင့်ကြောင့်ထိုင်၍ တဘက်ကို စလွယ်သိုင်းစမွာယ်တင်၍ လက်အုပ်ချီ ရှိနိုးကြသည်။ မိန်းမတို့က ကြုံ့ကြုံ့ထိုင်လျက် တဘက်ကို စလွယ်သိုင်းစမွာယ်တင်လျက် ရှိနိုးကြသည်။

## ရှိသေခြင်းအကျိုး

၁။ အသက်ရှည်ခြင်း
၂။ အဆင်းလှသည်
၃။ ကိုယ်စိတ်နှစ်ဖြာချမ်းသာသည်
၄။ ခွန်အားကြီးသည်။
ဤလေးပါးသည် အစဉ်တိုးပွားပါသည်။

## ၂၃။ နိဝါတောစဂါရဝေါ မင်္ဂလာ သိမှတ်စရာများ

မိမိကိုယ်ကို၊ သူ့အောက်ခို၊ စိတ်ကိုနိမ့်ချထားပါ

ခြေသုတ်ပုဆိုး၊ ခြွေမှုယ်ကျိုးနှင့်၊ ချိုကျိုးသောနွား၊ ဒွန်းစဏ္ဍားပမာကာ၊ နိမ့်ချသောမာနရှိခြင်းသည် နိဝါတမင်္ဂလာ မည်ပါသည်။

## မာနစိတ်(၂)မျိုး

နှိမ့်ချခြင်း၏ ဆန့်ကျင်ဘက်သည် - မာနဖြစ်သည်၊

၁၊ ကိုယ်ကြောင့်ဖြစ်သော ဒေါသမာနစိတ်

၂၊ စိတ်ကြောင့်ဖြစ်သော ဒေါသမာနစိတ်

## မာန(၆)ပါး

| | | | |
|---|---|---|---|
| ၁၊ | ဇာတိ | - | အမျိုးမြင့်မြတ်မှု |
| ၂၊ | ဂေါတ္တ | - | အနွယ်မြင့်မြတ်မှု |
| ၃၊ | ပညာ | - | ပညာတတ်မှု |
| ၄၊ | ဓန | - | ဥစ္စာပစ္စည်းရှိမှု |
| ၅၊ | ညာတိ | - | ဆွေမျိုးအင်အားရှိမှု |
| ၆၊ | ရူပ | - | အဆင်းရူပလှပမှု |

## တစ်နည်း မာန(၇)ပါး

၁၊ မာန - ထောင်လွှားခြင်း

၂၊ ထမ္ဘ - မိမိကိုယ်ကို မိမိယုံကြည်စိတ်ချ မာန်မာနထားခြင်း

၃၊ မက္ခ - မထီလေးစားပြုခြင်း

၄၊ အတိမာန - အလွန်ထောင်လွှားခြင်း

၅၊ သာရမ္ဘ - ချုပ်ချယ်ခြင်း

၆၊ မဒ - မာန်ယစ်ခြင်း

၇၊ ပလာသ - ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း

ခြောက်ပါး၊ ခုနစ်ချက်၊ ကိုယ်ကိုဖျက် - မင်္ဂိုလ်မရကြ၊ မာန ရှိကာ၊ သတိကွာ - ဝေးစွာနိဗ္ဗာန်။

## ၂၄။ သန္တုဋ္ဌိစ မင်္ဂလာ ထိမှတ်စရာများ

ရတတ်သမျှ၊ ရောင့်ရဲကြ၊ လောဘမထွက်ရာ

ရှာရ ပစ္စည်း၊ ယုတ်ညံ့နည်းလည်း၊ သည်းညည်းခံစိတ် အမြတ်အများ၊ လိုပြားတောင့်တ၊ ကြောင့်ကြမစိုက်၊ ရပြန်လိုက်လည်း၊ ကိုယ်ထိုက်မျှသာ၊ သုံးဆောင်ပါ၍ မြတ်ရာပေးမှု၊ ကိုယ်မှုရှိ သမျှ၊ ရောင်ရဲခြင်းသည်၊ သန္တုဋ္ဌိစမင်္ဂလာ မည်၏။

### ရောင့်ရဲခြင်း(၃)မျိုး

၁။ ယထာလာဘသန္တုဋ္ဌိ -ရရာနှင့်ရောင့်ရဲနိုင်ခြင်း

၂။ ယထာဗလသန္တုဋ္ဌိ -ကိုယ်အားနှင့် ချိန်၍ ရောင့်ရဲနိုင်ခြင်း

၃။ ယထာသာရုပ္ပသန္တုဋ္ဌိ -ကိုယ်နှင့်လျောက်ပတ်ရုံရောင့်ရဲခြင်း

### သန္တောသ(၁၂)ပါး

၁။ အထက်ဖော်ပြပါ (၃)ပါးကို စား၊ ဝတ်၊ နေ၊ ထွေးဟူသော ဌာန(၄)ပါးနှင့် မြှောက်ပါက (၃×၄=၁၂)ရပါသည်။

### လော်လည်ခြင်း(၅)ပါး

၁။ စားသောက်မှု လော်လည်ခြင်း

၂။ ဝတ်စား တန်ဆာ ဆင်ယင်၍ ပြုပြင်ဖီးလိမ်းမှု၌ လော်လည်ခြင်း

၃။ ယောက်ျား[illegible]ပါ၌ လျှပ်ပေါ်လော်လည်ခြင်း

၄။ ပစ္စည်းဥစ္စာ[illegible]မှု၌ လျှပ်ပေါ်လော်လည်ခြင်း

၅။ သွားလာမှု၌ လျှပ်ပေါ်လော်လည်ခြင်း

## မရောင့်ရဲ (၁၆)ဖြာ

၁။ သမုဒ္ဒရာသည် ခပ်သိမ်းသော မြစ်ရေတို့ဖြင့် မရောင့်ရဲခြင်း
၂။ မီးသည် မီးစာဖြင့် မရောင့်ရဲခြင်း
၃။ မင်းသည် တိုင်းပြည်ဖြင့် မရောင့်ရဲခြင်း
၄။ မိုက်သောသူသည် ယုတ်မာသောအကျင့်ဖြင့် မရောင့်ရဲခြင်း
၅။ မိန်းမသည် မေထုန်အားဖြင့်လည်းကောင်း၊ တန်ဆာဆင်ခြင်းဖြင့်လည်းကောင်း၊ သားဖွားခြင်းဖြင့်လည်းကောင်း မရောင့်ရဲခြင်း
၆။ ပုဏ္ဏားသည် ဗေဒင်ဖြင့် မရောင့်ရဲခြင်း
၇။ ရှာန်ရသောပုဂ္ဂိုလ်သည် သမာပတ်ဖြင့် မရောင့်ရဲခြင်း
၈။ သေက္ခပုဂ္ဂိုလ်သည် နိဗ္ဗာန်ဖြင့် မရောင့်ရဲခြင်း
၉။ အလိုနည်းသောပုဂ္ဂိုလ်သည် ဓုတင်ကျေးဇူးဖြင့် မရောင့်ရဲခြင်း
၁၀။ အားထုတ်ခြင်းလုံ့လရှိသောပုဂ္ဂိုလ်သည် လုံ့လဖြင့် မရောင့်ရဲခြင်း
၁၁။ တရားဟောပုဂ္ဂိုလ်သည် ဆွေးနွေးခြင်းဖြင့် မရောင့်ရဲခြင်း
၁၂။ ရဲရင့်သောပုဂ္ဂိုလ်သည် ပရိသတ်တို့ဖြင့် မရောင့်ရဲခြင်း
၁၃။ သဒ္ဓါရှိသောပုဂ္ဂိုလ်သည် သံဃာကို လုပ်ကျွေးခြင်းဖြင့် မရောင့်ရဲခြင်း
၁၄။ အလှူပေးတတ်သောပုဂ္ဂိုလ်သည် စွန့်ကြဲခြင်းဖြင့် မရောင့်ရဲခြင်း
၁၅။ ပညာရှိသောပုဂ္ဂိုလ်သည် တရားနာခြင်းဖြင့် မရောင့်ရဲခြင်း
၁၆။ လေးပါးကုန်သော ပရိသတ်သည် မြတ်စွာဘုရားကို ဖူးမြင်ရခြင်းဖြင့် မရောင့်ရဲခြင်း။

ဆွေထဟာ စာပေ

## ၂၅။ ကတညုတ ဓဝ်လာ သိမှတ်စရာများ

သူ၏ကျေးဇူး၊ မထိမ်ဖြုံး၊ အထူးဆပ်ကြပါ။

သူပြုဖူးသော ကျေးဇူးကို သိခြင်းဟူရာဝယ် ယခုဘဝ အကျိုးငှာဖြစ်စေ နောက်ဘဝအကျိုးငှာဖြစ်စေ၊ လူကိုယ်တိုင် လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ဥစ္စာပစ္စည်းဖြင့်လည်း ကောင်း ကူညီထောက်ပံ့ မစခြင်းသည် ကျေးဇူးမည်၏။ နည်းသည် ဖြစ်စေ၊ များသည်ဖြစ်စေ သူပြုဖူးသော ကူညီထောက်ပံ့မှုကို အဖန်တလဲလဲအောက်မေ့ခြင်းသည် ကျေးဇူးသိသည် မည်ပါ သည်။

### ကျေးဇူးခံကျေးဇူးစား

၁။ ပုဗ္ဗာရိ-လက်ဦးစွာ ကျေးဇူးပြုသောသူ

၂။ ကတဒေဝီ-သူပြုဖူးသောကျေးဇူးကိုသိ၍ နောက်မှ ကျေးဇူး တုံ့ပြန်သူ

### တစ်လုပ်ကျေးဇူး သူ့ကျေးဇူး

အကြွင်သသူ၊ ကြည်ဖြူနှစ်သက်၊ သူ့အိမ်ထက်ဝယ်၊ တစ်ျက် တစ်ည၊ တစ်ကြိမ်မျှလျှင်၊ သုခခံစား၊ များများမဟုတ်၊ တစ်လုပ်ထမင်း၊ တစ်ရှုပ်ဟင်းကို၊ ဝမ်းတွင်းလျှာနှုး သုံးရဖူးမူ၊ ထိုသသူအား၊ မြစ်မှာအရုံ၊ မနောက်မျှ မကြံအပ်ပေ။

ဝိဓုရပျို့

### ဝိဓုရအမတ်၏ ကျေးဇူးစကားရပ်များ

၁။ ရှေ့သွားသောသူ၏ နောက်သို့ အစဉ်တစ်စိုက် လိုက်လေလော့။

၂။ စိုပြီးသောလက်ကိုလည်း မခြောက်စေနှင့်၊
၃။ အဆွေခင်ပွန်းကောင်းတို့၌ တစ်ရံတစ်ခါမျှ ပျက်ဆီးခြင်း မဖြစ်စေနှင့်၊
၄။ ရှေးကျအကျွမ်းဝင်ဖူးသည်ဖြစ်စေ၊ မမြင်ဖူးသည်ဖြစ်စေ၊ ထိုသူက အိပ်ရာနေရာ ဖိတ်ကြားပေးဖူးအံ့၊ ကျေးဇူးခံသော ယောက်ျားသည် ထိုသူအား အကျိုးစီးပွားကို ဖြစ်စေရာ၏၊
၅။ အကြင်သူ၏အိမ်၌ တစ်ညဥ့်မျှ အိပ်ရဖူးအံ့၊ တစ်နပ်သော ထမင်းကို စားရဖူးအံ့၊ ထိုသူ၏ အကျိုးမဲ့ ပျက်စီးရာ ပျက်စီး ကြောင်းများ မပြုသင့်၊
၆။ သစ်ပင်၏ အရိပ်ကိုခိုရသကဲ့သို့ သူ၏အရိပ်ကို ခိုရဖူးက အကိုင်းအခက်နှင့်တူသော သူ၏သားမယား စည်းစိမ်ကို မဖျက်ဆီးရာ၊
၇။ ကျေးဇူးမဲ့တတ်သော မိန်းမတို့၏ အလိုသို့ မလိုက်လေနှင့်၊
၈။ မတရားသောအမှုကိစ္စများ ကြဉ်ဖယ်ရှောင်လွှဲလော့၊

(ဝိဓုရဇာတ်)

## မှတ်ဖွယ်စကား

၁။ ကျေးဇူးခံချင်သူသာရှိသည် ပြန်ချင်သူမရှိ၊
၂။ ပညာရှိတို့သည် သူ၏ကျေးဇူးကို သိတတ်၏၊
၃။ ကျေးဇူးကိုသိ၍ ဆပ်နိုင်ခြင်းသည် နှစ်ဦးသောသူတို့၏ စိတ် အလိုကို ဖြည့်ရာရောက်သည်၊

## ၂၆။ ကာလေနဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ ... 

ဒီဂါ၊ ထိုးဟတ်စရာများ

လျှောက်ပတ်သောအခါ၊ မြတ်ဓမ္မာ၊ မကြာနာအပ်ပါ။

သင့်တင့်လျှောက်ပတ်သောအခါ၌ တရားတော်ကို နာခြင်းဟူရာ၌ သင့်တင့်လျှောက်ပတ်သောအခါ၌ကား မိမိ၌ လိုချင်တပ်မက်ခြင်း၊ ကြောင့်ကြစိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ သူတစ်ပါးကို နှိပ်စက်လိုခြင်း စသော မကောင်းသောစိတ်ကို ဖြစ်ပေါ်သောအခါသည် တရားတော်ကို နာခြင်းငှာ သင့်တင့်လျှောက်ပတ်သောအခါတည်း။

တစ်နည်း-မိမိသည် တစ်စုံတစ်ခုသော တရားသဘော၌ မှန်သလော၊ မှားသလောဟု ယုံမှားရှိသည့်အခါသည် ပညာရှိသူမြတ်ထံ ချဉ်းကပ်၍ တရားတော်ကို နာခြင်းငှာ သင့်တင့်လျှောက်ပတ်သော အခါတည်း။

ဤသို့ အစရှိသော မိမိအခွင့်နှင့် သင့်တင့်သောအခါကာလသည် တရားတော်ကိုနာရန် လျှောက်ပတ်သော ကာလမည်ပါသည်။

### တရားနာခြင်းအကျိုး(၅)ပါး

၁။ မကြားဖူးသော တရားစကားကို ကြားရသည်၊
၂။ ကြားပြီးသော တရားစကားထပ်မံကြား၍ ရှင်းလင်း ပွားများရသည်၊
၃။ ယုံမှားမှုမှ လွတ်မြောက်ရသည်။
၄။ အယူကို ဖြောင့်မှန်စွာပြုရသည်။
၅။ စိတ်၏ကြည်ညိုခြင်းဖြစ်သည်။

(အင်္ဂုတ္တိုရ်-ပဉ္စကနိပါတ်)

## အရဟတ္တဖိုလ်ဆိုက်ရောက်တတ်၏

၁။ လျောက်ပတ်သောကာလ၌ တရားနာခြင်း
၂။ လျောက်ပတ်သောကာလ၌ တရားကိုဆွေးနွေးခြင်း
၃။ လျောက်ပတ်သောကာလ၌ တရားကိုသုံးသပ်ခြင်း
၄။ လျောက်ပတ်သောကာလ၌ ဝိပဿနာကိုရှုခြင်း

ဤလေးပါးကုန်သော တရားတို့သည် အာသဝေါကုန်ရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်စေ၏။

## ၂၇။ ခန္တီစ မင်္ဂလာ သိမှတ်စရာများ

ခန္တီဝမှ၊ မြတ်သီလ၊ ကျင့်ကာမင်္ဂလာ

အထွေထွေ အမျိုးမျိုး ဆဲရေးခြင်းဆယ်ပါးဖြင့် ဆဲဆိုရေရွတ်ခြင်း၊ ညှဉ်းဆဲခြင်းများပြုလုပ်သော်လည်း အမျက်မထွက်၊ နှုတ်တုံ့လည်းမပြန်၊ ရန်တုံ့လည်းမမူ၊ သူပြုသမျှ စိတ်ဖောက်ပြန်ခြင်းမရှိ၊ သည်းခံခြင်းသည် ခန္တီမင်္ဂလာမည်ပါသည်။

သည်းခံခြင်းသည် မြတ်သောသူတော်ကောင်းတို့၏ အကျင့်ဖြစ်သည်။

## အောင်ခြင်းမင်္ဂလာ(၄)မျိုး

၁။ စိတ်ဆိုးသူကို စိတ်မဆိုးသည်းခံခြင်းဖြင့် အောင်ရာသည်၊
၂။ မကောင်းသူကို ကောင်းစွာပြုသဖြင့် အောင်ရာသည်၊
၃။ ဆင်းရဲသူကို ပေးကမ်းခြင်းဖြင့် အောင်ရာသည်၊
၄။ စကားမမှန်သူကို စကားမှန်ပြောဆိုခြင်းဖြင့် အောင်ရာသည်။

## ဆဲရေးခြင်း(၁၀)ပါး

၁။ ဇာတိ - အမျိုးအနွယ်ကိုစွဲ၍ ဆဲရေးခြင်း၊
၂။ နာမ - အမည်ကိုစွဲ၍ ဆဲရေးခြင်း၊
၃။ ဂေါတ္တ - အနွယ်ကိုစွဲ၍ ဆဲရေးခြင်း၊
၄။ ကမ္မ - အလုပ်ကိုစွဲ၍ ဆဲရေးခြင်း၊
၅။ သိပ္ပ - အတတ်ပညာကိုစွဲ၍ ဆဲရေးခြင်း၊
၆။ အာဗာဓ - အနာရောဂါကိုစွဲ၍ ဆဲရေးခြင်း၊
၇။ လိင်္ဂ - အသွင်ကိုစွဲ၍ ဆဲရေးခြင်း၊
၈။ ကိလေသ - ကိလေသာအမည်တပ်၍ ဆဲရေးခြင်း၊
၉။ အာပတ္တိ - အာပါတ်အပြစ်ကိုစွဲ၍ ဆဲရေးခြင်း၊
၁၀။ အက္ကောသ - ခွေးမသား၊ နင့်နမစသည်ဖြင့် ဆဲရေးခြင်း

## သည်းခံခြင်းအကျိုး(၅)ပါး

၁။ လူအများချစ်ခင်ခြင်း
၂။ ရန်ငြိမ်းခြင်း
၃။ အပြစ်နည်းခြင်း - နတ်တို့ချစ်ခင်ခြင်း
၄။ မတွေဝေဘဲ သေရခြင်း
၅။ သုဂတိသို့လားရောက်ရခြင်း

## သည်းမခံခြင်းအပြစ်(၅)ပါး

၁။ ပညာရှိတို့ ကဲ့ရဲ့ရခြင်း
၂။ နတ်တို့မုန်းခြင်း
၃။ လူတို့မုန်းခြင်း
၄။ တွေဝေ၍ သေရခြင်း
၅။ သေလျှင် အပါယ်လားရခြင်း

ရန်မထောင်မှ - ရန်ဒအောင်မည်
ရန်ထောင်လျှင် - ရန်လျောင်မိတတ်သည်
ရန်လိုက် - ရန်ပိုတတ်သည်

## ၂၈။ သောဝစဿတာ မင်္ဂလာ သိမှတ်စရာများ

သူဖတ်အများ၊ ဆုံးမခြား၊ မှတ်သားအလွယ်သာ၊

ဘုရားအစရှိသော သူတော်ကောင်း၊ အမိအဘ၊ ဆရာ အပေါင်းအဖော်တို့ ဆိုဆုံးမသည့်အခါ အမျက်မထွက်၊ ပြန်လှန်၍လည်းမပြော၊ ဆိတ်ဆိတ်လည်းမနေ၊ ကောင်းပါပြီ နားထောင်ပါမည်ဟု အလွယ်တကူ ခံယူသောသူသည် ဆုံးမလွယ်သူဖြစ်သည်။

## ၂၉။ သမဏာနဥ္စဒဿနံ မင်္ဂလာ သိမှတ်စရာများ

သီလရှိခြား၊ ရဟန်းများ၊ ဝတ်တွားဖူးမြော်ပါ။

ငြိမ်းပြီးသော ကိလေသာရှိကုန်သော၊ ပွားစေအပ်ပြီးသော ကာယ၊ သီလ၊ စိတ္တ၊ ပညာရှိကုန်သော မြတ်သောကျေးဇူးနှင့် ပြည့်စုံကုန်သော ရဟန်းတို့အား ဆည်းကပ်ခြင်း၊ လုပ်ကျွေးခြင်း၊ အောက်မေ့ခြင်း၊ နားထောင်ခြင်း၊ ဖူးမြင်ခြင်းတို့သည် သမဏာ ဒဿန မည်ပါသည်။

### ဖူးမြင်ခြင်း(၂)မျိုး

၁။ မျက်စိဖြင့်မြင်ခြင်း
၂။ ဉာဏ်ဖြင့်မြင်ခြင်း

## ဆည်းကပ်ခြင်း

ဆည်းကပ်ခြင်းဟူသည် အလှူကိုလှူအံ့၊ ပြဿနာကို မေးအံ့၊ ပူဇော်သက္ကာရကိုပြုအံ့၊ တရားကိုနာအံ့၊ ဤသို့သဘောရှိသော စိတ်ဖြင့် ရဟန်းတို့ကို ဆည်းကပ်ခြင်း။

## ရဟန်းမြတ်တို့ကို ဖူးမြော်ရခြင်းအကျိုး

ရဟန်းတို့ကို မှီဝဲ ဆည်းကပ်သောသူအား မပြည့်သော သီလ၊ မပြည့်သောသမာဓိ၊ မပြည့်သောပညာ၊ မပြည့်သော ပစ္စဝေက္ခဏာတို့သည် ပွားခြင်း၊ ပြည့်ခြင်းသို့ ရောက်၏။

သီလ သမာဓိ ပညာနှင့် ပြည့်စုံသော ပုထုဇဉ်ရဟန်းတို့ ကိုလည်းကောင်း၊ ရှင်ယောက်သော အရိယာသံဃာတော်တို့ကို သည်းကောင်း ဖူးမြော်ရခြင်းသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ချမ်းသာခြင်း အကျိုးကြီးပွားများ ဖြစ်ရသည်။

## ၃၀။ ကာလေန ဓမ္မသာကစ္ဆာ ဝဝဲလာ သိမှတ်စရာများ

လျောက်ပတ်သောအခါ၊ မြတ်ဓမ္မာ၊ မကြာ ဆွေးနွေးပါ။

လျောက်ပတ်သောအခါ၌ မိမိမသိ မတွေ့ဖူးသေးသော တရားတို့ကို အကာလ ခုနစ်ပါးမှကင်းလွတ်ချိန်၌ ရဟန်းတို့ထံ ချဉ်း ကပ်၍ ဆွေးနွေးရပါမည်။

### ကာလ(၇)ပါး

၁။ စေတီရင်ပြင်သို့ ဆည်းကပ်သောအခါကာလ

၂။ ရွာတွင်း ဆွမ်းခံသွားဆဲကာလ

၃။ ခရီး၌ ဆွမ်းခံသွားသောကာလ

၄။ ဆွမ်းစားရပ်၌ နေသောကာလ

၅။ ဆွမ်းကို ယူဆောင်နေဆဲကာလ
၆။ ဆွမ်းစားဆဲကာလ
၇။ နေ့သန့်ရာသို့ သွားဆဲကာလ

## ၃၀။ တပေါ်စ ခင်္လာ ထိမှတ်စရာများ

ခြိုးခြံချွေတာ၊ ကျင့်သိက္ခာ၊ ခေမာရောက်ကြောင်းမှတ်။

ကာမြွေခြောက်ပါး၊ မမှောက်မှားအောင်၊ ကံခါးချိုက်ဘိ၊ သတိမျိုးမှန်၊ အဖိုးတန်ဖြင့်၊ ခြိုးခြံစွာ ကျင့်ခြင်းသည်လည်းကောင်း၊ မပျင်းမရိ လုံ့လရှိလျက် ဝီရိယဖြင့်သော၊ သမ္မာအာဇီဝ၊ သီလမျိုးမှန်၊ အဖိုးတန်ကို ခြိုးခြံစွာကျင့်ခြင်းသည် တပမည်ပါသည်။

## ခြိုးခြံစွာကျင့်ခြင်း(၃)ပါး

၁။ အကုသိုလ်တရားကို မပြုလုပ်ဘဲ ခြိုးခြံစွာကျင့်ခြင်း
၂။ ကိလေသာ ကာမဂုဏ်ကို အလိုမလိုက်ဘဲ ခြိုးခြံစွာကျင့်ခြင်း
၃။ အဝတ်အစား အပျော်အပါးနောက်မလိုက်ဘဲ ခြိုးခြံစွာကျင့်ခြင်း

## ၃၂။ ဗြဟ္မစရိယဉ္စ ခင်္လာ ထိမှတ်စရာများ

ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြံဂရိယာ။

မမြတ်သော မေထုန်မှိဝဲမှု စသည်တို့ကို ရှောင်ကြဉ်၍ သတ္တဝါအများ ချမ်းသာပါစေဟူသော - မေတ္တာ၊ ဆင်းရဲမှ လွတ်ပါစေဟူသော - ကရုဏာ၊ ချမ်းသာသော သတ္တဝါ ချမ်းသာတိုင်းတည်ပါစေဟူသော - မုဒိတာ၊ ကံပြုပြင်ရာ သတ္တဝါ ခံရာဖြစ်ပေသည်ဟူသော - ဥပေက္ခာဖြစ်အောင် မြတ်သောတရားတို့ကို ကျင့်ခြင်းသည် ဗြဟ္မစရိယ မည်ပါသည်။

## ဗြတ္တစရိယာ(၁၀)ပါး

၁။ ဒါန
၂။ ဝေယျာဝစ္စ
၃။ ပဋ္ဌသီလ
၄။ အပစ္စမညာ
၅။ ဝိရိယာ
၆။ မိမိမယားဖြင့် ရောင့်ရဲခြင်း
၇။ ဥပုသ်အင်္ဂါ
၈။ အရိယာမဂ်
၉။ သာသနာ
၁၀။ ဓမေထုန်မှကြဉ်ခြင်း

အင်္ဂုတ္တိုရ်အဋ္ဌကထာ

၁၁။ တရားဟောခြင်း
၁၂။ မြွတ်သောအလို
ဤနှစ်ပါးထည့်က (၁၂)ပါးရသည်။

မဟာသီဟနာဒသုတ်အဋ္ဌကထာ

## ဓမေထုန်ဝယ်(၇)ပါး

၁။ မိန်းမက နံ့သာဖြင့်လိမ်းကျံပေးခြင်းနှင့် ဆုပ်နယ်ခြင်း၊ ရေချိုး ပေးခြင်းကို သာယာခြင်း
၂။ မိန်းမနှင့်တကွ ပြင်းစွာ ရယ်ခြင်း၊ ကစားခြင်းကို သာယာခြင်း
၃။ မိန်းမ၏ အဆင်းသဏ္ဌာန်ကို တစိမ့်စိမ့်ကြည့်ပြီး သာယာခြင်း

၄။ နံရံတစ်ဖက်မှနေ၍ မိန်းမ၏ရယ်သံ၊ စကားပြောသံ၊ သီချင်းဆိုသံကို သာယာခြင်း
၅။ ရှေးကမိန်းမနှင့် စကားပြောခြင်း၊ ရယ်ရွှင်ခြင်း၊ ကစားခြင်းကို အောက်မေ့သာယာခြင်း
၆။ သူတစ်ပါး ကာမဂုဏ်ငါးပါး၌ ခံစားသည်ကို မြင်သဖြင့် သာယာခြင်း
၇။ လူ့ပြည် နတ်ပြည်တောင့်တ၍ အလှူပေးခြင်း

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

## အထူးထိရှည်အနာထပ်းကြောင်း(၅)ပါး

၁။ သင့်တင့်သော အမှုကိုပြုခြင်း
၂။ သင့်တင့်သောအစာကို စားခြင်း
၃။ အစားအစာစားခြင်း၌ အတိုင်းအရှည်ကို သိခြင်း
၄။ ဥတုရာသီအခါအလျောက် ကျင့်ခြင်း
၅။ မြတ်သောအကျင့်ကို ကျင့်ခြင်း

## ၄၄။ အရိယသစ္စ ဒေသနာ ဓမ္မတော သိမှတ်စရာများ

အရိယသစ္စ၊ ဒေသနာ၊ သိကြလေးမျိုးဖြာ

ဘုရားသည် အရိယာမည်၏။ အရိယာဖြစ်သော ဘုရားသည် သိအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဟောအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း-

၁။ ဒုက္ခသစ္စာ-လောက၌ ခံစားမှုဟူသမျှသည် ဆင်းရဲဒုက္ခအမှတ်ကြောင်း

၂။ သမုဒယသစ္စ - လိုချင်တပ်မက် တွယ်တာမှုဟူသမျှသည် ထိုအမှုနှင့်ဆိုင်သော အကျိုးတည်းဟူသော ခံစားခြင်း၊ ခံစားခြင်းသည် ဒုက္ခကို ဖြစ်စေသည့် အကြောင်းအရင်းဖြစ်သည်။

၃။ နိရောဓသစ္စာ - လောကဝ၌ ခံစားခြင်း၊ ခံစားခြင်းတည်းဟူသော ဆင်းရဲအပေါင်းတို့၏ ချုပ်ငြိမ်းခြင်းတည်းဟူသော နိဗ္ဗာန်ချမ်းသာသည် အမှန်ရှိကြောင်း

၄။ မဂ္ဂသစ္စ - လိုချင်တပ်မက် တွယ်တာခြင်းကို ပယ်ဖြတ်ခြင်းတည်းဟူသော သီလ၊ သမာဓိ၊ ပညာသည် နိဗ္ဗာန်ချမ်းသာကိုရကြောင်း အမှန်တရားဖြစ်ကြောင်း

ဤလေးပါးသော အမှန်တရားကို ထင်ထင်ရှားရှား သိမြင်ခြင်းသည် အရိယာသစ္စာဒေသနာ မည်ပါသည်။

## ၃၄။ နိဗ္ဗာနသစ္ဆိကိရိယာစ မင်္ဂလာ သိမှတ်စရာများ

သစ္ဆိကိရိယစနိဗ္ဗာန၊ ရှုအပ်ကြသည်သာ။

အို၊ နာ၊ သေရေး ဒုက္ခဘေးနှင့် ရစ်ထွေးလုံးကြွ၊ တဏှာတည်းဟူသော ဝါနကင်းစင်အောင် ခေမာသို့ လင်းလင်းထင်ထင် တွေ့မြင်သမျှ မျက်မှောက်ပြုခြင်းသည် နိဗ္ဗာနသစ္ဆိကိရိယာ မည်ပါသည်။

### နိဗ္ဗာန်(၂)မျိုး

၁။ သဉပါဒိသေသနိဗ္ဗာန် - ခန္ဓာငါးပါး အကြွင်းရှိ၍ ကိလေသာငြိမ်းသောနိဗ္ဗာန်

၂။ အနုပါဒိသေသနိဗ္ဗာန် - ခန္ဓာငါးပါး ချုပ်ငြိမ်းပြီး ကိလေသာ ငြိမ်းသောနိဗ္ဗာန်

## ၃၅။ ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ မင်္ဂလာ သိမှတ်စရာများ

လောကဓံရှစ်ပါး၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ၊

ကျောက်အတိပြီးသော တောင်ကြီးသည် လေကြောင့် မတုန်လှုပ်သကဲ့သို့ ထို့အတူ ပညာရှိသူခမိန်တို့သည် ကဲ့ရဲခြင်း၊ ချီးမွမ်းခြင်းစသော လောကဓံတရား(၈)ပါးနှင့် တွေ့ကြုံသောအခါ မတုန်လှုပ်ကြခြင်းသည် ဖုဋ္ဌဿမင်္ဂလာ မည်ပါသည်။

### လောကဓံ(၈)ပါး

၁။ လာဘ - လာဘ်ရခြင်း
၂။ အလာဘ - လာဘ်မရခြင်း
၃။ ယသ - အခြံအရံများခြင်း
၄။ အယသ - အခြံအရံမရှိခြင်း
၅။ နိန္ဒာ - ကဲ့ရဲ့ခြင်း
၆။ ပသံသ - ချီးမွမ်းခြင်း
၇။ သုခ - ချမ်းသာခြင်း
၈။ ဒုက္ခ - ဆင်းရဲခြင်း

## ၃၆။ အသောကံ မင်္ဂလာ သိမှတ်စရာများ

စိုးရိမ်သောက၊ စိတ်မခ၊ ကင်းထလွတ်သည်သာ။

ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သည် သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ချိုးဖျက်ပြီးသော သောက၊ ဒေါမနဿရှိသည်အဖြစ်ကြောင့် အသောကမင်္ဂလာ မည်ပါသည်။

## သောတဖြစ်ရာဗျသန(၅)ပါး

၁။ ဉာတိဗျသန
၂။ နိန္ဒာ-ကဲ့ရဲ့ခြင်း
၃။ ရောဂဗျသန
၄။ သီလဗျသန
၅။ ဒိဋ္ဌိဗျသန

## ၃၇။ ဝိရဇံ ခေမံလာ သိမှတ်စရာများ

ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။

ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်၌ ရမ္မက်တဏှာ ကိလေသာတို့သည် ကင်းကွာလေကုန်ပြီးဖြစ်ရကား ပဋိသမ္ဘိဒါအဘိညာဉ် သမာပါတ်တို့ကို ဆတ်ဆတ်မှခရသည်၏ အဖြစ်ကြောင့် ဝိရဇံမင်္ဂလာ မည်ပါသည်။

## ကိလေသာ(၁၀)ပါး

၁။ လောဘ
၂။ ဒေါသ
၃။ မောဟ
၄။ မာန
၅။ ဒိဋ္ဌိ
၆။ ဝိစိကိစ္ဆာ
၇။ ထိန
၈။ ဥဒ္ဓစ္စ
၉။ အဟိရိက
၁၀။ အနောတ္တပ္ပ

## ၁၅၀၀-ကိလေသာ

နာမ်တရား ၅၃
နိပ္ဖန္နရုပ် ၁၈
လက္ခဏာရုပ် ၄
၇၅ ပါးဖြစ်၏။

ဂုဏ်းကို အဇ္ဈတ္တ+ဗဟိဒ္ဓသန္တာန် (၂)နှင့် မြှောက်သော် (၁၅၀)ရ၏။

ယင်းကို ကိလေသာ (၁၀)ပါးနှင့် မြှောက်သော် (၁၅၀ × ၁၀ = ၁၅၀၀)ရ၏။

**၃၈။ ခေခံ ခဝ်ဏာ သိမှတ်စရာများ**

အတ္တပရ၊ နဝါဒ၊ ဘာယ ပျောက်ရှင်းကွာ၊

ရဟန္တာပုဂ္ဂိုလ်အား ယောဂလေးပါးတည်းဟူသော အန္တရာယ်တို့မှ ကင်းလွတ်သည်ဖြစ်၍ ဘေးရန် မရှိသောကြောင့် ခေမည်ပါသည်။

**ထေး(၂)ပါး**

၁။ အတ္တာနုဝါဒဘေး - မိမိကိုယ်ကို မိမိစွပ်စွဲခြင်း
၂။ ပရာနုဝါဒဘေး - မိမိကိုယ်ကို သူတစ်ပါးတို့ စွပ်စွဲခြင်း

**ယောဂ(၄)ပါး**

၁။ ကာမယောဂ - မျက်စိ၊ နားစသော ခန္ဓာငါးပါးဖြင့် ခံစား၊ စံစားတပ်မက်ခြင်း
၂။ ဘဝယောဂ - ငါပဲ၊ သူပဲ များသောအယူအစွဲရှိခြင်း
၃။ ဒိဋ္ဌိယောဂ - ၆၂ ပါးသော မှောက်မှားသော ဒိဋ္ဌိအယူ
၄။ အဝိဇ္ဇာယောဂ - သစ္စာလေးပါးကို မသိခြင်း·

အခန်း (၄)

# သိင်္ဂါလောသုတ်လာ
# လူမှုကျင့်ရာအဖြာဖြာ

## လေးဖြတ်ပြုအစ်ခြောက်ရပ်ချိတ်နှာ

အရှေ့မိဘ၊ တောင်မှာဆရာ၊ နောက်မှာမယား၊ မြောက်ကား မိတ်ဆွေ၊ အောက်ခြေကျွန်မှတ်၊ ထက်ရပ်သံဃာ၊ မှတ်သားပါ၊ ခြောက်ဖြာတံခါးပေါက်။

### [illegible]ကျင့်ဝတ်(၅)ပါး

၁။ အတတ်လ[illegible]သင်　　　၂။ ပဲ့ပြင်ဆုံးမ

၃။ သိပ္ပမချန်　　　၄။ [illegible]ဘားရန်ဆီးတား

၅။ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ။

## တဝဋ္ဋီချောင့်ဝတ်(၅)ပါး

၁။ ညီညာထက်ကြွ ၂။ ဆုံးမနာယူ
၃။ လာမူကြိုဆီး ၄။ ထံနီးလုပ်ကျွေး
၅။ သင်ထွေးအံရွတ် - တပည့်ဝတ် မချွတ်ငါးခုသာ။

## မိဘချောင့်ဝတ်(၅)ပါး

၁။ မကောင်းမြစ်တာ ၂။ ကောင်းရာညွှန်းလတ်
၃။ အတတ်သင်စေ ၄။ ပေးဝေနီးရင်း
၅။ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ။

## သားသမီးချောင့်ဝတ်(၅)ပါး

၁။ ကျွေးမွေးမပျက် ၂။ ဆောင်ရွက်စီမံ
၃။ မွေခံထိုက်စေ ၄။ လှူမျှဝေ၍
၅။ စောင့်လေမျိုးနွယ် ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ။

## လင်ချောင့်ဝတ်(၅)ပါး

၁။ မထေမဲ့ကင်း ၂။ အပ်နှင်းဥစ္စာ
၃။ မိစ္ဆာမမှား ၄။ ဝတ်စားဆင်ယင်
၅။ မြတ်နိုးကျင် ငါးအင်လင်ကျင့်ရာ။

## မယားချောင့်ဝတ်(၅)ပါး

၁။ အိမ်တွင်းမှုလုပ် ၂။ သိမ်းထုပ်သေချာ
၃။ မိစ္ဆာကြဉ်ရှောင် ၄။ လျှော်အောင်ဖြန့်ချိ
၅။ ပျင်းရိမမှု ဝတ်ငါးဆူ အိမ်သူကျင့်အပ်စွာ။

## အလုပ်ရှင်ကျင့်ဝတ်(၅)ပါး

၁။ ဝဖွာကျွေးမွေး ၂။ ပြုရေးစီရင်
၃။ နာလျှင်ကုစေ ၄။ ငွေဝေရသာ
၅။ အခါကိုလွှတ် အရင့်ဝတ် မချွတ်ငါးခုသာ။

## အလုပ်သမားကျင့်ဝတ်(၅)ပါး

၁။ အိပ်သော်နောက်ကျ ၂။ ထသော်ကားရှေ့
၃။ ပေးမှယူအပ် ၄။ စေ့စပ်ဆောင်ရွက်
၅။ ကျေးဇူးမြွက် ငါးချက်ကျွန်ကျင့်ရာ။

## မိတ်ဆွေကျင့်ဝတ်(၅)ပါး

၁။ ပေးကမ်းချီးမြှင့် ၂။ ကိုယ်နှင့်ယှဉ်ထား
၃။ စီးပွားဆောင်ရွက် ၄။ နှုတ်မြွက်ချိုသာ
၅။ သစ္စာမှတ်စေ ဝတ်ငါးထွေ ကျင့်လေမိတ်သဟာ။

## ဒါယကာကျင့်ဝတ်(၅)ပါး

၁။ မေတ္တာစိတ်သက် ၂။ ဆောင်ရွက်ချစ်ခင်
၃။ ခင်မင်နှုတ်ချို ၄။ လိုလျှင်ဖိတ်ထား
၅။ ဝတ်အားလှူစေ ဝတ်ငါးထွေ ပြုလေဒါယကာ။

## ရဟန်းကျင့်ဝတ်(၆)ပါး

၁။ မကောင်းမြစ်တာ ၂။ ကောင်းရာညွှန်လစ်
၃။ အသစ်ဟောကြား ၄။ နာဖူးထပ်မံ
၅။ နတ်ထံတင်ရာ ၆။ မေတ္တာလည်းပြု
ရဟန်းမှု ခြောက်ခုလွန်သချာ။

## ဥစ္စာပျက်ကြောင်း(၆)ပါး

၁။ သေစာသောက်စား ၂။ လမ်းသွားခါမဲ့
၃။ ရှင့်သဘင် ၄။ ပျော်ရွှင်အန်လောင်း
၅။ မကောင်းမိတ်ဖျင်း ၆။ ပျင်းရိခြင်းကား
ယှိပွင်းဥစ္စာ ပျက်ကြောင်းတည်း။

## အရက်သောက်ခြင်းအပြစ်(၆)ပါး

၁။ ဥစ္စာဆုတ်ယုတ် ၂။ ငြင်းခုံများစွာ
၃။ ရောဂါထူပြော ၄။ ကျော်စောမဲ့ထုံ
၅။ မလုံအင်္ဂါ ၆။ ပညာနည်းရှား
ဤခြောက် ပါး သောက်စားသေစာအပြစ်တည်း။

## အချိန်မဲ့သွားလာခြင်းအပြစ်(၆)ပါး

၁-၂ ကိုယ့်သားမယား
၃။ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း
၄။ မကောင်းအရာ ရွံ့ရှာလေအပ်
၅။ သို့စွပ်ရောက်မှု
၆။ ဆင်းရဲစုံဟု ခြောက်ခုခါမဲ့ သွားလာမြစ်တည်း။

## ပွဲသဘင်သွားခြင်းအပြစ်(၆)ပါး

၁။ ကခြင်းတစ်လီ ၂။ သီခြင်းတစ်သီ
၃။ မှုတ်တီးတစ်ပင်း ၄။ ပြိန်ဖျင်းတစ်အုပ်
၅။ လက်ခုပ်တစ်တည် ၆။ အိုးစည်တစ်ဖြာ
ရှိရာရှာဟု ဥစ္စာပျက်မှု ဤခြောက်ခုကား ကြည့်ရှုသဘင်
အပြစ်တည်း။

(ကပွဲ၊ သီချင်းဆိုပွဲ၊ တီးမှုတ်ပွဲ၊ အကျိုးမရှိသောစကားဝိုင်း၊ လက်ခုပ်တီးပွဲ၊ အိုးစည်ဝိုင်း သွားပါများလျှင် ကုသိုလ်ရေး၊ စီးပွားရေး လစ်ဟင်းတတ်သည်။)

## လောင်းကစားခြင်းအပြစ်(၆)ပါး

၁။ နိုင်သူရန်ပွား ၂။ ရှုံးသားစိုးရိမ်
၃။ စည်းစိမ်လျော့ပါး ၄။ တရားသဘင်မဝင်သက်သေ
၅။ မိတ်ဆွေနှိမ်ဆို ၆။ မလိုထိမ်းမြား
ဤခြောက်ပါး လောင်းကစားအပြစ်တည်း။

## ပျင်းရိခြင်းအပြစ်(၆)ပါး

၁။ အချမ်းပြည့်ဝန် ၂။ အလွန်ပူနိုး
၃။ မိုးချုပ်လှမော ၄။ စောလွန်းလှယောင်
၅။ ဆာလောင်ပြင်းလှ ၆။ ဝမ်းဝလွန်းထွေ
နေကာဥစ္စာ မပွားရာသည်၊ ခြောက်ဖြာပျင်းသူ အပြစ် တည်း။

## မပေါင်းအပ်သော အပေါင်းအသင်း(၆)ယောက်

၁။ ကြွေအန်ကြူးက ၂။ မိန်းမကြူးထွေ
၃။ သေစာကြူးမှု ၄။ အတုပြုဖြားလှည့်စား တစ်ယောက်
၅။ မျက်မှောက်လည့်ချက် ၆။ နိုင်ထက်လုယူ
ဤသူခြောက်ပါး မိတ်ဖြစ်လားကြောင့် ပျက်ပြားမိတ်ဆွေ ပြစ်တည်း။

## အဂတိတရား(၄)ပါး

၁။ ဆန္ဒဂတိ - ချစ်သောကြောင့် မျက်နှာလိုက်ပြီး မတရားပြုခြင်း
၂။ ဒေါသဂတိ - မုန်းသောကြောင့် မတရားပြုခြင်း
၃။ မောဟဂတိ - မသိသောကြောင့် မတရားပြုခြင်း
၄။ ဘယာဂတိ - ကြောက်သောကြောင့် မတရားပြုခြင်း
(ဤလေးပါးလိုက်စားလျှင် လဆုတ်တွင် လဆုတ်သလို ဆုတ်မည်၊ ရှောင်ရှားလျှင် လဆန်းလို တစ်နေ့တခြား ထွန်းလင်းတောက်ပမည်။)

## မဝေါင်းအစ်သော မိတ်ဆွေတု(၄)ယောက်

၁။ အယူသာရှိပြီး အပေးမရှိသောမိတ်ဆွေ
၂။ နှုတ်သာပါပြီး လက်မပါသောမိတ်ဆွေ
၃။ ရှေ့တွင်သာ အကောင်းပြောသော မိတ်ဆွေတု
၄။ ယုတ်မာမှုအဖော်ညှိသော မိတ်ဆွေတု

## အယူသာရှိ-အပေးမရှိသော မိတ်ဆွေတုအင်္ဂါ(၄)ပါး

၁။ အယူသာရှိပြီး အပေးမရှိခြင်း
၂။ နည်းနည်းပေးပြီး များများရယူလိုခြင်း
၃။ ဘေးရန်ရှိမှ လုပ်ကိုင်ပေးခြင်း
၄။ ကိုယ်ကျိုးငဲ့ပြီး ပေါင်းခြင်း

## နှုတ်သာချို လက်မပါသော မိတ်ဆွေတုအင်္ဂါ(၄)ပါး

၁။ လွန်ပြီးသားကို ပြော၍ လောကွတ်ပြုခြင်း
၂။ အနာဂတ်ကို ပြောပြီး လောကွတ်ပြုခြင်း
၃။ ပစ္စည်းမပါ ဗလာချည်းနှီးဖြင့် လောကွတ်ပြုခြင်း
၄။ လောလောဆယ် ပျက်စီးမှုကို အကြောင်းပြုခြင်း

## ဖျော့တွင်သာအတောင်းပြောတတ်သောမိတ်ဆွေတုအင်္ဂါ(၄)ပါး

၁။ မကောင်းရာကိုခွင့်ပြုခြင်း
၂။ ကောင်းရာကိုလည်း ခွင့်ပြုခြင်း
၃။ မျက်မှောက်တွင်သာချီးမွမ်းခြင်း
၄။ နောက်တွင် ကဲ့ရဲ့ခြင်း

## လူတ်မာမှုတွင် အဖော်ညှိသော မိတ်ဆွေတုအင်္ဂါ(၄)ပါး

၁။ အရက်သောက်ရာ၌ အဖော်လုပ်ခြင်း
၂။ အခါမဲ့ သွားလာရာ၌ အဖော်လုပ်ခြင်း
၃။ ပွဲသဘင်သွားရာ၌ အဖော်လုပ်ခြင်း
၄။ လောင်းကစားရာ၌ အဖော်လုပ်ခြင်း

## မိတ်ကောင်းမိတ်ဆွေစစ်(၄)ယောက်

၁။ မိမိအားကျေးဇူးပြုသော မိတ်ဆွေစစ်
၂။ ချမ်းသာတူ ဆင်းရဲတူ မိတ်ဆွေစစ်
၃။ အကျိုးစီးပွား ပြောကြားတတ်သော ဆရာနှင့်တူသော မိတ်ဆွေစစ်
၄။ ညှာညှာတာတာနှင့် စောင့်ရှောက်တတ်သော မိတ်ဆွေစစ်

## မိမိအားကျေးဇူးပြုသော မိတ်ဆွေစစ်အင်္ဂါ(၄)ပါး

၁။ မေ့လျော့သောမိတ်ဆွေကို စောင့်ရှောက်ခြင်း
၂။ မေ့လျော့သောမိတ်ဆွေ၏ ဥစ္စာကို စောင့်ရှောက်ခြင်း
၃။ ဘေးအန္တရာယ်ကြုံက အားကိုးရခြင်း
၄။ အရေးကြုံက နှစ်ဆပေး၍ ကူညီခြင်း

## ချမ်းသာတူ ဆင်းရဲတူ မိတ်ဆွေစစ်အင်္ဂါ(၄)ပါး

၁။ မိတ်ဆွေအား လျှို့ဝှက်စကားပြောကြားခြင်း
၂။ မိတ်ဆွေ၏လျှို့ဝှက်ချက်ကို လျှို့ဝှက်ထားခြင်း
၃။ မိတ်ဆွေဘေးအန္တရာယ်ကြုံတွေ့က စွန့်ခွာမသွားခြင်း
၄။ မိတ်ဆွေအကျိုးငှာ အသက်ကိုစွန့်ခြင်း

## ဆရာနှင့်တူသောမိတ်ဆွေအင်္ဂါ(၄)ပါး

၁။ မကောင်းရာကို တားမြစ်ခြင်း
၂။ ကောင်းရာကို သက်ဝင်စေခြင်း
၃။ မကြားဖူးသေးသော ကုသိုလ်တရားကို ပြောကြားခြင်း
၄။ နတ်ရွာနိဗ္ဗာန်ခရီးကို ညွှန်ပြတတ်ခြင်း

## ညှာညှာတာတာစောင့်ရှောက်တတ်သူ မိတ်ဆွေစစ်အင်္ဂါ(၄)ပါး

၁။ မိတ်ဆွေဖြစ်သူ ဆုတ်ယုတ်ပျက်စီးမည်ကို မလိုလားခြင်း
၂။ မိတ်ဆွေတိုးတက်ကြီးပွားမည်ကို လိုလားခြင်း
၃။ မိတ်ဆွေကျေးဇူးမဲ့ကိုပြောလျှင် တားမြစ်ခြင်း
၄။ မိတ်ဆွေကျေးဇူးကိုပြောလာလျှင် ချီးမွမ်းခြင်း

## အကြီးအထဲ(နာယက)ချစ်ဝတ်(၆)ပါး

၁။ ဥဋ္ဌာနဂုဏ် - ထကြွလုံ့လရှိခြင်း
၂။ အာဂရိယဂုဏ် - နိုးကြားခြင်း
၃။ အာသာဂုဏ် - သနားခြင်း
၄။ ခမာဂုဏ် - သည်းခံခြင်း
၅။ သံဝိဘာဂဂုဏ် - ဝေဖန်ခွဲခြားတတ်ခြင်း
၆။ ဣက္ခဏာဂုဏ် - အမြော်အမြင်ကြီးခြင်း

## အကြီးအကဲမတင်ထိုက်သူ(အနာယက)(၆)ဦး

၁။ ဂဏန်းကဲ့သို့ အမြဲပေက်မထောင်လေ့ရှိသူ
၂။ ပုတ်သင်ကဲ့သို့ သူတစ်ပါးလုပ်သမျှ ခေါင်းညိတ်တတ်သူ
၃။ လေလာရာယိမ်းပါးတတ်သော ကိုင်းပင်ကဲ့သို့ ဟိုဘက်ဒီဘက် ယိမ်းတတ်သူ
၄။ နွားသိုးကဲ့သို့ ရှူးရှူးဒိုင်းဒိုင်းပြု၍ စိတ်တိုတတ်သူ
၅။ လိပ်ကဲ့သို့ ကိုယ့်ဘက်ပါက်တတ်သူ
၆။ ခွေးအ ကဲ့သို့ စားပိုးနှစ်အောင်စားပြီး ဇိမ်ခံတတ်သူ။

## အထင်းအဖွဲ့ချုပ်စီးကြောင်းတရား(၆)ပါး

၁။ အမျက်ထွက်လွယ်ခြင်း
၂။ ရန်ညှိုးဖွဲ့ခြင်း
၃။ ကျေးဇူးမဲ့ကိုသာဆိုခြင်း
၄။ ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း
၅။ ငြူစူခြင်း
၆။ ဝန်တိုခြင်း

## ဖြေသာနာဖြေရှင်းနည်း(၅)မျိုး

၁။ ဂါထာမန္တာန်ဖြင့်ဖြေရှင်းနည်း
၂။ ပညာရှိနှင့်တိုင်ပင်၍ဖြေရှင်းနည်း
၃။ ချစ်ဖွယ်သောစကားဆို၍ဖြေရှင်းနည်း
၄။ လက်ဆောင်ပေး၍ဖြေရှင်းနည်း
၅။ ဆွေးမျိုးစပ်၍ဖြေရှင်းနည်း

ဇနက္ကဇာတ်တော်

## စတြိထွား(လမ်းလျှောက်)ခြင်းအကျိုး(၅)ပါး

၁။ ခရီးသွားနိုင်
၂။ ကြံ့ခိုင်အားအင်
၃။ ကင်းစင်ရောဂါ
၄။ အစာကျေလျက်
၅။ မပျက်သမာဓိငါးပါးရှိသွားသည့် စင်္ကြံအကျိုးတည်း။

## လောကပါလတရား(၂)ပါး

၁။ ဟိရီ - အရှက်တရား
၂။ ဩတ္တပ္ပ - အကြောက်တရား

(ဤတရားနှစ်ပါးရှိက - ကိုယ်၊ နှုတ်၊ စိတ်ယဉ်ကျေးလိမ္မာသည်၊ ဤတရားနှစ်ပါးပျက်ပြားသော် ကိုယ်၊ နှုတ်၊ စိတ် ရိုင်းပျသည်။)

လောကကြီးမပျက်စီးအောင် စောင့်ရှောက်တတ်သောကြောင့် လောကပါလ - ကမ္ဘာစောင့်တရား(၂)ပါးဟု ခေါ်သည်။

၁။ ဝက်သည် မစင်ကိုရှံ့သကဲ့သို့ အရက်တရားမရှိသူသည် ဒုစရိုက်အမှုကို ပြုရန်ဝန်မလေး။
၂။ ပိုးဖလံသည် မီးပုံတိုးရန် မကြောက်သကဲ့သို့ အကြောက်မရှိသူသည် ဒုစရိုက်မှုကိုပြုရန် ဝန်မလေး။

## ဗြဟ္မစိုရ်တရား(၄)ပါး

၁။ မေတ္တာ - ချစ်ခင်ခြင်း
၂။ ကရုဏာ - သနားခြင်း
၃။ မုဒိတာ - ဝမ်းမြောက်ခြင်း
၄။ ဥပေက္ခာ - လျစ်လျူရှုခြင်း

(ကမ္ဘာကြီး ငြိမ်းချမ်းသာယာအောင် ဤတရားလေးပါးက စွမ်းဆောင်နိုင်သည်။)

## လူ့စွန့ရ(လူ့ကျင့်ဝတ်ထောင်း)တရား (၄)ပါး

၁။ ရှေးလူတော်ကောင်းတို့ သွားရာလမ်းကို လိုက်ခြင်း
၂။ စိုသောလက်ကို အခြောက်မခံခြင်း(ရှိပြီးမိတ် အပျက်မခံခြင်း)
၃။ မိတ်ဆွေကို မပြစ်မှားခြင်း
၄။ မိန်းမ မလိုက်စားခြင်း

ဝိဓုရအမတ်ကြီးစကား

## လူများ အဆင့်အတန်းကွာခြားရခြင်းအကြောင်းများ

၁။ သူ့အသက်သတ်သောကြောင့် အသက်ကို -မသတ်၍ အသက်ရှည်။

၂။ သူတစ်ပါးညှဉ်းဆဲသောကြောင့် ရောဂါများ၊ မညှဉ်းဆဲ၍- ရောဂါနည်း။

၃။ ဒေါသကြီးသောကြောင့် အဆင်းမလှ၊ မေတ္တာပွား၍- အဆင်းလှ။

၄။ ငြူစူသောကြောင့် တန်ခိုးသြဇာခြွေရံနည်း၊ ငြူစူကင်း၍ - တန်ခိုးသြဇာကြီး၊ အခြွေအရံများ။

၅။ ဒါနနည်းသောကြောင့် ဆင်းရဲ၊ ဒါနများ၍- ချမ်းသာ။

၆။ မာနရှိ(ဂါရဝနိဝါတကင်း၍)အမျိုးယုတ်ညံ့၊ မာနကင်း ဂါရဝရှိ၍ အမျိုးမြတ်။

၇။ ပညာရှိကိုမမေးသောကြောင့် ပညာမဲ့၊ ပညာရှိမေး၍ ပညာဉာဏ်ကြီးမား

ဥပရိပဏ္ဏာသ၊ စူဠကမ္မဝိဘင်္ဂသုတ်

## သတ္တဝါတို့ အားထိုးရာ

၁။ ကမ္မဿကာ - ကံသာလျှင်ဥစ္စာ

၂။ ကမ္မဒါယာဒါ - ကံသာလျှင်အမွေ

၃။ ကမ္မယောနိ - ကံသာလျှင် အဆိုး-အကောင်း အမောင်းမှန်

၄။ ကမ္မဗန္ဓူ - ကံသာလျှင်ဆွေမျိုးရှိ

၅။ ကမ္မပဋိသရဏာ- ကောင်းဆိုး၊ ကံသာလျှင်ကိုးကွယ်ရာ

၆။ ကမ္မံသတ္တေ ဝိဘဇတိ - ကံသာလျှင်အယုတ်-အမြတ်ခွဲခြား အကျိုးပေးသည်။

## စကား(၆)ခွန်း

၁။ ဟုတ်လည်းမဟုတ်၊ သူလည်းမနာလို၊ အကျိုးလည်းမရှိ။
၂။ ဟုတ်ကားဟုတ်၏၊ သူကားမနာလို၊ အကျိုးလည်းမရှိ။
၃။ ဟုတ်လည်းမဟုတ်၊ အကျိုးမရှိ၊ သူကားနာလို၏။
၄။ ဟုတ်၏၊ သူလည်းနာလို၊ အကျိုးမရှိ။
၅။ ဟုတ်၏၊ အကျိုးရှိ၏၊ သူကားမနာလို။
၆။ ဟုတ်၏၊ အကျိုးရှိ၏၊ သူလည်းနာလို၏။

စကားပြောဆိုရာ၌ (၅) (၆)သာ ပြောဆိုရာ၏။

## စကားကြီး(၁၀)ခွန်း

၁။ ရေကူးညာတင် - ကျွမ်းသိုးသင်
၂။ ကောက်ပင်ရိတ်လှီး - ဥချိုင်းနည်း
၃။ ရေစီဖောင်ဆန် - အမတ်ညာက်
၄။ အိုးတန်ဆန်ခတ် - သုဝဏ္ဏလျှံဖာတ်
၅။ ဆီပွတ်ကျည်ပွေ့ - ပိန္နဲတော့
၆။ ဆင်ငေ့ရှန်ရှောင် - ရွှေကျောင်းတောင်
၇။ တောင်သူယာခုတ် - မပေါ်သုတ်
၈။ ကြွက်ဆုပ်ခွပ်ပစ် - အမနစ်
၉။ မြေစက်ကရား - ယုံတမ်းစကား
၁၀။ ခက်တင်းမောင်းနှင်း - ရဟန်းမင်း။

(နောက်ဆက်တွဲ စကားမှာ ဝဏ္ဏအနက်ခွန်း ဖြစ်ပါသည်။)

## ဇနာဝိတ(၁၀)မျိုး

၁။ အချိန်ရှိခိုက် ငယ်စဉ်က ပညာမသင်ခဲ့မိလေခြင်း
၂။ ဥစ္စာမစုဆောင်းမိခဲ့လေခြင်း
၃။ သူတစ်ပါး၏အချစ်ကို ဖျက်ဆီးမိခဲ့လေခြင်း
၄။ သူတစ်ပါးအသက်ကို သတ်မိခဲ့လေခြင်း
၅။ သူတစ်ပါးသားမယားကို ပြစ်မှားမိခဲ့လေခြင်း
၆။ ဥစ္စာပစ္စည်းရှိလျက် မလှူခဲ့မိလေခြင်း
၇။ ဆုံးမစကားကိုနားမထောင်မိခဲ့လေခြင်း
၈။ မိဘကို မလုပ်ကျွေးမိခဲ့လေခြင်း
၉။ ပညာရှိထံနည်းခံ၍ မသင်ကြားမိခဲ့လေခြင်း
၁၀။ မြတ်သောအကျင့်ကို မကျင့်မိခဲ့လေခြင်း

## ချမ်းသာကိုပြီးပွားကြောင်းတရား(၄)ပါး

၁။ ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လနှင့်ပြည့်စုံခြင်း
၂။ အာရက္ခသမ္ပဒါ - စောင့်ရှောက်မှုနှင့်ပြည့်စုံခြင်း
၃။ ကလျာဏမိတ္တ သမ္ပဒါ - မိတ်ဆွေကောင်းရှိမှုနှင့်ပြည့်စုံခြင်း
၄။ သမဇီဝိတသမ္ပဒါ - မျှတစွာသုံးစွဲ အသက်မွေးမြူမှုရှိခြင်း

## ချမ်းသာကို စည်းစိမ်ပျက်ကြောင်းတရား(၄)ပါး

၁။ ဣတ္ထိဓုတ္တ - မိန်းမလိုက်စားခြင်း
၂။ သုရာဓုတ္တ - သေသောက်ကြူးခြင်း
၃။ အက္ခဓုတ္တ - လောင်းကစားခြင်း

၄။ ပါလမိတ္တ - မိတ်ဆွေယုတ်နှင့်ပေါင်းခြင်း
သဟာယ

## တမလွန်လောက ချမ်းသာကြောင်းတရား(၄)ပါး

၁။ သဒ္ဓါသမ္ပဒါ - ရတနာသုံးပါးအား ယုံကြည်မှုနှင့်ပြည့်စုံခြင်း
၂။ သီလသမ္ပဒါ - ကိုယ်ကျင့်သီလနှင့်ပြည့်စုံခြင်း
၃။ စာဂသမ္ပဒါ - စွန့်ကြဲမှုနှင့်ပြည့်စုံခြင်း
၄။ ပညာသမ္ပဒါ - ဆင်ခြင်တုံအသိတရားနှင့်ပြည့်စုံခြင်း

## အရှင်ဇနကာဘိဝံသ၏ သုမြတ်ဝှက်စဉ်(၁၀)ပါး

၁။ စိတ်ကောင်းရှိဖို့က ပထမ
၂။ စည်းကမ်းရှိဖို့က ဒုတိယ
၃။ ကျန်းမာဖို့က တတိယ
၄။ သန့်ရှင်းဖို့က စတုတ္ထ
၅။ စားသောက်တတ်ဖို့က ပဉ္စမ
၆။ ဝတ်စားတတ်ဖို့က ဆဋ္ဌမ
၇။ နေထိုင်တတ်ဖို့က သတ္တမ
၈။ သွားလာတတ်ဖို့က အဋ္ဌမ
၉။ စကားလိမ္မာတတ်ဖို့က နဝမ
၁၀။ စာတတ်ဖို့က ဒသမ

# အခန်း (၅)

# စီးပွားတိုးဖွယ် - ပညာကြွယ်ရန် ပယ်ဒါမြွတ်ဂါထာ

## ဗုဒ္ဓဝုဏ္ဏော မြွတ်ဝါထာများ

လူတိုင်းလူတိုင်းသည် သံသရာ ကျင်လည်နေသမျှ ကာလပတ်လုံး ဒုက္ခအမျိုးမျိုး အန္တရာယ်အသွယ်သွယ်တို့ဖြင့် လောကတွင်းဝယ် တွေ့ကြုံဆုံစည်းပြီး နေထိုင်သွားလာ လုပ်ကိုင်နေကြရမည်၊ ထိုသို့ နေရသည့်အတွက်ကို ဘေးအန္တရယ် ရန်အသွယ်သွယ်တို့မှ ကင်းစေရန်နှင့် လူ့ဘဝ ချမ်းသာသုခ ပြည့်စုံစေရန်တို့အတွက် နည်းမျိုးစုံဖြင့် ရှာဖွေကြိုးစားနေကြရသည်၊ ထိုအထဲတွင် အောင်မြင်သူများ ရှိသကဲ့သို့ မအောင်မြင်သူများလည်း ရှိပါသည်၊

လောကတွင် အောင်မြင်ရန် အကောင်းဆုံးနည်းလမ်းသည်ကား ဗုဒ္ဓတရားဒေသနာ ဂါထာမန္တာန်တော်များပင် ဖြစ်ပါသည်။

## ဗုဒ္ဓဝင်ဂါထာ ရွတ်ဆိုသူအတွက်(၆)ပါး

- အနက်သဒ္ဒါ ကောင်းစွာရှင်းလင်း သင်ယူထားခြင်း၊
- ပုဒ်ဗျည်းအက္ခရာ မှန်ကန်စွာ လေ့လာထားခြင်း၊
- မေတ္တာတရား ပွားများထားခြင်း၊
- အနန္တရိယကံ ကျူးလွန်မထားခြင်း၊
- ရတနာသုံးပါးကို ယုံကြည်ခြင်း။

## (ဃ) သမ္ဗုဒ္ဓေလာ ဂါထာ

ဘေးဥပါဒ်အန္တရာယ်ကင်း၍ ကြီးပွားတိုးတက်မှု အသွယ်သွယ်ကို ရရှိခံစားလိုသူတိုင်း ဤ"ဒိဝါတပတိ"အစရှိသော"သမ္ဗုဒ္ဓေလာ" ဂါထာတော်ကို အလေးအနက် ယုံကြည်၍ နေ့စဉ် အိပ်ရာဝင် အိပ်ရာထချိန်၌ ခံတွင်းသန့်သန့်ဖြင့် အနည်းဆုံး ကိုးခေါက် ရွတ်ဆိုပူဇော်ရန် ဖြစ်ပါသည်။

ချက်ထားပြီးသော ထမင်း၊ ဟင်းတို့သည် ဆာလောင်၍ လိုအပ်သောအခါ အလွယ်တကူ စားသုံးနိုင်သကဲ့သို့ မိမိပရိစယ(လေ့လာ ဆည်းပူး ရွတ်ဖတ်ပူဇော်)မှု ပြုထားသော ဤဂါထာကို ဈေးရောင်းသောအခါ၊ စာမေးပွဲဖြေသောအခါ စသော လိုအပ်သည့်အခါတိုင်း ရွတ်ဖတ်ပူဇော်လိုက်လျှင် အကျိုးတရားများကို အလွယ်တကူ ရယူခံစားနိုင်မည် ဖြစ်ပေသည်။ လိုအင်ရမှုက် လောဘမထွက်ဘဲ စိတ်ကောက်ကြည်လင်စွာဖြင့် ရွတ်ဆိုပူဇော်ရန် အထူးအရေးကြီးပါသည်။ (အနက်အဓိပ္ပါယ်သိပြီးက ပါဠိသက်သက်ကိုသာ ရွတ်ဆို နိုင်ပါသည်။

## ထဗ္ဗမင်္ဂလာ ဂါထာတော်

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

အာဒိစ္စော - ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ပဝင်း ရှင်နေမင်းသည်၊ ဒိဝါ - နေ့အခါ၌၊ တပတိ - လောကအလယ် ဂုဏ်မြင့်ကြွယ်၍ တင့်တယ်ပါပေ၏။

စန္ဒိမာ - စန်းငွေယုန်ခ သော်တာလသည်၊ ရတ္တိံ - ညဉ့်အခါ၌၊ အာဘာတိ - နစ်သက်စဖွယ် တင့်တယ်ပါပေ၏။

သန္နဒ္ဓေါ - ချပ်ဝတ်တန်ဆာ ကိုယ်မှာစုံလင် ဆင်ယင်ထားသော၊ ခတ္တိယော - လူတို့သနင်း ပြည့်ရှင်မင်းသည်၊ တပတိ - ကြီးမြင့်ခန့်ထည် တင့်တယ်ပါပေ၏။

ဈာယီ - ဘက်စုံကောင်းမြတ် သမာပတ်ကို မပြတ်ထင်ရှား ဝင်စားလျက်ရှိသော၊ ဗြာဟ္မဏော - ကိလေသာကို အပပြုပြီးသော အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်သည်၊ တပတိ - ရှာန်မင်္ဂနစ်သွယ် စွယ်စုံခြယ်၍ တင့်တယ်ပါပေ၏။

အထ - ထိုမှကြျး၍ ထူးသည်မှာကား၊ ဗုဒ္ဓေါ - သစ္စာလေးဆင့် နိုင်လုံးရင့်ကာ ပွင့်လာခေါင်ဖျား အောင်တော်မူ မြတ်စွာဘုရားသည်၊ သဗ္ဗံ - အလုံးစုံသော၊ အဟောရတ္တိံ - နေ့ညဉ့်ကာလပတ်လုံး၊ တေဇသာ - ကြီးကဲစွာလှ တန်ခိုးတော်အနန္တဖြင့်၊ တပတိ - အံ့ရှီးလောက်ဖွယ် လောကအလယ်၌ တင့်တယ်တော် မူပါပေသတည်း။

## (ခ) စိန္တာမဏိဂါထာ

ဤစိန္တာမဏိဂါထာကို ရွတ်ဖတ်ပူဇော်လေ့ရှိသူသည် သူတစ်ပါး၏ အကြံအစည်ကို ကြိုတင်သိရှိနိုင်သည်။ ဤဂါထာသည် ၅၅၀ နိပါတ်၊ ပဒကုသလဇာတ်တွင် ဘုရားအလောင်းတော် ပဒကုသလ လုလင်အား မယ်တော် ဘီလူးမက ပေးခဲ့သော ဂါထာဖြစ်သည်။

ထိုဇာတ်တော်ဝွင် "စိန္တာမဏိ ဂါထာ" ကို ရသည့်အချိန်မှစ၍ ပဒကုသလ လုလင်သည် ခြေရာကောက်အတတ်ပညာကို ကောင်းစွာတတ်မြောက်ကြောင်း၊ ဘုရင်၏ ဘဏ္ဍာထုပ်များကို ပြန်လည်ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဘုရင်မင်းမြတ်၏ နဝရတ် လက်စွပ်တော်ကို ကြွက်တွင်းမှ ပြန်လည်ထုတ်ယူပေးနိုင်ခဲ့ ကြောင်း၊ သန်လျက်ပျောက်ဆုံးမှုတို့ကို ပြန်လည်ဖော်ထုတ်ပေး နိုင်ခဲ့သဖြင့် ဘုရင့်စည်းစိမ်ခံစားခဲ့ရကြောင်း စသည်ဖြင့် စိန္တာမဏိ ဂါထာတော်၏ တန်ခိုးအစွမ်းသတ္တိများကို ဖွင့်ဆိုပြထားလေသည်။

### စိန္တာမဏိ ဂါထာတော်

၁။ စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ၊
ကာရံ ကရတိ၊ သရဏံ ခိပ္ပမေဝ သမိဇ္ဈတု။

၂။ စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မ ရတနာနံ၊
ကာရံ ကရတိ၊ သရဏံ ခိပ္ပမေဝ သမိဇ္ဈတု။

၃။ စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃ ဗုဒ္ဓရတနာနံ၊
ကာရံ ကရတိ၊ သရဏံ ခိပ္ပမေဝ သမိဇ္ဈတု။

၁။ စိန္တာမဏိ ရတနာနိ - ကြံဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ ဗုဒ္ဓံ - ဘုရားတည်း

ဟူသော ရတနာမြတ်ပေတည်း။ ဗုဒ္ဓရတနာနံ - ဘုရားတည်းဟူသော ရတနာတို့ကို၊ သရဏံ - ကိုးကွယ်ဆည်းကပ် လေးမြတ်ခြင်းကို၊ ကာရံ - ကရောန္တော - ပြုထိုက်သည်ဖြစ်၍၊ ကရတိ - ပြုသောသူ၌၊ ဣစ္ဆာ - ကြံစည်တောင့်တ လိုအင်ဆန္ဒသည်၊ ခိပ္ပမေဝ - ဆောလျင်စွာလျှင်၊ သမိဇ္ဈတု - ပြည့်စုံပါစေသတည်း။

၂။ စိန္တာမဏိ ရတနာနိ - ကြံဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ ဓမ္မံ - တရားတည်းဟူသော ရတနာမြတ်ပေတည်း။ ဓမ္မရတနာနံ - တရားတည်းဟူသော ရတနာတို့ကို၊ သရဏံ - ကိုးကွယ်ဆည်းကပ် လေးမြတ်ခြင်းကို၊ ကာရံကရောန္တော - ပြုထိုက်သည်ဖြစ်၍၊ ကရတိ - ပြုသောသူ၌၊ ဣစ္ဆာ - ကြံစည်တောင့်တ လိုအင်ဆန္ဒသည်၊ ခိပ္ပမေဝ - ဆောလျင်စွာလျှင်၊ သမိဇ္ဈတု - ပြည့်စုံပါစေသတည်း။

၃။ စိန္တာမဏိ ရတနာနိ - ကြံဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ သံဃံ - သံဃာတည်းဟူသော ရတနာမြတ်ပေတည်း။ သံဃ ရတနာနံ - သံဃာတည်းဟူသော ရတနာတို့ကို၊ သရဏံ - ကိုးကွယ်ဆည်းကပ် လေးမြတ်ခြင်းကို၊ ကာရံ - ကရောန္တော - ပြုထိုက်သည်ဖြစ်၍၊ ကရတိ - ပြုသောသူ၌၊ ဣစ္ဆာ - ကြံစည်တောင့်တ လိုအင်ဆန္ဒသည်၊ ခိပ္ပမေဝ - ဆောလျင်စွာလျှင်၊ သမိဇ္ဈတု - ပြည့်စုံပါစေသတည်း။

## (ဝ) အချုပ်အနှောင်လွတ်ဂါထာ

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ
သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

ဝိရ - ကြီးမြတ်သော လုံ့လရှိတော်မူသော၊ ဇုဒ္ဓ - ရှင်တော်ဘုရား၊ တေ - အရှင်ဘုရားအား၊ နမော - ရှိခိုးခြင်းသည်၊ အတ္ထု - ဖြစ်ပါစေသတည်း၊ (တွံ - အရှင်ဘုရားသည်) သဗ္ဗမိ - ကိလေသာစသော ဒုက္ခအနှောင်အဖွဲ့ အားလုံးတို့မှ၊ ဝိပ္ပမုတ္တောသိ - အပြီးတိုင် လွတ်မြောက်တော် မူပေ၏။ အဟံ - တပည့်တော်သည်၊ သမ္ဗာဓပဋိပန္နော - အကျဉ်းအကျပ်သို့ရောက်၍ နေရသည်။ အသ္မိ - ဖြစ်ပါ၏။ (တွံ - အရှင်ဘုရားသည်) တဿမေ - အကျဉ်းအကျပ်ရောက်နေသော တပည့်တော်၏၊ သရဏံ - ကိုးကွယ်မှီခိုရာသည်၊ ဘဝ - ဖြစ်တော်မူပါ။

## (ဿ) အန္တရာယ်ထင်းသမ္ဗုဒ္ဓေဂါထာ

၁။ သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတ သဟဿာနိ နမာမိသိရသာမဟံ

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ

၃။ နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော

## သမ္ဗုဒ္ဓေ(အန္တရာယ်ထင်းတစ်ကျော်)ဂါထာ

၁။ သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတ သဟဿာနိ နမာမိသိရသာမဟံ

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ

၃။ နမက္ကာရနဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော
အဌဝီသံ - နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေစ - ဘုရားရှင်တို့ကိုလည်းကောင်း၊ ဒွါဒသဥ္စသဟဿကေ - နိဗ္ဗာန်စံပြီးကုန်သော နှစ်သောင်းနှစ်ထောင်ကုန်သော သမ္ဗုဒ္ဓေစ - ဘုရားရှင်တို့ကိုလည်းကောင်း၊ ပဥ္စသတသဟဿာနိ ငါးသိန်းကုန်သော သမ္ဗုဒ္ဓေစ - ဘုရားရှင်တို့ကိုလည်းကောင်း၊ အပ္ပကာ ဝါဠုကာ ဂင်္ဂါ - ဂင်္ဂါဝါဠု သဲစုမက များပြားကုန်သော၊ အနန္တာ - သချာရေ တွက်၍ မရနိုင်သော၊ နိဗ္ဗုတာ - နိဗ္ဗာန်စံပြီးကုန်သော။ ဇိနာစ - ဘုရားအပေါင်းတို့ကိုလည်းကောင်း၊ အဟံ၊ အကျွန်ုပ်သည်၊ သိရသာ - ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ - ရှိခိုးပါ၏။

တေသံ - ထိုဂင်္ဂါဝါဠု သဲစုမကပွင့်ကုန်သော ဘုရားရှင်တို့နှင့် ဝါကွ ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏၊ ဓမ္မဥ္စ - တရားတော်ကိုလည်းကောင်း၊ သံဃဥ္စ - သံဃာတော်မြတ်ကိုလည်းကောင်း၊ အာဒရေန - ရိုသေစွာ၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒာမိ - ရှိခိုးပါ၏။

နမက္ကာရနဘာဝေန - ဤသို့ ရှိခိုးပူဇော်ရသော ကုသိုလ်ကံ စေတနာကြောင့်၊ သဗ္ဗေ - ခပ်သိမ်းကုန်သော၊ ဥပဒ္ဒဝေ - ဘေးရန် ဥပဒ်တို့ကို၊ ဟိတွာ - ပယ်ဖျောက်၍ အနေကာ အန္တရာပိ တစ်ပါးမက များစွာသော အန္တရာယ်တို့သည်လည်း၊ အသေသတော - အကြွင်းမရှိသောအားဖြင့် ဝိနဿန္တု - ပျောက်ပျက်စေကုန်သတည်း။

## သမ္ဗုဒ္ဓေအကျိုးပြလင်္ကာ

မြတ်သမ္ဗုဒ္ဓေ၊ ဆူဝေကြော်ကြား၊ နိဒါန်းအားဖြင့် ကွမ်းစားသတ္တ၊ ခေါင်းလျော်ဒသ၊ ဘတ္တတြိန်း၊ ဆီလိမ်းပဉ္စ၊ စီးကလေ့မှာ၊ ရှစ်ကြိမ်သာတည်း၊ နှံသာပန်းမျိုး ကိုးကြိမ်နှီးလော့၊ ချုပ်မိုးညဉ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏၊ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ရောက်သောအခါ၊ ရွတ်ပါကိုးကြိမ်၊ စံအိမ်သန္ဓေ၊ မဖွားနေမူ၊ ရေမှာကိုးခေါက် မန်း၍သောက်က၊ ဖွားမြောက်ခဏ၊ ချမ်းသာရ၏၊ ခေတ္တနောင်သွင်း၊ သံခြေကျင်းနှင့် အပြင်းတိုက်လှောင်း၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏၊ ရွတ်လေနှစ်ခေါက် ခရီးရောက်ရာ ခေါင်းမှာပန်းစိုက်၊ ရန်ဘေး၌လည်း မြူဆိုက်မလိမ်း၊ ကင်းလွတ်ငြိမ်း၏၊ ခပ်သိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၍၊ မင်း မင်းတစ်ရာ ကြည်သာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညှိုးပန်းသွင် နေ့တိုင်းပင်တည့်၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရာ၍ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့ ကောင်းခြင်းထွေထွေ ကောင်းကျိုးဝေသည် သမ္ဗုဒ္ဓေ၏ တန်ခိုးတည်း။

## (ဂ) သတ်တော်ခြွေဂါထာ

အဒ္ဓါန မေတံ ဘိက္ခဝေ အနုဝတ္တကော သော၊
ယံ ပစ္စုပ္ပန္နမေဝ တထာဂတံ ဝိဝိဏော ဓမ္မံဒေသေယျ၊
အနုပဏ္ဏမေဝ ဘိက္ခဝေ တထာဂတော ပရိနိဗ္ဗာယန္တိ၊
ဇဝေန သတ္တဝဋ္ဋေန၊ သောပ္ပဿ ဖမ ဖပါတု သဗ္ဗဒါ။

## (စ) ဥပစ္ဆေဒသေနှင့် ရှူးရှုဗုဒ္ဓလွတ် ဝါထာ

နာညတြ တေဖ္လုတပသာ၊ နာညတြိန္ဒြိယ သံဝရာ၊
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

## (ဆ) တိုယ်ပျောက်ဝါထာ

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ၊
ဘဝံ နာဘိဝဒိံ ကိဥ္စိ၊ နန္ဒိဥ္စ န ဥပါဒိယိံ။

## (ဇ) ရတနာပြည့်စုံ ဖြတ်ယာရုဏ်ဝံ့ဝါထာ

သိဒ္ဓိဘဂဝါ အရဟံ ဗုဒ္ဓေါမေ သတ္တပါကာရံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
သိဒ္ဓိဘဂဝါ အရဟံ ဓမ္မောမေ သတ္တပါကာရံ ဓမ္မံသရဏံ ဂစ္ဆာမိ
သိဒ္ဓိဘဂဝါ အရဟံ သံဃောမေ သတ္တပါကာရံ သံဃံသရဏံ ဂစ္ဆာမိ

## (ဈ) သမ္ဗုသိဒ္ဓိဂုဏ်တော်ထွန်းချာဝါထာ

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ
သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ
ဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။
နတ္ထိမေ သရဏံ အညံ ဗုဒ္ဓေါမေ သရဏံ ဝရံ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေသုခဝဍ္ဎနံ

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ
သွာက္ခာတော၊ ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိ
ကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိ
တဗ္ဗော ဝိညူဟီတိ။

နတ္ထိမေ သရဏံ အညံ ဓမ္မောမေ သရဏံ ဝရံ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎနံ
၃။ သံဃံ သရဏံ ဂစ္ဆာမိ
သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသဘဂဝတော သာဝကသံဃော
အာဟုနေယျော ပါဟုနေယျော ဒက္ခိနေယျော
အဉ္ဇလိကရဏီယော
အနုတ္တရံပုညက္ခေတ္တံ လောကဿာတိ၊
နတ္ထိမေ သရဏံ အညံ သံဃောမေ သရဏံ ဝရံ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎနံ
သမာဓိယံ ပဋ္ဌသီလ အဋ္ဌင်္ဂမိ သုဒေသိတံ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎန
၄။ န ဇိဝိတဉ္စရာယောပိ ကာတုံ ဗုဒ္ဓဿ ကေနစိ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေဇယမင်္ဂလ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎန

၅။ န ဉာဏက္ခရာယောပိ ကာတုံ ဗုဒ္ဓဿ ကေနစိ
ဧတေန သစ္စဝဇ္ဇေန ဟောတု မေဇယမင်္ဂလ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎန
၆။ နရဿ အန္တရာယောပိ ကာတုံ ဗုဒ္ဓဿ ကေနစိ
ဧတေန သစ္စဝဇ္ဇေန ဟောတု မေဇယမင်္ဂလ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎန
၇။ ဗုဒ္ဓေါ အာဘဿကာယောပိ န ဟိ လောဟိဒသ္သုဒနံ
ဧတေန သစ္စဝဇ္ဇေန ဟောတု မေဇယမင်္ဂလ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎန
၈။ သဒ္ဓါ မေ ဗုဒ္ဓ သေဋ္ဌမှိ သံသယော နတ္ထိ သဗ္ဗဒါ
ဧတေန သစ္စဝဇ္ဇေန ဟောတု မေဇယမင်္ဂလ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎန
၉။ သဒ္ဓါ မေ ဓမ္မ သေဋ္ဌမှိ သံသယော နတ္ထိသဗ္ဗဒါ
ဧတေန သစ္စဝဇ္ဇေန ဟောတု မေဇယမင်္ဂလ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎန
၁၀။ သဒ္ဓါ မေ သံဃ သေဋ္ဌမှိ သံသယော နတ္ထိသဗ္ဗဒါ
ဧတေန သစ္စဝဇ္ဇေန ဟောတု မေဇယမင်္ဂလ
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎန
၁၁။ သဒ္ဓါ မေ သရဏံ အညံ ဗုဒ္ဓေါ မေ သရဏံ ဝရံ
ဧတံ သရဏံ ဥပေမိ မယိကာဗိ နဝိဇ္ဇတိ
ဧတေန သစ္စဝဇ္ဇေန ပတာသန္တု မေ သတ္တုရာတနာ

၁၂။ နတ္ထိ မေ သရဏံ အညံ ဓမ္မော မေ သရဏံ ဝရံ
ဧတံ သရဏံ ဥပေမိ မယိကာဠိ နဝိဇ္ဇတိ
ဧတေန သစ္စဝဇ္ဇေန ပတာသန္တု မေ သတ္တုရတနာ
၁၃။ နတ္ထိ မေ သရဏံ အညံ သံဃော မေ သရဏံ ဝရံ
ဧတံ သရဏံ ဥပေမိ မယိကာဠိ နဝိဇ္ဇတိ
ဧတေန သစ္စဝဇ္ဇေန ပဝဿန္တု မေ သတ္တုရတနာ
၁၄။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗ ဗုဒ္ဓါ နုဘာဝေန သဒါသုခီ ဘဝန္တုမေ
၁၅။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗ ဓမ္မာ နုဘာဝေန သဒါသုခီ ဘဝန္တုမေ
၁၆။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗ သံဃာ နုဘာဝေန သဒါသုခီ ဘဝန္တုမေ

# အခန်း (၆)

# ယဉ်ကျေးလိမ္မာဆုံးမစာ

## အနန္တောအနန္တ ငါးပါး

၁။ ရတနာသုံးပါး ဦးထိပ်ထား ညွှတ်တွားပါကွဲ့မမေ့နဲ့
၂။ ဘုရားပုထိုး၊ ဦးညွှတ်ကျိုး ရှိခိုးအိပ်ကွယ်မမေ့နဲ့
၃။ မိခင် ဖခင် ဆရာရှင်၊ နေ့စဉ်မမေ့နဲ့ ရှိခိုးကွယ်
၄။ ဆရာမိဘ၊ ဆိုဆုံးမ လိုက်နာကြကွယ် မမေ့နဲ့
၅။ အိပ်ရာဝင် သတိမချွတ်၊ ဗုဒ္ဓ - ဓမ္မ - သံဃရွတ်
၆။ အိပ်ရာထ သတိမလွှတ်၊ ဗုဒ္ဓ - ဓမ္မ - သံဃရွတ်

## ပညာရေး

၁။ ကျောင်းတက်နေ့ရက် - ချိန်မပျက်၊ ဆက်ဆက်ကြိုးပွားရာ
၂။ ပညာသင်တုန်း ချိန်မဖြုန်း - သက်လုံးဂုဏ်ဝေဖြာ
၃။ နေရာတိုင်းမှာ အချိန်သာ - လွန်စွာရေးကြီးပါ

၄။ ပညာရှိမှ-ဥစ္စာရ မှတ်ကြမျှားသူငါ
၅။ လုံ့လရေ့သွား-ဉာဏ်ဝင်စား မမှားမူကြောင်းရာ
၆။ ပြုဖွယ်ကိစ္စအဝဝ၊ လုံ့လစိုက်ထုတ်ပါ
၇။ ပျော်ပါးမဖက်-စာကိုကျက်၊ ကိုယ့်တွက်မျိုးများရာ
၈။ ငယ်ရွယ်စဉ်က-လိမ္မာမှ၊ ကြီးကကျိုးရှိမှာ
၉။ ငယ်စဉ်အခါ ပညာရှာ၊ ကြီးကာကောင်းစားမှာ
၁၀။ ပညာရှိလျှင်-ဥစ္စာရှင်၊ အဧည့်ဖြစ်မည်သာ
၁၁။ ဥစ္စာရှိမှ အလိုကျ မချပြည့်စုံမှာ
၁၂။ ပညာရင်းခံလုံ့လဖန်၊ အမှန်ကြီးပွားမှာ
၁၃။ ကုသိုလ်စီမံ-ထိုလျှကြံ-အမှန်ကြီးပွားမှာ
၁၄။ ထကြွလုံ့လ-လုပ်သူမှ၊ ကံကကူညီမှာ
၁၅။ အချိန်ကိုဖြုန်း-အပိုသုံး၊ လုံးလုံးရှောင်ရမှာ
၁၆။ အလုပ်ဟူသမျှ လုပ်ခါစ၊ ဒုက္ခတွေ့မည်သာ
၁၇။ တစ်စတစ်စ လုပ်ရင်းက၊ သုခရမည်သာ
၁၈။ သုံးစွဲတိုင်းသာ အရာရာ၊ ချွေတာရမည်သာ
၁၉။ မသုံးတန်ဘဲ သေးအဖွဲ့၊ ရှေးပဲရှောင်ရမှာ
၂၀။ တကယ်သုံးလို ငွေကြေးကို-တွက်လိုသုံးရမှာ
၂၁။ စီးပွားလည်းရှာ ကိုသိုလ်မှာ-မကွာပြုရမှာ
၂၂။ ဂုဏ်သရေကျိုး-နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။

## အစားအသောက်

၁။ မိဘ ဘဦး ဆရာဦးကို ခူး၍အလျှင်မစားနှင့်
၂။ မိဘဆရာ ထားသည့်ဟာကို မျက်နှာကွယ်လျှင် မယူငင်နှင့်
၃။ လိုချင်သောအစား၊ စားချင်ပြား ဝတ်တွားခယတောင်းကြပါ

၄။ ထမင်းစားရာ အစားအစာ များစွာ စကားမပြောနဲ့
၅။ မြိမ်သက်စွာစား၊ သပ်ရပ်ထား၊ ဖိတ်ကားမလွင့်နဲ့ သတိနဲ့
၆။ လက်ကိုလျက်ကာ မစားရာ၊ ရှောင်ရှားပါကွယ်သတိနဲ့
၇။ နှုတ်ခမ်းပါးနား ပေတေပြား၊ မစားရကွယ် သတိနဲ့
၈။ လျှာကိုထုတ်ကာ မစားရာ မှတ်ပါလေကွယ် သတိနဲ့
၉။ ဟင်းရေသောက်ပြန် ရှူးရှူးသံ မမြည်သံမပြုနဲ့ သတိနဲ့
၁၀။ ထမင်းဟင်းပေလျက် သောက်ရေခွက် လက်နဲ့မကိုင်နဲ့ သတိကွယ့်
၁၁။ စားပြီးသောကာ စင်ကြယ်စွာ ဆေးကာထားကွယ် မမေ့နဲ့
၁၂။ သောက်ရေသုံးရေမရှိချေ ခပ်ပါလေကွယ့်မပျင်းနဲ့။

## နေထိုင်ရေး

၁။ ကိုယ်ထက်ကြီးသူ ပြောဆိုမူ၊ နင်ငါဟူ၍ မပြောနဲ့
၂။ ခင်းဗျား၊ ကျွန်တော်၊ ရှင်ကျွန်မနဲ့၊ ပါဟုတ်ကဲ့လို့ ထည့်ပြောကွယ်။
၃။ သူများကိုသာ၊ ရန်မရှာ၊ မခံချင်တာ မပြောနဲ့
၄။ ယဉ်ကျေးအောင်သွား၊ ဣန္ဒြေထား ရှောင်ရှားပါကွယ် ကိုယ်လှုပ်နဲ့
၅။ အိမ်ကျောင်းအပေါ်၊ သွားပါးသော်၊ ခြေသော်နင်းကွယ့်၊ မကြမ်းနဲ့
၆။ လူကြီးရှေ့မှာ သွားသောကာ၊ ကုန်းကာင့်ငဲ့သွားပါကွယ့်
၇။ ရဟန်းသံဃာ ရှေ့မှောက်မှာ၊ ရိုသေငုံ့လျက်သွားပါကွယ့်
၈။ ဒူးထောင် ပေါင်ကား၊ မိဘနား၊ မှောက်ကား လဲလျက်မနေနဲ့
၉။ အိပ်ရာနေရာ သိမ်းဆည်းကာ ထားကြပါကွယ့် စီရီနဲ့

၁၀။ တစ်ယောက်စကား၊ တစ်ယောက်နား၊ မခါးအောင်ကွယ်
ပြောပါရဲ့
၁၁။ နိုက်ရန်ဒေါသ၊ မာန်မာန၊ ဒေါသအမျက်၊ ချုပ်ကြကွယ့်
၁၂။ ဘိန်းဖော်အရက်၊ စီးပွားပျက်၊ ရှောင်ကြလေကွယ့်သတိနဲ့
၁၃။ သူ့ကိုလှည့်စား၊ မစော်ကားနဲ့၊ ပြောသည့်စကား မှန်လှစေ
၁၄။ လူရှုပ်လူပွေ၊ လူယုတ်တွေ၊ ရှောင်လေ ရှားကွယ့်သတိနဲ့
၁၅။ ကုန်းချောကြမ်းကြုတ်၊ အကျင့်ယုတ် မဟုတ်စကားမပြောနဲ့
၁၆။ သူကပြုဖူး သူ့ကျေးဇူး အထူးဆပ်ကွယ့် မမေ့နဲ့။

# အခန်း (၇)

# မေတ္တာပို့ရာအဖြာဖြာ

## တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး၏

## မေတ္တသုတ်လာ မေတ္တာပွားနည်း (၁၁)နည်း

### (က) သဗ္ဗေသတ္တာသုခိနောဟောန္တု

၁။ လုံးစုံများစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

### (ခ) တသနှင့်ထာဝရဝိဘာဂမေတ္တာ

၂။ ကြောက်တတ်. မကြောက်တတ်၊ နှစ်ရပ်များစွာသတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

## (ဂ) ဝိဒ္ဓ–အဝိဒ္ဓ – ဒုဋ္ဌဒမဏ္ဍာ

၃။ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## (ဃ) ဠုရုနှင့်အဝိဒုရ – ဠုဋ္ဌဓမဏ္ဍာ

၄။ ဝေးနေ နီးနေနှစ်လျှေများစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## (င) ဘူတနှင့်သမ္ဘဝေသီ – ဒုဃာမဏ္ဍာ

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## (စ) ဝီဃ ရဃ ဓဇ္ဈိမ – တိဏ္ဍမဏ္ဍာ

၆။ ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## (ဆ) ဓ [illegible] ဘာဏုဏဓဇ္ဈိမ – တိဏ္ဍမဏ္ဍာ

၇။ ကြီး ငယ် အလတ်၊ သုံးရပ်ခန္ဓာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## (ဈ) ထူထ၊ အဏူထ၊ ဓဗ္ဗိမထ - တိထမေတ္တာ

၈။ ဆူးကြံ့အလတ်၊ သုံးရပ်ခန္ဓာသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## (ဈ) နဝရောဝရုံနိုထုဇွေထ

၈။ လူ့အချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

## (ည) နာတိမညေထညတ္တစိနထိဋ္ဌိ

၉။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

## (ဋ) ဗျရောထနာဝင္ဃိယထညာ၊ နညဿညေသ ဒုက္ခမိစ္ဆေယျ

၁၀။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

## ရိုးရိုးမေတ္တာပို့နည်း

၁။ ကျွန်ုပ်တို့ကိုယ်မှာ၊ ဘေးကင်းကွာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၂။ မိဘနှစ်ဖြာ၊ မြတ်ဆရာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၃။ တို့အိမ်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၄။ တို့အိမ်တွင်းမှာ၊ နတ်များစွာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၅။ တို့အိမ်တွင်းမှာ၊ ဆွေများစွာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၆။ တို့ရွာ/မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၇။ တို့ပြည်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၈။ နိုင်ငံတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၉။ ဆင်းရဲနေရှာ၊ များသတ္တာ၊ မြန်စွာဒုက္ခ လွတ်ပါစေ။
၁၀။ ကြွယ်ဝဥစ္စာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

## ဘာဝနာ ဥဒ္ဒေသ ဝိနည်း

၁။ ကျွန်ုပ်သည် - ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊
နှလုံးစိမ်ဝမ်း အေးချမ်းကြပါစေ၊

၂။ မိဘဆရာ၊ ဆွေတကာ - ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊
နှလုံးစိမ်ဝမ်း အေးချမ်းကြပါစေ၊

၃။ ကိုယ်စောင့်နတ် - အိမ်စောင့်နတ် ခြံစောင့်နတ်၊ ဝန်းစောင့်နတ်၊ အာကာသစိုးနတ်၊ ဘုမ္မစိုးနတ်တို့သည် - ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊
နှလုံးစိမ်ဝမ်း အေးချမ်းကြပါစေ၊

အလုံးစုံသော သက်ရှိသတ္တဝါတို့သည်
အလုံးစုံသော ထွက်သက် ဝင်သက်ရှိသော သတ္တဝါတို့သည်
အလုံးစုံသော ကိုယ်ထင်ရှားရှိသော သတ္တဝါတို့သည်
အလုံးစုံသော ပုဂ္ဂိုလ်တို့သည်
အလုံးစုံသော အတ္တဘော၌ အကျုံးဝင်သော သတ္တဝါတို့သည်
အလုံးစုံသော မိန်းမတို့သည်
အလုံးစုံသော ယောကျ်ားတို့သည်
အလုံးစုံသော အရိယာမဟုတ်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်

အလုံးစုံသော နတ်တို့သည်

အလုံးစုံသော လူတို့သည်

အလုံးစုံသော အသူရာနှင့် ဗြဟ္မာသတ္တဝါတို့သည်

- ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊
  ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊
  ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊
  နလုံးစိတ်ဝမ်း အေးချမ်းပါစေ၊

ဤလမ်း ဤရပ်ကွက်အတွင်းရှိ ပုဂ္ဂိုလ်များသည်

ဤလမ်း ဤရပ်ကွက်အုပ်ချုပ်နေသော ပုဂ္ဂိုလ်များသည်

ဤတိုင်း ဤပြည်ရှိကြကုန်သော ပုဂ္ဂိုလ်များသည်

ဤတိုင်း ဤပြည်ကို အုပ်ချုပ်နေကြသော ပုဂ္ဂိုလ်များသည်

- ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊
  ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊
  ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊
  နလုံးစိတ်ဝမ်း အေးချမ်းပါစေ၊

## ၅၂၈ မေတ္တာ

ပုဂ္ဂိုလ် (၁၂)ယောက်တည်၊ ဟောန္တု (၄)ပါးနှင့်မြှောက်၊ မူလမေတ္တာ (၄၀)ဖြစ်သည်။ မေတ္တာ (၄၀)ကိုတည်၊ အရပ် (၁၀)မျက်နှာနှင့်မြှောက်၊ မေတ္တာ (၄၈၀)ဖြစ်သည်။ မေတ္တာ (၄၈၀)ကို အရပ်မပါသော မေတ္တာ (၄၈)နှင့်ပေါင်း၊ မေတ္တာ (၅၂၈) ဖြစ်သည်။

## ပုဂ္ဂိုလ်(၁၂)ဦး

အနောဓိသမေတ္တာ - မရည်ရွယ် မပိုင်းခြားဘဲပို့သော မေတ္တာ
ယင်းပုဂ္ဂိုလ် (၅)ဦးရှိသည်။

၁။ သဗ္ဗေသတ္တာ - သတ္တဝါအားလုံး
၂။ သဗ္ဗေပါဏာ - ထွက်သက် ဝင်သက်ရှိ သတ္တဝါ အားလုံး
၃။ သဗ္ဗေဘူတာ - ကိုယ်ထင်ရှားရှိသော သတ္တဝါ အားလုံး
၄။ သဗ္ဗေပုဂ္ဂလာ - ပုဂ္ဂိုလ်အားလုံး
၅။ သဗ္ဗေအတ္တ ဘာဝပရိယာပန္နာ - အတ္တဘော၌ အကျုံးဝင်သော သတ္တဝါအားလုံး

ဩဓိသမေတ္တာ - ရည်ရွယ်ပိုင်းခြား အမည်နာမတပ်ပို့သောမေတ္တာ
ယင်းပုဂ္ဂိုလ်(၇)ဦးရှိသည်။

၁။ သဗ္ဗာဣတ္ထိယော - မိန်းမအားလုံး
၂။ သဗ္ဗေပုရိသာ - ယောက်ျားအားလုံး

၃။ သဗ္ဗေအရိယာ - အရိယာပုဂ္ဂိုလ်အားလုံး
၄။ သဗ္ဗေအနရိယာ - ပုထုဇဉ်အားလုံး
၅။ သဗ္ဗေဒေဝါ - နတ်အားလုံး
၆။ သဗ္ဗေမနုဿာ - လူသားအားလုံး
၇။ သဗ္ဗေဝိနိပါတိကာ - အသူရာနှင့်ပြိတ္တာအားလုံး

## ဟောန္တုမေတ္တာ(၄)ပါး

၁။ အဝေရာဟောန္တု - ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
၂။ အဗျာပဇ္ဇာဟောန္တု - ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
၃။ အနီဃာဟောန္တု - ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
၄။ သုခီအတ္တာနံ - ချမ်းသာကိုယ်စိတ်မြဲပါစေ။

## မေတ္တာအကျိုး(၁၁)ပါး

၁။ အိပ်သော်ချမ်းသာ ၂။ နိုးကာသုခ
၃။ မြတ်လှအိမ်မက် ၄။ နှစ်သက်လူပတို့
၅။ နတ်တို့ချစ်ခင် ၆။ နတ်ပင်စောင့်ရှောက်
၇။ မီးရေမဖျက် ၈။ ငြိမ်သက်တည်ကြည်
၉။ ရှင်ကြည်မျက်နှာ ၁၀။ သေကာမမှိုင်
၁၁။ ပြဟ္မာတိုင်သား ဆယ့်တစ်ပါးကို၊ ကျမ်းဂန်ဆိုသည့် မိုလ်လူအများ မေတ္တာပွား။

## အမျှဝေစာတမ်း

ညီလို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ် တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့ အား၊ ရွှေကြွားပါစေ၊ အမျှဝေ၏။

မခွဲနိုင်မှု၊ ညီကာသေတို့၊ စောင့်ထမ်းပေးသော်၊ ကိုယ်ကောင့် နှစ်လည်း၊ မလပ်စေရ၊ ပေးဝေ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ကိုးကွယ်ရာစ၊ သမဂ္ဂရာ၊ ဒေဝါယကာ၊ ဉာဏ္ဍသုမ္မာ၊ အကာသနတ်၊ အသုံးမှတ်မှု၊ အမြဲတိမ့်ညာ၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သဗ္ဗဝါဟု၊ နာနာဝေလာလာ၊ အနန္တဘွင်၊ မပြုပ်စည်ကာ၊ သတ္တဝါသာ၊ ဘုံကိုးဝန်၊ ဝိညာဏ်ဖို့တို၊ တည်ရှိ နှစ်ပါး၊ များဘာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျ အား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ယိုကုသလ၊ ညီပုညကို၊ အချုပ်ကြသည့် ဖြစ်စေသော......

သေသုဒ္ဓ ညီမြေပံသု၊ သီဟထုလည်း၊ သက်သေသအမှု တည်စေသော......

အားလုံး ကြားကြားသမျှ- အမျှ အမျှ အမျှ- ယူတော် မူကြပါကုန်လော့......။

သာဓု......သာဓု......သာဓု။

ခွေသဟာ စာပေ မှ ထုတ်ဝေဖြန့်ချီပြီးစာအုပ်များ
မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ - အေ)၏

၁။ ဆရာမြတ်ဂုဏ်ရည်
၂။ တစ်မနက်ဥပုသ်သီတင်းစောင့်သူ၏ကောင်းကိုးချမ်းသာများ
၃။ အေးစေ၊ မြဲစေ၊ မေတ္တာစေ
၄။ နိဗ္ဗာန်ဟူသည်
၅။ ငရဲဟူသည်
၆။ တတိယအရွယ် ဘာဝနာသည် (စက္ကူအချော)
၇။ ပရိတ်တန်ခိုး ပရိတ်အကျိုး
၈။ သံယောဇဉ်တစ်မျှင်ကြိုးကြောင့်သနားစရာပြိတ္တာများ
၉။ လှူဝင်စား
၁၀။ လင်ကောင်းတစ်ယောက်ကျောက်ကောင်းတစ်စေ့
၁၁။ လမ်းခွဲခဲ့သော်လည်း ဝမ်းမနည်းကြရသူများ
၁၂။ သေနည်းတတ်၍ ဘဝကူးမြတ်ကြစေ (အိတ်ဆောင်)
၁၃။ ဟာမလွန်ဘဝရောက်သူများအတွက်ဝမ်းမနည်းဖို့ ဖြေသိမ့်မှုများ (အိတ်ဆောင်)
၁၄။ သစ္စာ၊မေတ္တာ၊ပဋိတ်ဂါထာအကျိုးလက်တွေ့ခံစားရသူများ
၁၅။ မြင့်မြတ်သောအာဇာနည်တို့၏နှလုံးသား
၁၆။ ရကြုပါစေအမျှဝေ၏
၁၇။ နတ်ပြည်ရောက်လူသားတို့၏ဘဝအတွေ့အကြုံများ
၁၈။ ရဟန်းမြတ်ဂုဏ်ရည်
၁၉။ ဗုဒ္ဓယဉ်ကျေးမှုလာမြန်မာ့ဝေလေ့သာရေး - နာရေးထုံးစံများ

၂၀။ ဗုဒ္ဓဝေါဟာရ၏စွပ်စွဲလာသူများအပေါ်ပြန်ဖြေရှင်းနည်း(၂)
၂၁။ အစိဋ္ဌာန်ပြီးမှဆုကြီးပန်ဆင်လွှာ
၂၂။ အဲ့ဖွယ်ဒါန အဲ့ဖွယ်သုခ
၂၃။ ဗုဒ္ဓခေတ်အံ့ဖွယ်ထူးဆန်းဘဝဇာတ်လမ်းများ
၂၄။ လျှုနည်းတတ်၍မြတ်သောအကျိုးရကြပါစေ(အိတ်ဆောင်)
၂၅။ ဗုဒ္ဓဝေါဟာရ၏စွပ်စွဲလာသူများအပေါ်ပြန်ဖြေရှင်းနည်း(၁)
၂၇။ အကာလမရဏဘေးမှလွတ်မြောက်သူတို့၏ဘဝအတွေ့အကြုံများ
၂၈။ ကမ္ဘာ့လူသားများကိုးကွယ်ရာ ဘာသာကြီးများ၏ဝါဒ
အယူအဆများ(စက္ကူအချော)
၂၉။ ဝိပဿနာဟူသည်(စက္ကူအချော)
၃၀။ အစိမ်းသရဲဖုတ်ပြိတ္တာတစ္ဆေများနှင့်ကမ္မဝါစာအစွမ်း
၃၁။ သေမည့်နေ့သိသူများ၏ဘဝအတွေ့အကြုံများ
၃၂။ လူ့ဘဝအမြင်ရှင်းသူများ၏ဘဝအရသာများ
၃၃။ ပထမအရွယ်ပညာသည်
၃၄။ ဒုတိယအရွယ်အိမ်ထောင်သည်
၃၅။ ဘဝထိုထိုကမ္မကုသိုလ် အကုသိုလ်
၃၆။ ဗုဒ္ဓယဉ်ကျေးမှုလာမြန်မာ့ဓလေ့အထိမ်းအမှတ်ရုပ်တုများ
၃၇။ လူနတ်ပြဟ္မာဟူသည်
၃၈။ သက်ရှည်ကျန်းမာမွေးနေ့မင်္ဂလာ(အိတ်ဆောင်)
၃၉။ သင်္ကြံသုခသို့လှေကားခုနစ်သွယ်
၄၀။ အခြေခံအမျိုးသားဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ

ဆက်လက်ဖြန့်ချိမည့်စာအုပ်

၁။ ရဟန္တာဟူသည်
၂။ ညောင်စေ့လောက်လှူပေမယ့်ညောင်ပင်ကြီးလောက်ကုသိုလ်ရသောအညတရဒအမျိုးသမီးများ၏ကုသိုလ်ဆောင်ရာမြတ်ချမ်းသာ

အမျိုးသားဗုဒ္ဓဘာသာ

# ယဉ်ကျေးလိမ္မာ သင်ခန်းစာ




မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ် သျှင်သီရိ
ဓမ္မာစရိယ ဘီ-အေ